ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်၊ တနင်္လာနေ့၊ (12-10-2015) (၈၃၅၁)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စပိန်နိုင်ငံအမျိုးသားနေ့ သဝဏ်လွှာများပေးပို့

**နေပြည်တော်    အောက်တိုဘာ    ၁၂**

၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင်ကျရောက်သော စပိန်နိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ စပိန်နိုင်ငံဘုရင်ဆဋ္ဌမမြောက် ဖီလစ်ပီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် ကျရောက်သော စပိန်နိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ စပိန်နိုင်ငံအစိုးရအဖွဲ့အကြီးအကဲ မစ္စတာ မာရီရာနို ရာဂျိုင်း ဘရေးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# ကျောက်ဖြူမိုးလေဝသတိုင်းတာရေးရေဒါစခန်း လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကျင်းပ

**ရန်ကုန်    အောက်တိုဘာ    ၁၁**

ကျောက်ဖြူမိုးလေဝသတိုင်းတာရေး ရေဒါစခန်းအား လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် မင်းပြင်ရွာရှိ အဆိုပါနေရာ၌ အောက်တိုဘာ ၉ ရက် နံနက်ပိုင်းတွင် ကျင်းပရာ ကျောက်ဖြူမိုးလေဝသရေဒါကမ္ပည်းစာတန်းအား ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr. Tateshi HIGUCHI တို့က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး မိုးလေဝသရေဒါအဆောက်အအုံနှင့် ရေဒါဆိုင်ရာစက်ပစ္စည်းများ၊ ရေဒါဖြင့် ပုံဖမ်းနေမှုများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် မိုးလေဝသရေဒါအဆောက်အအုံ၏ တတိယထပ်၌ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး ဂျပန်သံရုံးမှ ကောင်စစ်ဝန် Mr. Ichiro MARUYAMA၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲ Mr. Keiichino NAKAZAWA နှင့် ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဟာရင်နိုင်တီယမ်းတို့က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးက ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံ ကျောက်ဖြူမိုးလေဝသရေဒါ အဆောက်အအုံဆိုင်ရာ သော့ကိုပေးအပ်သည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ○**



ကျောက်ဖြူမိုးလေဝသတိုင်းတာရေး ရေဒါစခန်းကို တွေ့ရစဉ်။



ဂေဟာခရီးသွားလုပ်ငန်းတွင် တစ်ခုအပါအဝင်ဖြစ်သည့် ဖိုးကျားဆင်စခန်းမှ တောတွင်းခရီးစဉ်တစ်နေရာ။

# ဂေဟာခရီးသွားလုပ်ငန်းတွင် ဒေသရေရှည်ဖွံ့ဖြိုးရန်နှင့် ဆိုးကျိုးသက်ရောက်မှုမရှိစေရန် ပြုလုပ်သွားရန်လို

**သတင်း » သီဟသူ**
**ဓာတ်ပုံ »ဘအေး**

မြန်မာနိုင်ငံတွင် ဂေဟလေ့လာရေး ခရီးသွားလုပ်ငန်း(Ecotourism) ကို လုပ်ကိုင်နေသူများအနေဖြင့် သွားရောက်လည်ပတ်သည့် ဒေသရေရှည်ဖွံ့ဖြိုးရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိသည့်အပြင် ယင်းဒေသရှိ သဘာဝတရားများကိုလည်း ဆိုးကျိုးသက်ရောက်မှုမဖြစ်စေရန် ပြုလုပ်ကျင့်ကြံရန်လိုအပ်ကြောင်း သဘာဝချစ်သူ ခရီးသွားလုပ်ငန်း၏ ဥက္ကဋ္ဌနှင့် Rural Community & Human Resource Developer ဖြစ်သူ ဦးအောင်ဒင်က Myanmar Toursim Family စကားဝိုင်းတွင် ခရီးသွားလုပ်ငန်းလုပ်ကိုင်နေသူများကို တိုက်တွန်းပြောကြားလိုက်ကြောင်းသိရသည်။

"Ecotourism လို့ပြောရင် ငှက်ကြည့်တာတွေ၊ လင်းပိုင်ကြည့်တာတွေ၊ ဆင်စီးတာတွေ၊ သဘာဝတောတောင်တွေထဲမှာ လမ်းလျှောက်ခရီးသွားတာတွေ၊ တိုင်းရင်းသားလူမျိုးစုတွေကို သွားရောက်လေ့လာတာတွေနဲ့ ပင်လယ်ရေအောက်နဲ့ ကျွန်းတွေပေါ် လေ့လာရေးခရီးသွားတာတွေ ပါဝင်ပါတယ်။ ဒီလိုဧည့်သည်က လေ့လာချင်ရင် ခရီးသွားလုပ်ငန်းကုမ္ပဏီတွေက စီစဉ်ပေးရတယ်။ ဒီနေရာမှာ အဲဒီဒေသတွေ ရေရှည်တည်တံ့ခိုင်မြဲဖို့က စိန်ခေါ်မှုတွေရှိလာတယ်။ အဲဒီဒေသက သဘာဝတရားတွေ၊ ယဉ်ကျေးမှုတွေ၊ ထုံးတမ်းစဉ်လာတွေကို ဧည့်သည်က တန်ဖိုးထားအောင်၊ မဖျက်ဆီးမိအောင် ကုမ္ပဏီတွေက တာဝန်ခံရပါမယ်။ ဒီနေရာမှာ လုပ်သင့်/မလုပ်သင့်ဆိုတဲ့အချက်တွေ တွေ့လာရတယ်" ဟု ဦးအောင်ဒင်က ပြောသည်။

ထိုခရီးသွား လုပ်ငန်းများ (Ecotourism)နှင့် ပတ်သက်၍ နိုင်ငံခြားသား ဧည့်သည်များကို ဝန်ဆောင်မှုပေးရာတွင် လုပ်သင့်/မလုပ်သင့်၊ ဆောင်ရန် ရှောင်ရန်အချက်များနှင့်ပတ်သက်၍ ဦးအောင်ဒင်က "ဒီလုပ်ငန်း ရေရှည်ဖွံ့ဖြိုးဖို့ဆိုရင် Dos and Don'ts ဆိုတာတွေရှိပါတယ်။ ဥပမာ တည်းတဲ့ဟိုတယ်နေရာက ဘယ်လိုစနစ်နဲ့ ဆောက်ထားတဲ့ဟိုတယ်၊ ဘယ်လိုနေရာ စသည်၊ နောက် ဒေသခံတွေနဲ့ ဘာသာစကားရင်းနှီးမှု၊

**စာမျက်နှာ ၈ ကော်လံ ၆ သို့ ✳**

လူ့အရင်းအမြစ်များကို စောင့်ရှောက် စာမျက်နှာ - ၂

ဘေးအန္တရာယ်အသိကြွယ် ဘဝများစွာကာကွယ်မယ် စာမျက်နှာ - ၆

အာစင်ဝင်းဂါးထံမှ ဘောလုံးပညာ သင်ကြားရန်လိုအပ်နေသည့် မော်ရင်ဟို စာမျက်နှာ - ၁၃



**ကြေးမုံစာတည်းရှုထောင့်** **၁၂-၁၀-၂၀၁၅၊ တနင်္လာနေ့**

# လူ့အရင်းအမြစ်များကို စောင့်ရှောက်

လူသားအရင်းအမြစ်ဆိုသည်မှာ မိမိတို့၏အကျိုးစီးပွား၊ မိမိ မိသားစု၏အကျိုးစီးပွား၊ မိမိရပ်ရွာ၊ မိမိနိုင်ငံ၏ အကျိုးစီးပွားများကို ဖော်ဆောင်ပေးနိုင်သူဖြစ်ပါသည်။ ထို့ကြောင့် လူသားအရင်းအမြစ်များ ရှင်သန်ဖွံ့ဖြိုးရေးအတွက် ပြုစုပျိုးထောင်မြေတောင်မြှောက်ပေးခြင်းများဖြင့် ဝိုင်းဝန်းဆောင်ရွက်ပေးနေကြသည်ကို တွေ့ရပါသည်။ လူသားအရင်းအမြစ်များသည် နိုင်ငံအတွက်အားထားရာဖြစ်ပါသည်။

လူသားအရင်းအမြစ်ဆိုသည်မှာ မျိုးဆက်သစ်လူငယ်လူရွယ်များဖြစ်သည်။ မျိုးဆက်သစ်လူငယ်လူရွယ်များဆိုသည်မှာ မြို့ပြနှင့်ကျေးလက်များပါမကျန် နိုင်ငံအနှံ့မှလူငယ်လူရွယ်များအား ဆိုလိုခြင်းဖြစ်ပါသည်။ လူငယ်လူရွယ်များဆိုသည်မှာ ကျောင်းနေလူငယ်လူရွယ်များသာမက ကျောင်းမနေ၊ ကျောင်းလွတ် လူငယ်လူရွယ်များအားလုံးကို ဆိုချင်ပါသည်။

မြန်မာနိုင်ငံတွင် အမျိုးသားဦးရေ ၂၅ သန်းနီးပါးခန့်တွင် လူငယ်လူရွယ်ဦးရေ ၁၆ သန်းခန့်ပါဝင်သည်။ ထိုလူငယ်လူရွယ်များတွင် ကျောင်းနေဆဲရော၊ ကျောင်းမနေတော့သူများလည်းပါဝင်ရာ သူ့အတိုင်းအတာနှင့်သူ၊ သူ့အခြေအနေနှင့်သူ ကျင်လည်လှုပ်ရှားနေကြသည်။ အများစုမှာ ပညာရှာမှီးနေကြသူများဖြစ်ပြီး ကျန်လူငယ်များမှာ အလုပ်လုပ်ကိုင်နေသူများနှင့် အဟောသိကံအချိန်ဖြုန်းနေကြသူများလည်း ပါဝင်သည်။ သို့သော် တစ်နေ့တွင် သူ့အတိုင်းအတာနှင့်သူ သူတတ်နိုင်သလောက် သူ့ဘဝတွင် အလုပ်လုပ်ကြဦးမည်ဖြစ်သည်။

လူငယ်လူရွယ်ဟူသည်မှာ လျင်မြန်ဖျတ်လတ်၊ တက်ကြွတတ်ပြီး စွန့်စားတတ်သူ၊ စူးစမ်းတတ်သူ၊ အကြောက်အရွံ့နည်းသူများ ဖြစ်ကြပါသည်။ ထိုလူငယ်လူရွယ်များအတွက် ပညာရေး၊ အလုပ်အကိုင်နှင့် မိသားစုပတ်ဝန်းကျင်တို့သည် ထိန်းကျောင်းဖွယ်ရာနှင့် အတုမြင်အတတ်သင်ဖွယ်ရာများဖြစ်ပါသည်။ ထို့ကြောင့် လူငယ်လူရွယ်များအတွက် ပတ်ဝန်းကျင်ကောင်းရရှိရေးမှာ အထူးအရေးကြီးပါသည်။

ပြည့်စုံကြွယ်ဝသောပတ်ဝန်းကျင်ဖြစ်စေ၊ မပြည့်စုံမကြွယ်ဝသောပတ်ဝန်းကျင်ဖြစ်စေ လူငယ်လူရွယ်များအတွက် သင့်တင့်လိုက်ဖက်သော ပတ်ဝန်းကျင်ကောင်းရှိဖို့လိုအပ်ပါသည်။ ပတ်ဝန်းကျင်ကောင်းဖြစ်စေ၊ ပတ်ဝန်းကျင်မကောင်းဖြစ်စေ လူငယ်လူရွယ်များအတွက် ကျင်လည်ကျက်စားရာဖြစ်လာသည်။ မပြည့်စုံမကြွယ်ဝသော ပတ်ဝန်းကျင်တွင် တစ်ချိန်သောကာလက သူ့အရပ်နှင့်သူ့ဇာတ် ပျော်ရွှင်ချမ်းမြေ့ဖွယ် နားခိုရာများ၊ အသိုင်းအဝိုင်းများရှိခဲ့သည်။

ယနေ့အချိန်အခါတွင် ထိုအခြေအနေများကွယ်ပျောက်၍ အန္တရာယ်ရှိ ဝန်းကျင်များပါလာသည်။ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများကြည့်လျှင် လူငယ်လူရွယ်များ၏ နေထိုင်မှုပတ်ဝန်းကျင်အတွက် စိုးရိမ်ဖွယ်ရာများ ဖြစ်လာသည်။ အလုပ်အကိုင်မည်မည်ရရမရှိ၊ ပညာသင်ကြားမှုမရှိသည့် လူငယ်လူရွယ်များအတွက် မူးယစ်ဆေးဝါးသုံးစွဲမည်ကို စိုးရိမ်ပူပန်လာရသည်။ ပတ်ဝန်းကျင်တွင် စိမ့်ဝင်ပျံ့နှံ့လာနိုင်သော မူးယစ်ဆေးဝါးပြဿနာကို ဝိုင်းဝန်းစောင့်ကြည့်ကြရမည်။ ဝိုင်းဝန်းတိုက်ဖျက်ကြရမည်။

ထိုထက်ဆိုး၍ ပိုမိုလွယ်ကူသော ပြဿနာမှာ အရက်သေစာအလွယ်တကူ သောက်စားလာခြင်းဖြစ်သည်။ အထူးသဖြင့် အရက်သေစာသည် လူငယ်လူရွယ်များကြားတွင် ပျံ့နှံ့လာသည်ဟု ဆိုနိုင်သည်။ အရက်သေစာသောက်စားမှ ခေတ်မီသည်ဟု မြင်လာသည်။ ထိုသို့ဖြစ်လာအောင်လည်း အရက်သေစာရောင်းဝယ်ဖောက်ကားမှုများက နေရာတိုင်းတွင် ရှိလာသည်။ လူငယ်လူရွယ်များအတွက် လွယ်လင့်တကူဖြစ်လာ၍ တားဆီးရန်ပင် ခက်ခဲသည့်အခြေအနေရှိလာသည်။

ကမ္ဘာပေါ်တွင် နှစ်စဉ်သေဆုံးရသော လူဦးရေ၏ လေးရာခိုင်နှုန်းသည် အရက်သေစာသောက်သုံးသူများဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောသည်။ ခုခံအားကျဆင်းမှု၊ အဆုတ်ရောဂါနှင့် အကြမ်းဖက်မှုများကြောင့် သေဆုံးရသည့်အရေအတွက်ထက် အရက်ကြောင့်သေဆုံးရမှုကပိုများပြီး ရာဇဝတ်မှုများမှာ အရက်သောက်သုံးခြင်းတွန်းအားများကြောင့် ပိုမိုအဖြစ်များသည်ဟု ဆိုထားသည်။

ထို့ကြောင့် မျိုးဆက်သစ်လူ့စွမ်းအားအရင်းအမြစ်များမှာ အရက်သေစာကို အကြောင်းပြုသည့် မကောင်းသော ပတ်ဝန်းကျင်ကြောင့်မပျက်စီးသင့်ဘဲ ပျက်စီးကြရသည်။ မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးနေရပါသဖြင့် တိုင်းပြည်အကျိုးအတွက် အချိန်မီဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည် ဖြစ်သည်။ ။

# ကုန်းဘောင်ခေတ်လက်ရာ ရှေးဟောင်းကျွန်းခုတင်ကြီးအား ပခန်းငယ်ကျေးရွာတွင် ထိန်းသိမ်းစောင့်ရှောက်ထား

**မန္တလေး အောက်တိုဘာ ၁၁**

မကွေးတိုင်းဒေသကြီး ပခန်းငယ်ကျေးရွာအုပ်စု ချစ်သူ့ရွာရှိ ဦးစိုးဝင်းမြင့်၏ နေအိမ်တွင် နှစ်ပေါင်း ၁၈၀ ကျော် သက်တမ်းရှိ ရှေးဟောင်းကျွန်းခုတင်ကြီးနှင့် ကျွန်းသေတ္တာကြီးတစ်လုံးတို့အား ဘိုးဘွားစဉ်ဆက် ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရသည်။

အဆိုပါပစ္စည်းများသည် ၎င်း၏ အဘိုးဖြစ်သူ ဦးပို့ လက်ထက်မတိုင်ခင်ကတည်းက ထိန်းသိမ်းစောင့်ရှောက်လာခဲ့သော ပစ္စည်းများဖြစ်ခြင်းကြောင့် ဘိုးဘွားအမွေအနှစ်အဖြစ် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ရန် အဘိုးက မှာကြားသွားခဲ့သည်ဟု အဖေကပြောခဲ့ဖူးကြောင်း ဦးစိုးဝင်းမြင့်က ပြောသည်။

"ကျွန်တော်တို့ရွာက မင်းတုန်းမင်းငယ်ဘဝ မောင်စံလွင်အမည်နဲ့ နေထိုင်သွားခဲ့တဲ့ ကျေးရွာဖြစ်သလို မင်းအဖြစ် ရောက်ရှိခဲ့တော့လည်း သူ့ရဲ့ငယ်ဆရာ ဦးရန်ဝေးအတွက် ပခန်းငယ်ကျောင်းတော်ကြီး ဆောက်လုပ်လှူဒါန်းခဲ့ရာ ယခုအချိန်ထိ ရှေးလက်ရာ အဆောက်အအုံအဖြစ် အထင်ကရကျန်ရစ်နေဆဲ ဖြစ်ပါတယ်။ ဒါကြောင့် ဒီပစ္စည်းတွေကလည်း ရှေးမင်းဆွေမင်းမျိုးတွေ သုံးစွဲခဲ့ကြတဲ့ ပစ္စည်းတွေဖြစ်နိုင်လို့ မပျောက်ပျက်အောင် ထိန်းသိမ်းသွားရမယ်လို့ အဖေမှာခဲ့တဲ့အတိုင်း အိမ်အပေါ်ထပ်မှာ အသုံးပြုခြင်း မရှိဘဲထိန်းသိမ်းစောင့်ရှောက်ခဲ့တာပါ" ဟု ၎င်းက ပြောပြသည်။

ထို့ပြင်ယင်းကျေးရွာနေ အငြိမ်းစား ကျောင်းအုပ်ဆရာကြီး ဦးကျော်မြင့်ကလည်း "ဒီလိုလက်ရာမျိုးနဲ့ ကျွန်းခုတင်ကြီး ဒီရွာရဲ့ ဒီအိမ်ကြီးမှာ ရှိနေတယ်ဆိုတာ တစ်ရွာတည်းနေတဲ့ ကျွန်တော်တောင် မသိခဲ့ပါဘူး။ ကျွန်တော်လေ့လာမှတ်သားခဲ့ဖူးတာကတော့ ကျွန်တော်တို့ ပခန်းငယ်ကျေးရွာဟာ မင်းသွေးမကင်းတဲ့ရွာအဖြစ် သမိုင်းမှာ ဖတ်ခဲ့ဖူးပါတယ်။ သာယာဝတီမင်းကြီးရဲ့ မိဖုရားကြီးကလည်း ဒီရွာဇာတိဖြစ်ပြီး မင်းတုန်းမင်းငယ်ဘဝကလည်း နေထိုင်သွားခဲ့သလို သူ့ရဲ့ဆရာ ဦးရန်ဝေးကလည်း ဒီရွာသားဖြစ်ပါတယ်။ ဒါကြောင့် ကုန်းဘောင်မင်းဆက်တွေနဲ့ အဆက်အစပ်ရှိတဲ့ရွာအဖြစ် သတ်မှတ်နိုင်ပြီး ဒီပစ္စည်းတွေကလည်း မင်းဆွေမင်းမျိုးတွေ အသုံးပြုခဲ့ကြတဲ့ ပစ္စည်းတွေ ဖြစ်နိုင်တယ်လို့ ယူဆရပါတယ်။ အခုလိုမပျက်စီးအောင် ထိန်းသိမ်းလာခဲ့တဲ့အတွက်လည်း ကျွန်တော်တို့ရွာသား ဦးစိုးဝင်းမြင့်ကို လေးစားမိပါတယ်"ဟု ပြောသည်။

၎င်းခုတင်ကြီးနဲ့ ပတ်သက်၍ မန္တလေးမြို့ရှိ ဗိသုကာပညာရှင် တမ္ပဝတီ ဦးဝင်းမောင်ကလည်း ပန်းဆယ်မျိုးပညာရပ်ထဲက အလွန်ရှားပါးတဲ့ ပန်းပုပညာသန့်သန့်နဲ့ ပြုလုပ်ထားတဲ့အတွက် တန်ဖိုးအလွန်ကြီးပြီး ရှားပါးလှတဲ့ ရှေးဟောင်းပစ္စည်းတစ်ခုဖြစ်ပါတယ်။ ရှေးခေတ်မြန်မာလူမျိုးတွေ အသုံးပြုခဲ့ကြတဲ့ ဒီလိုပစ္စည်းကို လက်ရာမပျက်တွေ့ရတဲ့အတွက် ဂုဏ်ယူစရာအလွန်ကောင်းပါတယ်။ လက်ရာနဲ့သုံးစွဲခဲ့တဲ့ခေတ်အရဆိုရင် ကုန်းဘောင်ခေတ်အလယ်ပိုင်း ၁၁၉၀ ခုနှစ်ဝန်းကျင်လောက်မှာ အသုံးပြုခဲ့ကြတာများပါတယ်။ ရှေးဟောင်းပစ္စည်းတစ်ခုအနေနဲ့ တန်ဖိုးထားထိန်းသိမ်းစေချင်ပါတယ်" ဟု ပြောသည်။

ရှေးဟောင်းကျွန်းခုတင်ကြီးမှာ အလျား ၆ ပေ၊ အနံ ၅ ပေခွဲနှင့် အမြင့် ၂ ပေရှိပြီး ကျွန်းသေတ္တာကြီးမှာလည်းအတွင်းပိုင်း၌ အံဝှက်တစ်ခုဖြင့် ဖွဲ့စည်းထားကာ အောက်ခြေ၌ ဘီးလေးလုံး တပ်ဆင်ထားကြောင်းနှင့် အလွယ်တကူ လာရောက်လေ့လာကြည့်ရှုနိုင်ရန် မန္တလေးမြို့ (၈၆) လမ်း၊ (၃၁×၃၂)လမ်းကြားရှိ ပွဲရုံသို့ ရွှေ့ပြောင်းထားရှိပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

❑❑



# အာဆီယံကင်းထောက်ညီလာခံသို့တက်ရောက်ရန် မြန်မာနိုင်ငံကင်းထောက်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ဖိလစ်ပိုင်သို့ ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၁၁**

၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၀ ရက်မှ ၁၅ ရက်အထိ ဖိလစ်ပိုင်သမ္မတနိုင်ငံတွင် ကျင်းပမည့် ASEAN Scout Association for Regional Cooperation (ASARC) Conference သို့ တက်ရောက်ရန် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ် ဒေါက်တာတင်ညိုနှင့် အဖွဲ့ဝင်သုံးဦးသည် စက်တင်ဘာ ၉ ရက် နံနက် ၁၀ နာရီတွင် မြန်မာနိုင်ငံမှ ဖိလစ်ပိုင်သမ္မတနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာရာ မြန်မာနိုင်ငံ ကင်းထောက်ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအေးကြိုင်နှင့် ကော်မတီဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ် ကိုယ်စားလှယ်များသည် အဆိုပါ အာဆီယံကင်းထောက် ညီလာခံသို့ တက်ရောက်နေစဉ် အာရှ-ပစိဖိတ်ကင်းထောက်အဖွဲ့ချုပ်နှင့် နှစ်ရက်ကြာ သီးခြားဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

အလားတူ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ် ကိုယ်စားလှယ်လေးဦးတို့သည် နိုဝင်ဘာ ၃ ရက်မှ ၈ ရက်အထိ တောင်ကိုရီးယား နိုင်ငံတွင် ကျင်းပမည့် (25th Asia-Pacific Regional Scout Conference) သို့ တက်ရောက်ရန် သွားရောက်မည်ဖြစ်ပြီး မြန်မာနိုင်ငံအား ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံအဖြစ် အသိအမှတ်ပြုရေးအပါအဝင် မြန်မာနိုင်ငံကင်းထောက်အဖွဲ့၏ ရှေ့လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

**ကိုလတ်(သတင်းစဉ်)**

# ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်

**ဟိုပုံး အောက်တိုဘာ ၁၁**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲကြီးတွင် အဓိကအခန်းကဏ္ဍမှ တာဝန်ယူဆောင်ရွက်ကြမည့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ မြို့နယ်အဆင့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်း ဆင့်ပွားသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၄ ရက်က ဟိုပုံးမြို့ အထက(၁) ခန်းမ၌ ကျင်းပသည်။

သင်တန်းတွင် ဟိုပုံးမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုးဝင်းက အဖွင့်အမှာစကားပြောကြားပြီး မဲပေးပုံ ဗီဒီယိုပြသခြင်းများဆောင်ရွက်ကြောင်း သိရသည်။

ယင်းနောက် သင်တန်းနည်းပြ ဆရာ ဆရာမများက ရွေးကောက်ပွဲနှင့် မဲရုံဆိုင်ရာကိစ္စများ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များကို လုပ်ငန်းလမ်းညွှန်ချက်များ၊ ကြိုတင်မဲပေးခြင်း၊ ဆက်သွယ်မှုကွန်ရက်ဆန္ဒမဲများ ထုပ်ပိုးသယ်ယူခြင်း အဆင့်ဆင့်ကို ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

**နန်းဦးခမ်း(ဟိုပုံး)**

# ကျေးလက်ဖွံ့ဖြိုးရေးစီမံချက်ရှင်းလင်း

**ကျိုက်မရော အောက်တိုဘာ ၁၁**

ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် Lift Fund အဖွဲ့တို့ ဦးဆောင်၍ မြို့နယ်အတွင်းရှိ ကျေးရွာငါးရွာမှ ကျေးလက်ပြည်သူများနှင့် ပူးပေါင်းပြီး ရှေ့ပြေးစီမံချက်ဖြင့်ရေးဆွဲခဲ့သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းလုပ်ငန်း သုံးသပ်ဆွေးနွေးပွဲကို အောက်တိုဘာ ၈ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေဟသာ်ခန်းမ၌ ကျင်းပရာ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်စုံဦးနှင့် Lift Fund အဖွဲ့မှ ဒေါ်ခင်စောမူတို့က ဖွံ့ဖြိုးရေးအစီအစဉ်များကို ရှင်းလင်းသုံးသပ်ဆွေးနွေးကာ ကျေးရွာများမှ ကိုယ်စားလှယ်များကလည်း ပြန်လည်တင်ပြဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဝင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးမိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်

အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ မြိုးစန္ဒာမြင့်၊ သီသီမင်း

အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိုင်၊ သောအေးမြင့်၊ ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(မိုးရွာ)
အထူးသတင်းထောက် - ဆုနှင်းလှဲ့၊ သီရိ

# ကလေးမြို့ နေသာဘုန်းတော်ကြီးကျောင်းရှိ နေသာစာကြည့်တိုက်အတွက် ငွေကျပ်သိန်း ၅၀၀ ကျော် လှူဒါန်း

**ကလေး အောက်တိုဘာ ၁၁**

ဇူလိုင်နှင့် ဩဂုတ်လအတွင်း ရေကြီးနစ်မြုပ်ခဲ့သည့် ကလေးမြို့ နေသာ ဘုန်းတော်ကြီးကျောင်း အတွင်းရှိ 'အားလုံးအတွက် နေသာစာကြည့်တိုက်'သို့ အလှူငွေ ပေးအပ်လှူဒါန်းပွဲကို အဆိုပါဘုန်းတော်ကြီးကျောင်း၌ ယနေ့ နံနက် ၉ နာရီတွင် ကျင်းပသည်။



အဆိုပါလှူဒါန်းပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က ပြည်ထောင်စုအစိုးရအဖွဲ့မှ လှူဒါန်းသည့် ငွေကျပ်သိန်း ၂၀၀ နှင့် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဆောင်ရွက်လျက်ရှိသည့် ရုပ်သံလိုင်းများနှင့် FM Radio လိုင်းများ ပူးပေါင်းလှူဒါန်းငွေကျပ်သိန်း ၃၀၀ တို့အား လှူဒါန်းသည်။ ဆက်လက်၍ သရပါစာကြည့်တိုက်မှူး ဦးရဲထက်ဦးက ငွေကျပ်ငါးသိန်းအား လှူဒါန်းရာ စာကြည့်တိုက်အမှုဆောင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ကလေးမြို့ နေသာဘုန်းတော်ကြီးကျောင်းအတွင်းရှိ 'အားလုံးအတွက် နေသာစာကြည့်တိုက်'သည် အုန်းမောင်းစာကြည့်တိုက်အဖြစ် ၁၉၉၇ ခုနှစ်က စတင်ထူထောင်ခဲ့ခြင်းဖြစ်သည်။ နေသာဘုန်းတော်ကြီးကျောင်း ဦးဆောင်ဆရာတော် ဘဒ္ဒန္တဓမ္မိက (ပညာဒါန)က နွေရာသီကျောင်းပိတ်ရက်များတွင် ကျောင်းသားကျောင်းသူများ အင်္ဂလိပ်စာ သင်ကြားပေးခြင်းကိုလည်း ၂၀၀၇-၂၀၀၈ ခုနှစ်မှစ၍ ဆောင်ရွက်ပေးလျက်ရှိရာ စာကြည့်တိုက် အသင်းဝင်ပေါင်း ၂၆၅၃ ဦး၊ စာအုပ် စာစောင်ပေါင်း ၁၄၀၈၇ အုပ်၊ လစဉ် မဂ္ဂဇင်း ခုနစ်မျိုး၊ ဂျာနယ် ၁၅ မျိုး ဝယ်ယူစင်တင်ပေးလျက်ရှိသည်။

ထို့ပြင် အင်္ဂလိပ်ဘာသာ လေ့လာလိုသူများအတွက် စာအုပ် ၅၅၀၀ ထားရှိပြီး Kalay Millennium Center ကိုလည်း ၂၀၁၀ ခုနှစ်က စတင်ဖွင့်လှစ်ပေးထားသည်။

၂၀၁၅ ခုနှစ် ဇူလိုင်နှင့် ဩဂုတ်လများတွင် ဖြစ်ပွားခဲ့သော ရေကြီးနစ်မြုပ်မှုတွင် စာကြည့်တိုက်ပိုင် စာအုပ်စာစောင်များ၊ ကွန်ပျူတာများ ပျက်စီးဆုံးရှုံးခဲ့သဖြင့် နိုင်ငံတော်သမ္မတကြီး၏ ခရီးစဉ်၌ လမ်းညွှန်မှာကြားချက်အရ ပြည်ထောင်စုအစိုးရနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့က ယင်းနေသာစာကြည့်တိုက်အား ပြန်လည်ထူထောင်နိုင်ရေးအတွက် ယခုကဲ့သို့ ပေးအပ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် စပိန်နိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် အောက်တိုဘာ ၁၂**

၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် ကျရောက်သော စပိန်နိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ စပိန်နိုင်ငံ နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာ ဟိုဆေး မန်နူရယ် ဂါစီရာ-မာဂါလို ဝိုင် မာဖေးလ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

# တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၁**

(၁၇)ကြိမ်မြောက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဘော်လီဘောအားကစားရုံ(B)၌ အောက်တိုဘာ ၉ ရက်မွန်းလွဲ ၁ နာရီက ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့မှ အမျိုးသားဘော်လီဘောအသင်းခြောက်သင်း၊ အမျိုးသမီးဘော်လီဘောအသင်း ခြောက်သင်း စုစုပေါင်း ၁၂ သင်းပါဝင်ယှဉ်ပြိုင်ကြကာ ဗိုလ်လုပွဲအခမ်းအနားကို ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး တက်ရောက်အားပေး သည်။

ဗိုလ်လုပွဲစဉ်များအဖြစ် အမျိုးသားအသင်းတွင် အကျဉ်းဦးစီးဌာနအသင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့(က)အသင်းတို့ ယှဉ်ပြိုင်ကြရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့(က)အသင်းက အကျဉ်းဦးစီးဌာနအသင်းကို သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိပြီး အမျိုးသမီးဗိုလ်လုပွဲစဉ်တွင် အကျဉ်းဦးစီးဌာနအသင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့(က)အသင်းတို့ ယှဉ်ပြိုင်ကြရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့(က)အသင်းက အကျဉ်းဦးစီးအသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

အမျိုးသားအသင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်းက ပထမ၊ အကျဉ်းဦးစီးဌာနအသင်းက ဒုတိယ၊ မီးသတ်ဦးစီးဌာနအသင်းက တတိယ အသီးသီးရရှိပြီး အမျိုးသမီးအသင်းတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့(က)အသင်းက ပထမ၊ အကျဉ်းဦးစီးဌာနအသင်းက ဒုတိယ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့(ခ)အသင်းက တတိယ အသီးသီးရရှိခဲ့သည်။ အမျိုးသားအသင်း ပထမဆု၊ ဒိုင်းဆုနှင့် ငွေသားဆု၊ အမျိုးသမီးအသင်း ပထမဆု၊ ဒိုင်းဆုနှင့် ငွေသားဆုတို့ကို ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ပေးအပ်ပြီး ဒုတိယဆု၊ တတိယဆု၊ တစ်ဦးချင်းပင့်ထောင်၊ ရိုက်ခုတ်၊ ပိတ်ဆို့ဆု၊ စပေးဘောဆု၊ ဆယ်မဆုနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားဆုများကိုလည်း ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ညောင်တုန်း၌ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ သင်တန်းဖွင့်

**ညောင်တုန်း အောက်တိုဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ လုပ်ငန်းစဉ် ဆောင်ရွက်ပုံသင်တန်းကို အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းက မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ညောင်တုန်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးဖိုးလစ်သောင်းရွှေက အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးညွန့်ဝင်း (မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး)၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးကျော်ဝင်းထက် (ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး) နှင့် တာဝန်ရှိသူများက မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ လုပ်ငန်းစဉ်ဆောင်ရွက်ပုံ အဆင့်ဆင့်ကို အသေးစိတ်ရှင်းလင်းဆွေးနွေးပို့ချပေးသည်။

အဆိုပါ သင်တန်းကို ညောင်တုန်းမြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက် ၁၀ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၄၄ အုပ်စုမှ သင်တန်းသားသင်တန်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**(သပြေထွန်း)**




## ဂျပန် အဏုမြူဗုံးဒဏ်ခံစားခဲ့ကြရသူများ၏ အဖွဲ့ချုပ် နိုဘယ်လ်ဆုရွေးချယ်မခံရခြင်းအတွက် စိတ်ပျက်

**တိုကျို အောက်တိုဘာ ၁၁**

ကမ္ဘာတစ်လွှား၌ နျူကလီးယား လက်နက်ကင်းရှင်းရေးအတွက် နှစ်ပေါင်းရှည်ကြာစွာ လှုပ်ရှားလာခဲ့ကြသည့် မိမိတို့အဖွဲ့သည် နိုဘယ်လ်ဆုအတွက် ရွေးချယ်ခံရခြင်းမရှိသဖြင့် မိမိတို့ အထူးပင်စိတ်ပျက်ဝမ်းနည်းမှုဖြစ်ကြရသည်ဟု ဂျပန်နိုင်ငံရှိ အဏုမြူဗုံးဒဏ်နှင့် ဟိုက်ဒရိုဂျင်ဗုံးဒဏ်ခံစားခဲ့ကြရသူများ၏အဖွဲ့ချုပ် အကြီးအကဲက ပြောကြားလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၁၁ ရက်တွင် သတင်းထုတ်ပြန်သည်။

အဏုမြူဗုံးများအသုံးပြု၍ အမေရိကန်က တိုက်ခိုက်မှုနှစ်(၇၀) ပြည့်မြောက်သည့်ကာလတွင် ငြိမ်းချမ်းရေးနိုဘယ်လ်ဆု ရနိုင်ဖွယ်ရှိသည်ဟု အဆိုပါအဖွဲ့ချုပ်က မျှော်လင့်ခဲ့သော်လည်း ဆုမရခြင်းအတွက် စိတ်ပျက်မိသည်ဟု အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး တာရူမိ တာနာကာက မြို့တော်တိုကျို၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

နော်ဝေနိုင်ငံရှိ နိုဘယ်လ်ကော်မတီသည် တူနီးရှားနိုင်ငံရှိ ဒီမိုကရေစီအဖွဲ့တစ်ဖွဲ့အား နိုဘယ်လ်ဆုချီးမြှင့်ရန် ရွေးချယ်ကြောင်း ထုတ်ပြန်ကြေညာချက် ပေါ်ထွက်လာခဲ့ပြီးနောက် အဏုမြူဗုံးဒဏ်နှင့် ဟိုက်ဒရိုဂျင် ဗုံးဒဏ်ခံစားခဲ့ကြသူများ၏ အဖွဲ့ချုပ်က အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

အဏုမြူဗုံးဒဏ်ကို ခံစားခဲ့ကြရသူများမှာ ယခုအခါ အိုမင်းမစွမ်းအရွယ်သို့ ရောက်ရှိနေကြပြီဖြစ်သဖြင့် ယခုနှစ်သည် မိမိတို့အတွက် နိုဘယ်လ်ဆုကို မျှော်မှန်းနိုင်သည့် နောက်ဆုံးနှစ်တစ်နှစ်ဟု ဆိုနိုင်ကြောင်း အသက်(၈၃) နှစ်အရွယ်ရှိ တာနာကာက ပြောကြားသည်။

ကမ္ဘာပေါ်တွင် ယနေ့ကာလအထိ နျူကလီးယား လက်နက် ၁၆၀၀၀ ခန့် ရှိနေဆဲဖြစ်ကြောင်း၊ နိုဘယ်လ်ဆု မရသည့်တိုင် နျူကလီးယားလက်နက် တိုက်ဖျက်ရေး လှုပ်ရှားမှုကို မိမိတို့ မနေမနား ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ **ကျိုဒို။**



## နီပေါဝန်ကြီးချုပ်သစ်အဖြစ် ကေပီရှာမားအိုလီအား ရွေးချယ်တင်မြှောက်

**ခတ္တမန္ဒူ အောက်တိုဘာ ၁၁**

နီပေါနိုင်ငံ၏ ဝန်ကြီးချုပ်သစ်အဖြစ် ကေပီရှာမား အိုလီအား ရွေးချယ်တင်မြှောက်လိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၁၁ ရက်တွင် သတင်းထုတ်ပြန်သည်။

အသက်(၆၃)နှစ်အရွယ်ရှိ အိုလီသည် နီပေါကွန်မြူနစ်ပါတီ၏ ဥက္ကဋ္ဌဖြစ်ပြီး ၎င်းကို ဝန်ကြီးချုပ်သစ်အဖြစ် ပါလီမန်က ရွေးချယ်တင်မြှောက်ခဲ့သည်။ အိုလီသည် မဲပေးသူ ၅၉၈ ဦးအနက် ထောက်ခံမဲ ၃၃၈ မဲ ရရှိခဲ့ပြီး ၎င်း၏ပြိုင်ဘက် ဆူရှီးလ်ကွိုင်ရာလာမှာ ထောက်ခံမဲ ၂၄၉ မဲသာ ရရှိခဲ့သည်။

စက်တင်ဘာ ၂၄ ရက်တွင် အတည်ပြုခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ကွိုင်ရာလာမှာ ဝန်ကြီးချုပ်ရာထူးမှ ဆင်းပေးခဲ့သည်။ နီပေါဝန်ကြီးချုပ်သစ်အဖြစ် ကေပီရှာမားအိုလီ ရွေးချယ်တင်မြှောက်ခံရကြောင်း ပါလီမန်ဥက္ကဋ္ဌ ဆုဘက်ချန်ဒရာ နမ်ဘန်းက ထုတ်ပြန်ကြေညာခဲ့သည်။

နီပေါနိုင်ငံ၌ ပြီးခဲ့သည့် ဧပြီလက တွေ့ကြုံခဲ့ကြရသည့် မြေငလျင် ဘေးအန္တရာယ်မှ ပြန်လည်ထူထောင်နိုင်ရေးအတွက် မိမိ၏ အစိုးရအဖွဲ့က ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အိုလီက ကတိပြုပြောကြားသည်။ ယင်းမြေငလျင်ကြောင့် ပြည်သူ ၈၉၀၀ ခန့် သေဆုံးခဲ့ကြရသည်။

**ပီတီအိုင်။**

## အာဖဂန်နစ္စတန်နိုင်ငံ ဆေးရုံတစ်ရုံကို မှားယွင်းပြီး ဗုံးကြဲတိုက်ခိုက်မှုအပေါ် နစ်နာကြေးပေးမည်ဟု အမေရိကန်အစိုးရပြောကြား

**ဝါရှင်တန် အောက်တိုဘာ ၁၁**

အာဖဂန်နစ္စတန်မြောက်ပိုင်း ခွန်ဒုဇ်မြို့ရှိ ဆေးရုံတစ်ရုံကို အမေရိကန်စစ်ဘက်က မှားယွင်းပြီး လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုတွင် သေဆုံးသွားသူများနှင့် ဒဏ်ရာရရှိသူများအား နစ်နာကြေးပေးမည်ဖြစ်ကြောင်း အမေရိကန်အစိုးရက အောက်တိုဘာ ၁၁ ရက်တွင်ပြောကြားခဲ့သည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ပီတာ ကွတ်ခ်က ဗုံးကြဲတိုက်ခိုက်မှုတွင် သေဆုံးသူများနှင့် ဒဏ်ရာရရှိသူများကို နစ်နာကြေးပေးမည်ဟု ပြောကြားခဲ့သည်။

နယ်စည်းမခြားဆရာဝန်များအဖွဲ့က ဦးစီးဆောင်ရွက်သည့် အဆိုပါဆေးရုံကို အောက်တိုဘာ ၃ ရက်တွင် မှားယွင်းပြီး အမေရိကန်စစ်ဘက်မှ လေကြောင်းဗုံးကြဲတိုက်ခိုက်ခြင်းနှင့်ပတ်သက်ပြီး ဝေဖန်မှုအမျိုးမျိုးထွက်ပေါ်လာခဲ့ပြီးနောက် ယင်းသို့ နစ်နာကြေးပေးရန် ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်ဟု ခန့်မှန်းရသည်။

ဗုံးကြဲတိုက်ခိုက်မှုအတွင်း ဒဏ်ရာရရှိသူများအပါအဝင် သေဆုံးသွားသူများ၏ မိဘဆွေမျိုးသားချင်းများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းသည့်အတွက် ယင်းတို့အား နစ်နာကြေးပေးခြင်း ဖြစ်သည်ဟု ထုတ်ပြန်ကြေညာချက်ထဲတွင်ရေးသားထားသည်။ ထို့ပြင် ဗုံးကြဲမှုကြောင့် ဆေးရုံအတွင်း ပျက်စီးသွားသည့်အပျက်အစီးများကို ပြန်လည်ပြုပြင်ပေးမည်ဖြစ်ကြောင်းလည်း ပါရှိသည်။

ဆေးရုံကို မှားယွင်းပြီး ဗုံးကြဲတိုက်ခိုက်ခြင်းနှင့်ပတ်သက်သည့် နောက်ဆက်တွဲပြဿနာများကို ဆုံးခန်းတိုင်ဖြေရှင်းဖို့လိုအပ်ကြောင်း စစ်ဘက်ဆိုင်ရာပြောရေးဆိုခွင့်ရှိသူ ပီတာ ကွတ်ခ်ကဆိုသည်။

အမေရိကန်စစ်ဘက်မှ မှားယွင်းပြီး လေကြောင်းဗုံးကြဲတိုက်ခိုက်ခြင်းနှင့်ပတ်သက်ပြီး နယ်စည်းမခြားဆရာဝန်များအဖွဲ့ကို သမ္မတအိုဘားမားက ၎င်းတို့မှားယွင်းကြောင်း ဖုန်းမှတစ်ဆင့် ဝန်ခံတောင်းပန်ခဲ့သည်။

**အင်န်အိတ်ချ်ကေ။**

## တိကျပဲ့ထိန်းဒုံးကျည်အမျိုးအစားသစ် အီရန် အောင်မြင်စွာစမ်းသပ်ပစ်ခတ်

**တီဟီရန် အောက်တိုဘာ ၁၁**

အီရန်နိုင်ငံသည် တိကျပဲ့ထိန်းဒုံးကျည် အမျိုးအစားသစ်ကို အောင်မြင်စွာ စမ်းသပ်ပစ်ခတ်ခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီး ဟူစိန်ဒါဂန်က အောက်တိုဘာ ၁၁ ရက်တွင် ပြောကြားသည်။

အီရန်နိုင်ငံသည် တိကျပဲ့ထိန်းဒုံးကျည်များကို သုတေသနပြု ထုတ်လုပ်နိုင်ရန် ကြိုးပမ်းနေပြီး ဒုံးကျည်နည်းပညာအရ အဆင့်မြင့်မားလာပုံကို ဖော်ညွှန်းသည့် ဆောင်ရွက်ချက်တစ်ရပ်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီး ဒါဂန်၏ ပြောကြားချက်ကို ကိုးကားလျက် အိုင်အာရ်အင်န်အေ သတင်းဌာနက သတင်းထုတ်ပြန်သည်။

စမ်းသပ်ပစ်ခတ်ခဲ့သည့် ဒုံးကျည်အမျိုးအစားသစ်ကို အီမက်ဟု အမည်ပေးထားသည်။ အဆိုပါ ဒုံးကျည်သည် ကီလိုမီတာ ၁၇၀၀(မိုင် ၁၀၆၀) အကွာအဝေးအထိ ရောက်အောင် ပစ်ခတ်နိုင်စွမ်းရှိကြောင်း၊ ပေါက်ကွဲနိုင်သောပစ္စည်း ကီလိုဂရမ် ၇၅၀ (၁၆၅၃ ပေါင်)ကို သယ်ဆောင်နိုင်စွမ်းရှိကြောင်း မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဌာနမှ သုတေသီတစ်ဦးဖြစ်သူ အန်ထော်နီ ကော်ဒက်မန်းက ဇန်နဝါရီလတွင် ထုတ်ပြန်ခဲ့သော ၎င်း၏ သုတေသနစာတမ်းတွင် ဖော်ပြသည်။

အီရန်နိုင်ငံ၏ ဒုံးကျည်အမျိုးအစားသစ်သည် လောင်စာရည် အသုံးပြုသည့် ရှာဟက်-၃ ဒုံးကျည်၏ မူကွဲတစ်မျိုးဖြစ်ကြောင်း၊ ရှာဟက်ဒုံးကျည်ကို ၂၀၀၃ ခုနှစ်မှစ၍ အီရန်တပ်ဖွဲ့အတွက် ထောက်ပံ့ပေးခဲ့ကြောင်း၊ ယခု ဒုံးကျည်မှာ ယခင်ဒုံးကျည်ထက် ပိုမို၍တိကျမှန်ကန်အောင် ပစ်ခတ်နိုင်စွမ်းရှိရန် နည်းပညာအရ အဆင့်မြှင့်တင်ထားကြောင်း သတင်းတွင် ဖော်ပြသည်။

**ရိုက်တာ။**






## တရုတ်နိုင်ငံ ဟယ်ဖေးမြို့ရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် ဂတ်စ်အိုးပေါက်ကွဲ၊ စားသုံးသူ ၁၇ ဦးသေဆုံး

**ဟယ်ဖေး အောက်တိုဘာ ၁၁**

တရုတ်နိုင်ငံအရှေ့ဘက်ပိုင်း အန်းဟွေးစီရင်စုရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် ဂက်စ်အိုးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားခဲ့ရာ လူ ၁၇ ဦးသေဆုံးခဲ့ကြောင်း ဒေသန္တရအစိုးရကဆိုသည်။

သေဆုံးသွားသည့် ၁၇ ဦးအနက် ၁၄ ဦးမှာ အသက် ၁၅-၂၀ အရွယ်ဝန်းကျင်ရှိ ကျောင်းသားများဖြစ်ကြပြီး ကျန်သုံးဦးမှာ အသက် ၃၃ နှစ်နှင့်အထက်အရွယ်ရှိ အမျိုးသားများဖြစ်ကြသည်။ ၎င်းတို့သေဆုံးရခြင်းမှာ ကာဗွန်မိုနောက်ဆိုက် အဆိပ်ငွေ့များကို ရှူရှိုက်မိသဖြင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

စုံစမ်းစစ်ဆေးချက်အရ စားသောက်ဆိုင်အတွင်းရှိ ဂက်စ်အိုးမီးလောင်ပြီး ခြောက်မိနစ်အကြာတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ နာရီဝက်အတွင်း မီးငြိမ်းသတ်နိုင်ခဲ့ပြီး ကယ်ဆယ်ရေးလုပ်သားများက သေဆုံးသူများကို ဆေးရုံသို့သယ်ဆောင်သွားခဲ့ကြသည်။

(၃၈)နှစ်အရွယ် စားသောက်ဆိုင်ပိုင်ရှင်ကို ဂက်စ်အိုးပေါက်ကွဲမှုနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်လျက်ရှိသည်။ စုံစမ်းစစ်ဆေးတွေ့ရှိချက်အရ စားသောက်ဆိုင်ကို တရားဝင်လိုင်စင်မရရှိသေးဘဲ ဩဂုတ်လ ၁၈ ရက်က စတင်ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။ **ဆင်ဟွာ။**

# ဖိတ်ခေါ်ပါသည် ရွှေကျင်မြို့ရဲ့ သီတင်းကျွတ်မီးမျှောပွဲတော်ဆီ

**ရွှေကျင် အောက်တိုဘာ ၁၁**

တစ်မိုးကုန်၍ တစ်ဆောင်းလည်း သစ်တော့မည်။ ချမ်းဆောင်းမြမြ ပေမန္တရာသီကို ဆီးကြိုလင့်နေသည့်ကတော့ မြန်မာလများတွင် ဝါလကင်းလွတ် သီတင်းကျွတ်အခါသမယပင်ဖြစ်သည်။ ဤအချိန် ဤကာလကိုရောက်လေတိုင်း တစ်နိုင်ငံလုံးအသံမစဲ အဘိဓမ္မာတရားရွတ်ဖတ်ပူဇော်သံများ၊ ပျော်ပွဲရွှင်ပွဲများ၊ မီးထွန်းပွဲများကို ရိုးရာအစဉ်အလာမပျက် ကျင်းပကြသည်။ ထိုသို့ဆင်နွှဲကျင်းပသည့် ပွဲတော်များအနက် ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်တွင် နှစ်စဉ်ကျင်းပလျက်ရှိသည့် မီးမျှောပူဇော်ပွဲသည်လည်း နာမည်ကျော်ကြားလှသည်။

ရွှေကျင်မြို့နယ် သီတင်းကျွတ်မီးမျှောပူဇော်ပွဲကြီးကို သီတင်းကျွတ်လဆန်း ၈ ရက်(အောက်တိုဘာ ၂၁ ရက်)မှ လပြည့်ကျော် ၁ ရက်(အောက်တိုဘာ ၂၉ ရက်)အထိ ကုန်းပွဲ၊ ရေပွဲများဖြင့် ပျော်ပွဲရွှင်ပွဲများ အပါအဝင် ခြိမ့်ခြိမ့်သဲ ဆင်နွှဲကျင်းပရန် တာဝန်ရှိသူများက စီစဉ်လျက်ရှိနေကြပြီဖြစ်သည်။

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် သီတင်းကျွတ် မီးမျှောပွဲတော်ကို ခေတ်အဆက်ဆက် လက်ဆင့်ကမ်း ကျင်းပလာသည်မှာ ယခုနှစ်တွင်(၁၆၄)ကြိမ်မြောက်အဖြစ် ဆောင်ရွက်ကျင်းပသွားမည်ဖြစ်သည်။

ရွှေကျင်သီတင်းကျွတ်မီးမျှောပူဇော်ပွဲကို နှစ်စဉ် သီတင်းကျွတ်လဆန်း ၈ ရက်နေ့ သတ်မှတ်ထားသည့် မင်္ဂလာအချိန်မှ စတင်ကာ သီတင်းကျွတ်လဆန်း ၁၂ ရက်တွင် ရွှေကျင်မြို့ လေးထပ်ကျောင်းဓမ္မာရုံကြီး၌ ရှင်ဥပဂုတ္တမထေရ်မြတ်ကို အမျှူးထားပြီး သံဃာတော်များကို ရွှေကျင်မြို့သူ မြို့သားများက နေ့ဆွမ်းဆက်ကပ်ပူဇော်ပြီး နောက်တစ်နေ့တွင် ရွှေကျင်မြို့တွင်းသို့ ရဟန္တာအရှင်မြတ်ကြီးအား လှည့်လည်အပူဇော်ခံမည်ဖြစ်သည်။ ထိုမှတစ်ဆင့် ရွှေကျင်ချောင်းအတွင်းရှိ ကရဝိက်ဖောင်တော်ပေါ်သို့ အရှင်ဥပဂုတ္တမထေရ်မြတ် ရုပ်ပွားတော်ကို ပင့်ဆောင်၍ သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ပွားပူဇော်မည်ဖြစ်သည်။ ထိုအခမ်းအနားမှစတင်၍ သီတင်းကျွတ်မီးမျှောပူဇော်ပွဲ၏ ကုန်းပွဲတော်စတင်မည်ဖြစ်ပြီး ရွှေကျင်မြို့သည် လူပ်ရှားသက်ဝင်လာကာ ပွဲတော်ကျင်းပရာနေရာတစ်ဝိုက်၌ ဓမ္မတေးသံများ လွှမ်းခြုံလျက်ကျင်းပနေမှုကို တွေ့မြင်ရမည်ဖြစ်သည်။

သီတင်းကျွတ်လပြည့်နေ့ နံနက်ပိုင်းတွင် ရွှေကျင်မြို့အရှေ့ဘက်တောင်စွယ်ပေါ်ရှိ အရှေ့မဟာဗုဒ္ဓဘုရားကြီး၌ နံနက်အရုဏ်တက်ချိန်မှစ၍ ရွှေကျင်မြို့နယ်အတွင်းနှင့် ရပ်ဝေးမှ ဘုရားဖူးပြည်သူများက သဒ္ဓါထက်သန်စွာဖြင့် ဆွမ်းတော်ကြီးတင်လှူပွဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပွဲတော်၏ အထွတ်အထိပ်ဖြစ်သည့် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့ နံနက်ခင်းအလင်းရောင်ရသည်နှင့် ရွှေကျင်ချောင်းအတွင်း၌ တက်ခုတ်ယိမ်း၊ တက်ပျံ့ယိမ်း၊ ယိမ်းအဖွဲ့၊ ကရင်ရိုးရာဒုံးယိမ်း၊ ရှမ်းတိုင်းရင်းသားအကအဖွဲ့များက အလွန်မြူးကြွသည့် အကမျိုးစုံကို လေ့ကျင့်ပြီး စက်တပ်လှေ ဖောင်များဖြင့် ကပြဖျော်ဖြေပြိုင်ပွဲဝင်ကြတော့မည်ဖြစ်သည်။ တာဝန်ရှိသူများက ရိုးရာမပျက် ပြိုင်ပွဲဝင် ယိမ်းအကအဖွဲ့သားများကို အကဲဖြတ်အဖွဲ့များဖြင့် အက၊ အလှ၊ သဘာဝစိစစ်ပြီး ထိုက်ထိုက်တန်တန် ဆုများချီးမြှင့်ပေးမည်ဖြစ်သည်။ နှစ်စဉ်ဆုများကို တာဝန်ရှိသူများနှင့် ပွဲတော်ကျင်းပရေးကော်မတီမှ ချီးမြှင့်ပေးခဲ့သည်။ ဆုများချီးမြှင့်ပေးအပ်ပြီး ယင်းနေ့ ညနေ ၆ နာရီတွင် ရွှေကျင်ချောင်းအတွင်း ဆီမီးရောင်စုံ မီးကြာခွက်များဖြင့် ရှင်ဥပဂုတ္တမထေရ်မြတ်ကို ရည်စူး၍ ရေမျှောပူဇော်မည်ဖြစ်သည်။

မြန်မာ့ရိုးရာ ယဉ်ကျေးမှုပွဲတော်ဖြစ်သည့် မီးမျှောပူဇော်ပွဲနှင့် ယိမ်းအကပွဲများ နှစ်ပေါင်းများစွာ တည်တံ့ခဲ့ရာနေရာ၊ ရွှေရောင်တဝင်းဝင်းဖြင့် တင့်တယ်သပ္ပာယ်စွာ ဖူးတွေ့ရသော သီရိမင်္ဂလာသောကမင်းကြီး တည်ထားကိုးကွယ်တော်မူသည့် စေတီတော်တည်ရှိရာ ရွှေကျင်မြို့၏ သမိုင်းဝင်ရှေးဟောင်း စေတီတော်ကြီးကို ဖူးမြော်ရင်း ခြိမ့်ခြိမ့်သဲသဲဆင်နွှဲကြမည့် ရွှေကျင်ဒေသ သီတင်းကျွတ်မီးမျှောပူဇော်ပွဲတော်သို့ အရောက်လာနိုင်ရန် နတ်လမ်းညွှန် ဖိတ်ခေါ်လိုက်ရပါသည်။ ။



သတင်းမှတ်စု » ပိန်းဇလုပ်သိန်းညွှန့်
ဓာတ်ပုံ » ရာမည

ယမန်နှစ်က သီတင်းကျွတ်မီးမျှောပူဇော်ပွဲကို ရွှေကျင်မြို့ ရွှေကျင်ချောင်းအတွင်း၌ ကျင်းပခဲ့စဉ်။

# မင်္ဂလာတောင်ညွန့် ကန်တော်ကလေးမှ လမ်းသွယ် (၁၀)လမ်းအား တစ်လမ်းမောင်းအဖြစ်သတ်မှတ်

**ရန်ကုန် အောက်တိုဘာ ၁၁**

ရန်ကုန်မြို့တွင်း ယာဉ်ကြောကျပ်တည်းမှုပြေလျော့စေရေးနှင့် ယာဉ်သွားလာမှု လွယ်ကူအဆင်ပြေစေရေးတို့အတွက် ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၊ မြို့နယ်စည်ပင်သာယာ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့တို့၏ ပူးပေါင်းညှိနှိုင်းတင်ပြမှုဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်အရ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး (အရှေ့)ရပ်ကွက်၊ ကန်တော်ကလေး (အနောက်) ရပ်ကွက်အတွင်းရှိ တောင်နှင့်မြောက် လမ်းသွယ်(၁၀)လမ်းကို အောက်တိုဘာ ၁၀ ရက်မှ စတင်ကာ ယာဉ်များ ဝင်/ထွက်သွားလာမှု(တစ်လမ်းမောင်း)အဖြစ် သတ်မှတ်လိုက်ပြီဖြစ်သည်။

အောက်တိုဘာ၁၀ ရက် နံနက် ၉ နာရီမှစတင်ကာ မြို့နယ်စည်ပင်သာယာမှ ပြုလုပ်ပေးထားသော မဝင်ရအမှတ်သင်္ကေတနှင့် ဝင်ရန် အမှတ်အသားရေးဆွဲထားသောလမ်းညွှန်တားမြစ်အမှတ်အသားမြေစိုက်တိုင်များကို သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ဝင်များ၊ လမ်းသာယာရေးကော်မတီများက ဝိုင်းဝန်းပူးပေါင်းစိုက်ထူလိုက်ကြသည်။ **(ယာပုံ)** အဝင်လမ်း၊ မဝင်ရလမ်း သတ်မှတ်ရေးဆွဲထားသည့် မြေပုံကားချပ်များကိုလည်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများတွင်ချိတ်ဆွဲပြသအသိပေးထားသည်။ ကန်တော်ကလေး (အရှေ့) ရပ်ကွက်ရှိ(၉၄)လမ်း၊ (၉၃)လမ်း၊ (၉၂)လမ်း၊ (၉၁)လမ်းနှင့် မန္တလေးလမ်း (မြောင်းကြီးအရှေ့ဖက်)နှင့် ကန်တော်ကလေး(အနောက်) ရပ်ကွက်ရှိ လမ်း (၉၀)၊(၈၉)လမ်း၊(၈၈)လမ်း၊(၈၇) လမ်းနှင့် မန္တလေးလမ်း(မြောင်းကြီး အနောက်ဖက်)စုစုပေါင်း ၁၀လမ်းတို့ ဖြစ်သည်။

ကန်တော်ကလေး(အရှေ့)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်ဇော်က "အခုကလမ်းတိုင်းလိုလို အိမ်တိုင်းစေ့ကားရှိတော့ အဝင်အထွက်မှာကားတွေထိပ်တိုက်တွေ့ကြတယ်။ သူလည်းမဖယ် ကိုယ်လည်းမဖယ်၊ ဟွန်းတွေတပွမ်ပွမ်တီးနေရတယ်။ လမ်းသွယ်ဆိုတော့ လမ်းကလည်းကျဉ်းပါတယ်။ နှစ်ဖက်စလုံးကလည်း ကားရပ်ထား ကြတယ်။အခုလိုတစ်လမ်းမောင်းလုပ်လိုက်တော့ သွားလာမှုလွယ်ကူသွားတာတော့ အမှန်ပါပဲ" ဟု မှတ်ချက်ပြုပြောဆိုသည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**



# အီးယူအဖွဲ့ဝင် ၂၇ နိုင်ငံမှ စောင့်ကြည့်လေ့လာသူများ မြန်မာနိုင်ငံအထွေထွေရွေးကောက်ပွဲကို ကြည့်ရှုလေ့လာကြမည်

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့်အထွေထွေရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာရန် အီးယူက စောင့်ကြည့်လေ့လာသူများကို ပထမဦးဆုံးအကြိမ်အဖြစ် စေလွှတ်လိုက်ပြီဖြစ်ရာ ပထမအုပ်စုတွင် ပါဝင်သော စောင့်ကြည့်လေ့လာသူ ၃၀ မှာ အောက်တိုဘာ ၁၁ ရက်က ရန်ကုန်မြို့မှ ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ စတင်ထွက်ခွာသွားကြပြီဖြစ်သည်။

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် သမိုင်းဝင်ရွေးကောက်ပွဲတစ်ရပ်အတွက် ယခုအခါ မြန်မာနိုင်ငံတွင် မဲဆွယ်စည်းရုံးရေးများ ပြုလုပ်နေကြပြီး အစိုးရအနေဖြင့် လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲတစ်ရပ် ဖြစ်စေရန် နိုင်ငံတကာမှ စောင့်ကြည့်လေ့လာသူများကို လာရောက်လေ့လာခွင့်ပေးခဲ့သည်။

မြန်မာနိုင်ငံတွင် တစ်လကျော်နေထိုင်မည့် ပြည်ပစောင့်ကြည့်လေ့လာသူ အဖွဲ့တစ်ဖွဲ့မှာ ဥရောပသမဂ္ဂမှ ဖြစ်သည်ဟုသိရသည်။ မဲပေးသည့်နေ့တွင် နော်ဝေ၊ ဆွစ်ဇာလန် အစရှိသော ဥရောပအဖွဲ့ဝင်နိုင်ငံ ၂၈ နိုင်ငံမှ စောင့်ကြည့်လေ့လာသူ ၁၅၀ သည် မြန်မာနိုင်ငံအနှံ့ရှိ မဲရုံများသို့ သွားရောက်ကာ မဲပေးပုံ၊ မဲရေတွက်ပုံနှင့် မဲရလဒ်ထုတ်ပြန်ပုံ အပါအဝင် ရွေးကောက်ပွဲကျင်းပပုံ အဆင့်ဆင့်ကို ကြည့်ရှုလေ့လာကြမည်ဖြစ်သည်။

ထို့အပြင် အဆိုပါစောင့်ကြည့်လေ့လာသူများသည် ရွေးကောက်ပွဲကော်မရှင်၏ ရွေးကောက်ပွဲအတွက် ပြင်ဆင်ထားရှိမှု၊ မဲရုံမှူးများကို သင်တန်းပေးမှုနှင့် မဲဆွယ်စည်းရုံးမှုများကို ကြည့်ရှုမည့်အပြင် နိုင်ငံရေးပါတီများနှင့် တွေ့ဆုံကာ ၎င်းတို့၏မဲဆွယ်စည်းရုံးရေး အခြေအနေများကို လေ့လာကြမည်ဖြစ်ကြောင်း အီးယူရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးမစ်ရှင်မှ ဒုတိယအကြီးအကဲ မာ့ခ်စတီဗင်က ပြောကြားသည်။ မဲဆွယ်စည်းရုံးရေးလေ့လာရာတွင် နိုင်ငံရေးပါတီများအနေဖြင့် လွတ်လပ်စွာ စုဝေးမှု၊ လွတ်လပ်စွာသွားလာမှု၊ လွတ်လပ်စွာ ပြောဆိုရေးသားမှု ရှိ၊ မရှိကို မိမိတို့အဖွဲ့က လေ့လာမည်ဖြစ်သော်လည်း ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး ဝင်ရောက်စွက်ဖက်မှုများ လုပ်မည်မဟုတ်ကြောင်း မာ့ခ်စတီဗင်က ထပ်လောင်းပြောကြားသည်။

အထွေထွေရွေးကောက်ပွဲသည် မြန်မာပြည်သူများအတွက် ဖြစ်သောကြောင့် မိမိတို့အနေဖြင့် ဘက်လိုက်မှာမဟုတ်ပါကြောင်း၊ အကယ်၍တစ်စုံတစ်ခုမှားယွင်းနေသည်ဟု မိမိတို့အဖွဲ့က တွေ့ရှိသည့်တိုင် ဝင်ရောက်တားမြစ်မှာ မဟုတ်ကြောင်း၊ မိမိတို့အလုပ်သည် ရွေးကောက်ပွဲလေ့လာပြီးနောက် ယင်းအပေါ် အစီရင်ခံရန်သာဖြစ်ကြောင်း၊ ရွေးကောက်ပွဲအာဏာပိုင်များနှင့် မိမိတို့ ပုံမှန်တွေ့ဆုံပြီး သိလိုသည့်အချက်များကို အချိန်မရွေးမေးမြန်းနိုင်ကြောင်း၊ မိမိတို့သည် ရွေးကောက်ပွဲလေ့လာသည့်သူများသာ ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ရွေးကောက်ပွဲပြီးသည့်အခါ ထိုစောင့်ကြည့်လေ့လာရေးအဖွဲ့သည် ၎င်းတို့၏တွေ့ရှိချက်အပေါ် ပဏာမထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ပြီး နောက်ရက်ပိုင်းအတွင်း ပိုမိုစနစ်ကျပြီးတိကျသော အပြီးသတ်အစီရင်ခံစာတစ်ရပ်ကို ထုတ်ပြန်သွားမည်ဟု သိရသည်။

**[ဝရဇိန်]**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင်မုတ်သုံလေအားနည်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

## နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဖြစ်ပေါ်နေမည်။

# ဘေးအန္တရာယ်အသိကြွယ် ဘဝများစွာကာကွယ်မယ်

မောင်သောင်းဝင်း(တမန်ဟောင်း)

၁၉၈၉ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ကျင်းပခဲ့သော ကမ္ဘာ့ကုလသမဂ္ဂအထွေထွေ ညီလာခံကြီးက နှစ်စဉ်အောက်တိုဘာလ၏ ဒုတိယ သီတင်းပတ် (ဗုဒ္ဓဟူးနေ့)ကို အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါး ရေးနေ့အဖြစ် မူလကသတ်မှတ်ထားခဲ့သည်။ သို့သော် ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၂၁ ရက် ညီလာခံကြီး၌မူ နှစ်စဉ်အောက်တိုဘာ ၁၃ ရက်ကို အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့အဖြစ် ပြင်ဆင် သတ်မှတ်ခဲ့သည်။ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၃ ရက်နေ့ "အပြည်ပြည်ဆိုင်ရာသဘာဝဘေးလျော့ပါးရေးနေ့" ၏ ဦးတည်ချက်ဆောင်ပုဒ်သည် "Knowledge for Life" "ဘေးအန္တရာယ်အသိကြွယ် ဘဝများစွာကာကွယ်မယ်" ပင်ဖြစ်သည်။ နှစ်စဉ်ထိုနေ့ကျင်းပရခြင်း၏ဦးတည်ချက်သည် သဘာဝဘေးကြိုတင်ကာကွယ်ရေး၊ လျော့ပါးသက်သာစေရေးနှင့် သဘာဝဘေးအတွက် ကြိုတင်အသင့်ဖြစ်ရေးလုပ်ငန်းများဆောင်ရွက်နေမှုအပေါ် ပြည်သူများ အသိအမြင်ကြွယ်ဝလိုက်နာဆောင်ရွက်နိုင်ရန် ဖြစ်သည်။

သက်ရှိများမှီတင်းနေထိုင်လျက်ရှိသော ဤကမ္ဘာမြေကြီးသည် ဆန်းသစ်သောတိုးတက်မှုများနှင့် အတူ ဆုတ်ယုတ်မှုများလည်းရှိလာသည်။ လူသားတို့၏တီထွင် ဖန်တီးနိုင်စွမ်းသည် ကမ္ဘာကြီးကိုရွာဟုပင် တင်စားနိုင်လောက်အောင် ကျုံ့ပစ်နိုင်ခဲ့သည်။ ကမ္ဘာ့အရှေ့ခြမ်းတွင်ဖြစ်ပျက်နေသောအကြောင်းအရာကို အနောက်ခြမ်းရှိလူသားတို့က စက္ကန့်ပိုင်းအတွင်းသိမြင်လာနိုင်သည်။ ဆန်းသစ်သောလက်နက်များ၊ အထူးသဖြင့် မိုင်ထောင်ပေါင်းများစွာအထိ ရောက်ရှိပစ်ခတ်နိုင်သောအဏုမြူ ထိပ်ဖူးတပ်ဒုံးကျည်များကို တီထွင်ပိုင်ဆိုင်လာကြသည်။ ထို့ကြောင့် ဒုတိယကမ္ဘာစစ်အတွင်းကလို ရန်သူ့ပစ်မှတ်ရှိရာကိုလေယာဉ်ပျံနှင့်သွားရောက်ပြီး အဏုမြူဗုံးကျဲချရန် ပင်မလိုတော့ဘဲ ရေဒါပေါ်ရှိပစ်မှတ်ကို ကွန်ပျူတာ ထိန်းချုပ်ခလုတ်တစ်ချက်နှိပ်လိုက်ရုံမျှဖြင့် သက်ရှိ၊ သက်မဲ့အားလုံးတမုဟုတ်ချင်းပျောက်ကွယ်သွားနိုင်သည်။ ကမ္ဘာပေါ်ရှိ လူသားတို့၏ အသက်များသည် အဖျက်စွမ်းအားပြင်းလက်နက်များကို ပိုင်ဆိုင်ထားသောနိုင်ငံများရှိ ခေါင်းဆောင်များ၏ဆုံးဖြတ်ချက်အပေါ်တွင်သာ တည်မှီနေလျက်ရှိသည်။

လူသားတို့သည် နည်းပညာကိုမည်ကဲ့သို့ဆန်းသစ်တီထွင်နိုင်စေကာမူသဘာဝဘေးအန္တရာယ်အား ရင်ဆိုင်နိုင်စွမ်းမရှိချေ။ လူသားတို့၏ပယောဂကြောင့် မျက်မှောက်ကမ္ဘာကြီးသည် သဘာဝဘေးအန္တရာယ်ပေါင်းစုံကို အလူးအလဲခံစားနေရပြီဖြစ်သည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ကိုထိခိုက်ပျက်စီးအောင် လုပ်ဆောင်ခဲ့ကြသောလူသားများအပါအဝင် ဤကမ္ဘာမြေကြီးပေါ်တွင် မှီတင်းနေထိုင်လျက်ရှိကြသည့် သက်ရှိအားလုံးသည် သဘာဝဘေးအန္တရာယ်ကြောင့် သေကျေ၊ ပျက်စီး၊ ဆုံးရှုံးမှုများရင်ဆိုင်နေကြရသည်။ ထိုသဘာဝဘေးအန္တရာယ်ကိုမဖြစ်ပွားအောင် တားဆီးနိုင်စွမ်းမရှိသော်လည်း ဖြစ်ပွားမှုလျော့ပါးသက်သာရေးအတွက်မူ ကြိုတင်စီမံနိုင်ပေသည်။ လူသားတို့၏တာဝန်သိသောပူးပေါင်းဆောင်ရွက်မှုစိတ်ဓာတ်ဖြင့်သာ ကမ္ဘာတစ်ဝန်းဖြစ်ပွားလျက်ရှိသည့်သဘာဝဘေးအန္တရာယ်များလျော့ပါးသက်သာစေရေးလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်ပေသည်။

ကမ္ဘာပေါ်တွင်ကျရောက်လျက်ရှိသည့် ကျွန်ုပ်တို့ကြုံတွေ့နေရသော သဘာဝဘေးအန္တရာယ်များသည် မုန်တိုင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ရေကြီးခြင်း၊ တောင်ပြိုခြင်း၊ ဆီးနှင်းဖုံးလွှမ်းခြင်း၊ အပူလှိုင်းနှင့် အအေးလှိုင်းများကျရောက်ခြင်း၊ မိုးခေါင်ခြင်း၊ မြေငလျင်လှုပ်ခတ်ခြင်း၊ ဆူနာမီလှိုင်းရိုက်ခတ်ခြင်း၊ တောမီးလောင်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ စားပင်၊ သီးပင်များ ပိုးမွှားကျရောက်ခြင်း၊ ဆေးမတိုးသော ကူးစက်ရောဂါဆန်းများဖြစ်ပွားခြင်း၊ ခေတ်မီဓာတုလက်နက်များ၏ အန္တရာယ်ကျရောက်ခြင်း၊ စက်ရုံ၊ အလုပ်ရုံများမှ စွန့်ပစ်ပစ္စည်းများကြောင့် ဓာတ်ရောင်ခြည်သင့်ခြင်းစသည်ဖြင့် များစွာသောဘေးတို့ကို ရင်ဆိုင်ကြုံတွေ့နေကြရသည်။

ထိုဘေးအန္တရာယ်များကို လျှော့ချနိုင်ရန် ကောင်းမွန်ပြည့်စုံသောကြိုတင်ပြင်ဆင်မှုများ ပြုလုပ်သွားမှသာ ထိရောက်မှုရှိနိုင်ပေသည်။ ကျွန်ုပ်တို့နေထိုင်လျက်ရှိသောကမ္ဘာမြေကြီးသည် တစ်စတစ်စပူပြင်းခြောက်သွေ့လာလျက်ရှိသည်။ ထိုပူပြင်းခြောက်သွေ့မှုဆင့်ကဲဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာသော ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုသည် အကောင်းဘက်ထက်အဆိုးဘက်ကိုသာဦးတည်နေပါသည်။ ထိုပြောင်းလဲမှုဖြစ်စဉ်များ၏ မူလတရားခံသည် အသိဉာဏ်ရှိသောကျွန်ုပ်တို့လူသားများပင်ဖြစ်သည်။

လူသားတို့သည် ဇီဝမျိုးကွဲများနှင့်ဂေဟစနစ်ထိန်းချုပ်မှုတို့ကိုပစ်ပယ်ကာ မိမိတို့အကျိုးစီးပွားကိုသာ ရှေ့တန်းတင်လျက် သစ်ပင်၊ သစ်တောများအား လိုအပ်သည်ထက်ပိုမိုခုတ်လှဲခြင်း၊ မြစ်၊ချောင်း၊အင်း၊အိုင်၊ တာတမံများအား တိမ်ကောမှုဖြစ်အောင် ပိတ်ဆို့တားဆီးပြီး ရေအားလျှပ်စစ်များလွန်မင်းစွာထုတ်ယူသုံးစွဲခြင်း၊ ကျောက်မီးသွေးလောင်စာများမှ လျှပ်စစ်စွမ်းအင်ထုတ်လုပ်ခြင်း၊ ဓာတုဇီဝလက်နက်များ၊ နျူကလီးယားလက်နက်များအပြိုင်အဆိုင်ထုတ်လုပ်တပ်ဆင်ခြင်းနှင့် ခေတ်မီစက်ရုံများ အပြိုင်အဆိုင်တည်ဆောက်ခြင်းများ ပြုလုပ်လာကြသည်။ ထိုသို့ထုတ်ယူသုံးစွဲမှုများကြောင့် ဆင့်ကဲဆိုးကျိုးသဘာဝဘေးအန္တရာယ်များဆိုးရွားစွာ ဖြစ်ပေါ်စေလျက်ရှိသည်။

ကမ္ဘာပေါ်ရှိနိုင်ငံအချို့သည် ၂၀၀၅ခုနှစ် ကျိုတိုသဘောတူညီချက်အား ပြောင်ပြောင်တင်းတင်း ချိုးဖောက်လျက်ရှိကြသည်။ မျက်မှောက်ကာလ ဖန်လုံအိမ်အာနိသင်ထုတ်လွှတ်မှုပမာဏသည် အတိတ်ကာလများထက် လွန်မင်းစွာပိုမိုလာလျက်ရှိသည်။ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုသည် ကမ္ဘာပေါ်ရှိ ဒေသအားလုံးကို ဆိုးကျိုးသက်ရောက်လျက်ရှိသည်။ အနာဂတ်ကာလတွင်ကမ္ဘာပေါ်၌ ဖြစ်ပေါ်လာနိုင်သောသဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်ရှောင်ရှားနိုင်ရန် ကမ္ဘာကြီးပူနွေးလာမှုကို ထိန်းထားနိုင်မှသာ ရင်အေးရမည်ဖြစ်သည်။

၁၉၇၀ ပြည့်လွန်နှစ်များကတည်းက ရာသီဥတုဖောက်ပြန်မှုများကြောင့် ကမ္ဘာတစ်ဝန်းတွင် မိုးခေါင်ရေရှားမှု၊ မုန်တိုင်းကျရောက်မှု၊ ရေကြီးမှုတို့နှင့်ဆက်စပ်သော သဘာဝဘေးအန္တရာယ်ပေါင်း ၈၀၀၀ ကျော် ဖြစ်ပေါ်ကြုံတွေ့ခဲ့ရသည်။ ထိုသဘာဝဘေးအန္တရာယ်များကြောင့် လူပေါင်း ၂ သန်းခန့် အသက်ဆုံးရှုံးခဲ့ရပြီး ငွေကြေး အမေရိကန်ဒေါ်လာ ၂ ဒသမ ၄ ထရီလီယံခန့်ဆုံးရှုံးခဲ့ရသည်ဟု ကမ္ဘာ့မိုးလေဝသအဖွဲ့ကြီးက မှတ်တမ်းတင်ထားရှိခဲ့သည်။ ရာသီဥတုပြောင်းလဲမှုကို တုံ့ပြန်ဆောင်ရွက်ရသည့် ကုန်ကျစရိတ်သည်လည်း နှစ်စဉ်မြင့်မားလာမည်ဖြစ်ရာ ၂၀၄၀ ပြည့်လွန်နှစ်များတွင် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၄၀ မှ ၅၀ ဘီလီယံခန့် ကုန်ကျနိုင်သည့်အပြင် လာမည့် ၂၀၇၀ ပြည့်လွန်နှစ်များတွင် တစ်နှစ်လျှင် အမေရိကန် ဒေါ်လာ ၃၅၀ ဘီလီယံခန့် ထိကုန်ကျလာလိမ့်မည်ဟုဆိုသည်။

သဘာဝဘေးအန္တရာယ်လျော့ပါးသက်သာစေရေးအတွက် ကာဗွန်ထုတ်လွှတ်မှုသတ်မှတ်ခြင်းနှင့် လောင်စာဆီထုတ်လုပ်သုံးစွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများချမှတ်လျက် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ခြင်းသည် သဘာဝဘေးလျော့ပါးရေးအတွက် အထောက်အကူဖြစ်စေရုံသာမက အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့ကိုလည်းအကျိုးဖြစ်ထွန်းစေနိုင်ပေသည်။

ထို့အပြင် အစိမ်းရောင်ဖွံ့ဖြိုးရေးလုပ်ငန်းများအား နိုင်ငံတော်အဆင့်ဆောင်ရွက်မှုအပြင် ပုဂ္ဂလိက အခန်းကဏ္ဍမှ စိတ်ပါဝင်စားမှုရှိလာအောင်လည်း ဆွဲဆောင်စည်းရုံးဆောင်ရွက်သွားရန်လိုအပ်ပေသည်။ တာဝန်သိသော ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များသည် သဘာဝဘေးလျော့ပါးရေးလုပ်ငန်းစဉ်များတွင် တစ်ထောင့်တစ်နေရာမှပါဝင်ဆောင်ရွက်မှုအနေဖြင့် အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုများကို တတ်အားသရွေ့ ရှာဖွေလုပ်ကိုင်လာကြသည်။ ထိုလုပ်ငန်းရှင်မျိုးများစွာလိုအပ်ပါသည်။ ထို့အပြင် ကမ္ဘာ့အဆင့် တာဝန်ရှိသူများနှင့်နိုင်ငံ့ခေါင်းဆောင်များအပိုင်းကလည်း သဘာဝဘေးလျော့ပါးရေးဆိုင်ရာ ကောင်းမွန်ဆီလျော်သည့် မူဝါဒများချမှတ်ပေးခြင်းနှင့် အစိမ်းရောင်ဖွံ့ဖြိုးရေးအမျိုးသားလမ်းပြမြေပုံများ အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းအားဖြင့် အနာဂတ်မျိုးဆက်သစ်များအတွက် အခွင့်အလမ်းကောင်းများ ဖန်တီးပေးသွားနိုင်မည်ဖြစ်သည်။ ထိုသို့တာဝန်သိစွာဆောင်ရွက်ပေးခြင်းမရှိပါကအကျိုးဆက်သည် သဘာဝဘေးအန္တရာယ်များ ကျရောက်ကာ လူသားများသေကျေထိခိုက်ဒဏ်ရာရရှိစေသည့်အပြင် ပိုင်ဆိုင်မှုပစ္စည်းများစွာလည်းပျက်စီးဆုံးရှုံးမှုဖြင့် ရင်ဆိုင်နေရမည်သာဖြစ်သည်။

ကမ္ဘာပေါ်တွင်လူဦးရေထူထပ်လာမှုနှင့်နည်းပညာတိုးတက်လာမှုတို့ကြောင့် ကမ္ဘာ့ပတ်ဝန်းကျင်သည်လည်း တဖြည်းဖြည်းဆုတ်ယုတ်ယိုယွင်းပျက်စီးလာလျက်ရှိသည်။ ထို့ကြောင့်ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်းစုံမှ အစိုးရအသီးသီးသည် သဘာဝဘေးအန္တရာယ်ဖြစ်ပွားစေနိုင်သော ကမ္ဘာ့ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုဖြစ်စေမည့်လုပ်ဆောင်ချက်




မှန်သမျှကို တားမြစ်ပိတ်ပင်ကန့်သတ်လာခဲ့ရသည်။ ၁၉၆၀ ပြည့်လွန်နှစ်များကတည်းက ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလှုပ်ရှားမှုများစတင်ဆောင်ရွက်ခဲ့ရာ ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများအပေါ် အတိုင်းအတာတစ်ခုအထိ သတိထားစောင့်ကြည့်လာနိုင်ခဲ့သည်။

မျက်မှောက်ကာလတွင် ပညာရှင်များဖြင့်စုစည်းထားသောအဖွဲ့အစည်းများသည် သဘာဝဘေး လျော့ပါးရေးအတွက် ပတ်ဝန်းကျင်လေ့လာရေး၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုနှင့်ပတ်ဝန်းကျင်ဆိုင်ရာ အင်ဂျင်နီယာလုပ်ငန်းများကဲ့သို့သောသင်တန်းများကို ပို့ချပေးလျက်ရှိသည်။ လူတို့၏အမျိုးမျိုးသော လုပ်ဆောင်မှုများကြောင့် ယိုယွင်းပျက်စီးလာသောကမ္ဘာကြီးကို ထိန်းသိမ်းစောင့်ရှောက်မှုမဖြစ်မနေဆောင်ရွက်သွားရန် လိုအပ်လာပြီဖြစ်သည်။ စွန့်ပစ်ပစ္စည်းများစွန့်ထုတ်မှု၊ လေထုညစ်ညမ်းမှုနှင့် တိရစ္ဆာန်မျိုးစိတ်များဆုံးရှုံးရခြင်းသည်သဘာဝဘေးဖြစ်စေနိုင်သော ပြဿနာအချို့ပင်ဖြစ်သည်။

လူသားတို့၏ အတောမသတ်နိုင်သောလောဘကြောင့် ကမ္ဘာကြီးသည်တဖြည်းဖြည်းကျန်းမာရေး ချို့ယွင်းလာနေပြီဖြစ်သည်။ အသိဉာဏ်ရှိသည်ဟုဆိုသောလူသားတို့သည် သစ်တောသစ်ပင်များကို လွန်ကဲစွာ ခုတ်လှဲရောင်းချလာခြင်း၊ စက်မှုလုပ်ငန်းများနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့်နေရာများတွင် ရေသယံဇာတများကို အကန့်အသတ်မဲ့ထုတ်ယူသုံးစွဲလာခြင်း၊ မြေအောက်နှင့်ရေအောက်သယံဇာတများကို အပြိုင်အဆိုင်ထုတ်လုပ်ရောင်းချလာခြင်းနှင့်သို့လှောင်လာခြင်း၊ စက်မှုလုပ်ငန်းများမှစွန့်ပစ်ဓာတုဆေးရည်များကို မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ပင်လယ်၊ သမုဒ္ဒရာများအတွင်းသို့ တာဝန်မဲ့စွာစွန့်ပစ်ခြင်း၊ လေထုအတွင်းသို့ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ လွန်ကဲစွာ ထုတ်လွှတ်သည့် စက်ရုံ၊ အလုပ်ရုံများ အပြိုင်အဆိုင်တည်ဆောက်လာခြင်းနှင့် အဖျက်စွမ်းအားပြင်းလက်နက်များအား ပင်လယ်သမုဒ္ဒရာများအပါအဝင် မြေပေါ်၊ မြေအောက်နေရာပေါင်းစုံတွင် စမ်းသပ်ပစ်ခတ်လာခြင်းတို့ကြောင့် ကမ္ဘာကြီးအပေါ်ဆိုးကျိုးများဖြစ်ပေါ်စေလျက်ရှိသည်။

နှစ်စဉ်ကမ္ဘာတစ်ဝန်းတွင် ကျရောက်လျက်ရှိသည့် သဘာဝဘေးအန္တရာယ်များကြောင့် ဖြစ်ပွားခဲ့သော သေကျေဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးတို့သည် လွန်စွာပင်များပြားလျက်ရှိသည်။ ထိုဆုံးရှုံးမှုများတွင် မိဘဆုံးရှုံးကြရသူများ၊ သားသမီးဆုံးရှုံးကြရသူများနှင့် ဆွေမျိုးသားချင်းဆုံးရှုံးကြရသူများပါဝင်ကြသည်။ ပစ္စည်းဆုံးရှုံးမှုကို အစားထိုး၍ရနိုင်သော်လည်း လူ့အသက်တစ်ချောင်းကိုမူ မည်သည့်အရာနှင့်မျှတန်ဖိုးဖြတ်၍ မရနိုင်ချေ။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကမ္ဘာကြီးကိုဆိုးရွားစွာ ထိခိုက်စေနိုင်မည့် လုပ်ရပ်မှန်သမျှကိုဆင်ခြင်ပြီး အချိန်မီ ပြုပြင်ထိန်းသိမ်းစောင့်ရှောက်သွားရန် အရေးတကြီးလိုအပ်နေပြီဖြစ်သည်။ ထိုသို့ ကမ္ဘာကြီးကို ချစ်ခင်စွာအချိန်မီ စောင့်ရှာက်ပြုပြင်ထိန်းသိမ်းသွားမည်ဆိုလျှင် အနာဂတ်တွင်လူသားများသည် အမျိုးမျိုးသော သဘာဝဘေးအန္တရာယ်များကို အတိုင်းတာတစ်ခုအထိလျှော့ချနိုင်မည်မှာ ဧကန်မုချပင်ဖြစ်သည်။

ကျွန်ုပ်တို့သည်သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်၊ လျှော့ချနိုင်ရန်အတွက် သဘာဝပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်ရေးစီမံချက်များ၊ လိုက်နာရန်ကျင့်ဝတ်များနှင့်တားမြစ်ချက်များ၊ စည်းကမ်းချက်များနှင့် သဘောတူညီချက်များကိုထုတ်ပြန်ပြီး တာဝန်ရှိရှိလိုက်နာဆောင်ရွက်လာကြသည်။ တာဝန်မဲ့သည့်အချို့သောသူများသည် နိုင်ငံတကာသဘောတူညီချက်များ၊ ကျင့်ဝတ်များကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်လျက်၎င်းတို့အကျိုးစီးပွားကိုသာ ရှေ့တန်းတင်ဆောင်ရွက်လျက်ရှိသောကြောင့် ကမ္ဘာကြီးအပေါ် ဆိုးကျိုးများသက်ရောက်စေပြီး သဘာဝဘေးအန္တရာယ်များဖြစ်ပွားလာရသည်။ ထိုအကျိုးဆက်ကို ကမ္ဘာ့အခြားဒေသရှိ ပြည်သူများကပါ ခါးစည်းခံနေကြရသည်။ ထို့ကြောင့် ကျွန်ုပ်တို့အားလုံးဝိုင်းဝန်းထိန်းသိမ်းသွားရန် တာဝန်ရှိကြပါသည်။

သက်ရှိ၊သက်မဲ့အားလုံးဖြင့် ဖွဲ့စည်းဖြစ်တည်နေသော ဤကမ္ဘာကြီးတွင် လူသားတို့၏ ဆန်းသစ်တီထွင်ကြိုးပမ်းအားထုတ်မှုများကြောင့် နယ်ပယ်ပေါင်းစုံတွင် သိသာထင်ရှားသော တိုးတက်ပြောင်းလဲမှု ဖြစ်စဉ်များရှိနေသည်။ ထိုတိုးတက်မှုများသည် လူသားအားလုံးကို များစွာအကျိုးပြုလျက်ရှိသည်မှာ အားလုံးလက်ခံထားသော ပကတိအရှိတရားပင်ဖြစ်သည်။ သို့သော် ထိုပြောင်းလဲတိုးတက်မှုများအတွက် ရင်းနှီးမြှုပ်နှံခဲ့ရသော၊ စွန့်လွှတ်ပေးဆပ်ခဲ့ရသော အရာပေါင်းများစွာလည်းရှိသည်။ အထူးသဖြင့် ခေတ်မီဆန်းသစ်သော လက်နက်များ စမ်းသပ်ပစ်ခတ်ခြင်းနှင့် စက်ရုံ၊ အလုပ်ရုံများမှ ထုတ်လွှတ်သည့် အဆိပ်အတောက်ဖြစ်စေသော စွန့်ပစ်ပစ္စည်းများနှင့် ဓာတ်ငွေ့များသည် ကမ္ဘာ့မြေထု၊ ရေထုနှင့် လေထုတို့တွင် တောင်ပုံယာပုံဖြစ်လာသည်။ ဆင့်ကဲဖြစ်စဉ်အဖြစ် ကမ္ဘာပေါ်ရှိအီကွေတာဒေသများသည် အချိန်အခါမဟုတ် လွန်ကဲစွာအအေးပိုလာပြီး ဝင်ရိုးစွန်းဒေသများသည် ရေခဲများအရည်ပျော်လာသောကြောင့် ပူပြင်းခြောက်သွေ့လာသည်။

၂၀၁၅ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်း၌ရိုက်ခတ်လျက်ရှိသော ဘေးအန္တရာယ်သည် မိုးအဆက်မပြတ် ရွာသွန်းခြင်းကြောင့်ဖြစ်ပေါ်လာသောရေကြီးရေလျှံမှုများပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် နွေရာသီ၌ လွန်ကဲစွာပူပြင်းပြီး ရေရှားပါးသည့် ဒဏ်ကိုခံစားခဲ့ရသောပြည်သူများသည် မိုးရာသီတွင် ထိုရေအောက်သို့အားလုံး နစ်မြုပ်သွားကြသည်။ လွန်စွာပင်စိတ်မချမ်းမြေ့ဖွယ်ရာဖြစ်စဉ်များပင်ဖြစ်သည်။ တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၄ ခုရှိသည့် နိုင်ငံတွင် ၁၂ ခုသည် ရေပြင်ဖြစ်သွားသည်။ ထိုဒေသများရှိ ကျန်းမာကြံ့ခိုင်သောပြည်သူများသည် ပိုင်ဆိုင်မှုပစ္စည်း များကိုစွန့်ပြီး ဘေးလွတ်ရာသို့ရှောင်ရှားနိုင်ခဲ့ကြသော်လည်း ကျန်းမာရေးချို့တဲ့သူများ၊ သက်ကြီးရွယ်အိုများ၊ ကလေးငယ်များနှင့် အိမ်မွေးတိရစ္ဆာန် ကျွဲ၊ နွား၊ ဆိတ်၊ ကြက်၊ဝက်များမှာမူ အသက်ဆုံးရှုံးခဲ့ရသည်။ ထို ဆုံးရှုံးမှုများသည် တန်ဖိုးရှိသောအသက်များပင်ဖြစ်သည်။

သဘာဝဘေးအန္တရာယ်လျော့ပါးရေးအတွက် မုန်တိုင်း၊ မြေငလျင်၊ အပူလှိုင်း၊ အအေးလှိုင်းစသည့် မိုးလေဝသသတင်းများ၊ သတိပေးချက်များကိုစဉ်ဆက်မပြတ် နားထောင်ကြည့်ရှုသွားရန်လိုအပ်ပေသည်။ သို့မှသာလျှင် ကြိုတင်ကာကွယ်မှုလုပ်ငန်းများ အချိန်မီဆောင်ရွက်နိုင်မည်ဖြစ်သည်။ ကာကွယ်ခြင်းသည်ကုသခြင်းထက် ကောင်းသည်ဆိုသောစကားအတိုင်း ဘေးအန္တရာယ်ကြိုတင်ကာကွယ်မှုလုပ်ငန်းများ အထူးအလေးထားဆောင်ရွက်သွားရန်လိုအပ်ပေသည်။ မြန်မာနိုင်ငံတွင် သဘာဝဘေးနှင့်ပတ်သက်၍ကြီးမားသော သင်ခန်းစာများရှိခဲ့ဖူးသည်။ ထို့ကြောင့် ပြည်သူများသည် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၏တိုက်တွန်း နှိုးဆော်မှုများအတိုင်းလိုက်နာဆောင်ရွက်သင့်ပေသည်။ သဘာဝဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျွန်ုပ်တို့ပြည်သူအားလုံးပါဝင်ဆောင်ရွက်မှသာ အောင်မြင်မှုရရှိနိုင်မည်ဖြစ်သည်။

ခြုံ၍တင်ပြရလျှင် သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုများကြောင့်ရာသီဥတုဖောက်ပြန်လာသည်။ ထိုသို့ ရာသီဥတုဖောက်ပြန်လာမှုကြောင့် သဘာဝဘေးများကျရောက်လျက်ရှိသည်။ ထိုသဘာဝဘေးများ လျော့ပါးသက်သာရေးအတွက် နိုင်ငံတော်အစိုးရ၊ NGO အဖွဲ့အစည်းများ၊ ပရဟိတအသင်းအဖွဲ့များ၊ ပြည်သူများအားလုံး တက်ညီလက်ညီပူးပေါင်းဆောင်ရွက်သည့် အင်အားများဖြင့်သာ အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုရရှိနိုင်မည်ဖြစ်သည်။ ထိုသဘာဝဘေးကြီးလျော့ပါးရေးအတွက် အကောင်းဆုံးနည်းလမ်းသည် ရာသီဥတုဖောက်ပြန်မှုကိုဦးတည်စေနိုင်သော လွန်ကဲစွာ ထုတ်ယူသုံးစွဲမှုလုပ်ရပ်များကိုရှောင်ကြဉ်ခြင်းပင်ဖြစ်ပါကြောင်း ၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာသဘာဝဘေးလျော့ပါးရေးနေ့အတွက် ဂုဏ်ပြုရေးသားတင်ပြအပ်ပါသည်။ ။

## ပြည်တွင်းရေးရာ

# ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်) ဝါတွင်းစုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၁**

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)၏ (၁၄)ကြိမ်မြောက် ဝါတွင်းစုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့ နံနက် ၈ နာရီက အဆိုပါဆေးရုံကြီး ရာဇဂြိုလ်ဆောင် အလှူတော်မင်္ဂလာခန်းမ၌ ကျင်းပသည်။

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)၏ သွေးလှူဒါန်းပွဲကို ၁၉၉၂ ခုနှစ်က စတင်ခဲ့သော်လည်း ကြားကာလတွင် ခေတ္တရပ်နားထားခဲ့ပြီး ၂၀၀၄ ခုနှစ်တွင် ပြန်လည်စတင်၍ ယနေ့အထိ ဆက်တိုက်ကျင်းပခဲ့ကြောင်း သိရသည်။

ယနေ့သွေးလှူဒါန်းပွဲတွင် သံဃာ၊ သီလရှင်နှင့် လူပုဂ္ဂိုလ်များ စုစုပေါင်း ၃၃၂ ဦးတို့ သွေးလှူဒါန်းခဲ့ကြပြီး ရရှိလာသည့် သွေးများကို စနစ်တကျစမ်းသပ်စစ်ဆေးကာ အမျိုးသားသွေးဌာနသို့ ပေးပို့သွားမည်ဖြစ်သည်။

လှူဒါန်းပွဲ အခမ်းအနားသို့ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်) အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ သီလရှင်ဆေးရုံထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းကော်မတီဝင်များ၊ အမျိုးသားသွေးဌာန ပါမောက္ခနှင့် ဝန်ထမ်းများ၊ သွေးလှူဒါန်းမည့် သံဃာတော်၊ သီလရှင်နှင့် လူပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)ကို ၁၉၄၀ ပြည့်နှစ် မေ ၈ ရက်တွင် မြန်မာမျိုးချစ်ပုဂ္ဂိုလ်ကြီးများက ဇီဝိတဒါနကုသိုလ်ဖြစ်ဆေးခန်းအဖြစ် ဗဟန်းမြို့နယ် ကြားတောရလမ်းဇရပ်အမှတ် (၇၃)တွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ ၁၉၅၂ ခုနှစ်တွင် လက်ရှိနေရာဖြစ်သည့် အမှတ် (၃၈) ကိုယ့်မင်းကိုယ့်ချင်းလမ်း ဗဟန်းမြို့နယ်သို့ ပြောင်းရွှေ့ကာ ဇီဝိတဒါနဆေးရုံအဖြစ်ပါ ဖွင့်လှစ်ခဲ့ပြီး ၁၉၇၂ ခုနှစ်တွင် ဇီဝိတဒါနသံဃာ့ဆေးရုံအဖြစ် အမည်ပြောင်းလဲခဲ့သည်။

ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသည် ပရဟိတ ကုသိုလ်ဖြစ်ဆေးရုံဖြစ်ပြီး အလှူရှင်များ၏ အလှူငွေနှင့် လုပ်အားအပေါ် ရပ်တည်ခဲ့ကာ ၂၀၁၂ ခုနှစ်တွင် သံဃာတော်များအတွက် ဗာရာဏသီ ခြောက်ထပ်ဆေးကုသဆောင်၊ ၂၀၁၃ ခုနှစ်တွင် သီလရှင်ဆေးရုံ တိုးချဲ့နှစ်ထပ်ဆောင်တို့ကို တိုးချဲ့တည်ဆောက်ခဲ့ရာ ယနေ့ ဆေးရုံဝင်းအတွင်း အဆောက်အအုံ ရှစ်ခုရှိနေပြီး ခုတင် ၂၀၀ ဆံ့ ဆေးရုံကြီးအဖြစ် သံဃာတော်အပါး ၁၃၀၊ သီလရှင် အပါး ၅၀နှင့် ခွဲစိတ်လူနာ အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ၁၀ ဦးတို့ကို အတွင်းလူနာအဖြစ် လက်ခံကုသပေးလျက်ရှိကြောင်း သိရသည်။

**[သတင်း - မင်းသစ်**
**ဓာတ်ပုံ - ရဲထွန်း]**



# ကွန်ကရစ်လမ်းခင်းနေစဉ် ယာဉ်ကြောပြောင်းပြန် စီတန်းမောင်းနှင်မှုမြင်တွေ့နေရဆဲ

**ရန်ကုန် အောက်တိုဘာ ၁၁**

မော်တော်ယာဉ်စည်းကမ်းဖောက်ဖျက်မှုများကို သက်ဆိုင်ရာမှ ရန်ကုန်မြို့တွင် အဖွဲ့စုံဖြင့် လှည့်လည်စစ်ဆေးအရေးယူမှုရှိနေသည်။ ယင်းစည်းကမ်းမဲ့ မောင်းနှင်မှုများကို Online Complaint Centre(OCC) Viber ဖုန်းနံပါတ်ဖြင့် တိုင်ကြားမှုများအပေါ် အရေးယူမှုရှိလာသည်။ ခရီးသည်တင်ယာဉ်လိုင်း အဖွဲ့အစည်းမှလည်း ထိရောက်သော အရေးယူမှု ရှိလာရာ လိုင်းကားများ လမ်းပြောင်းပြန်မောင်းနှင်မှုများမရှိဟု မီဒီယာများတွင် ဖတ်ရှုလာရသည်။

သို့သော် ရန်ကုန်မြို့တွင် လမ်းပြောင်းပြန်မောင်းနှင်မှုရှိနေဆဲဖြစ်သည်ကို အောက်တိုဘာ ၁၀ ရက် မွန်းလွဲ ၂ နာရီခွဲဝန်းကျင်က သမိုင်းဘူတာခုံးကျော်တံတား၏ သမိုင်းလမ်းဆုံဘက်တံတားအဆင်းတွင် မြင်တွေ့ခဲ့ရသည်။ အဆိုပါလမ်းပိုင်းတွင် ကွန်ကရစ်လမ်းခင်းမှုကို အရှေ့မှအနောက်သို့သွား ယာဉ်ကြောတွင် စတင်ခင်းကျင်းနေသည်။ ယင်းယာဉ်ကြောတွင် ယာဉ်ကြောတစ်ကြောသာ သွားလာ၍ရသည်။ ကွန်ကရစ်လမ်းမခင်းသေးသည့် အနောက်မှအရှေ့သွားယာဉ်ကြောပေါ်တွင် မူလအတိုင်း ယာဉ်ကြောနှစ်ကြောအတိုင်း မောင်းနှင်၍ရသေးသည်။

သို့သော် သမိုင်းလမ်းဆုံတွင် ယာဉ်ပိတ်ဆို့မှုများသဖြင့် အဆိုပါသမိုင်းလမ်းဆုံဘက်သို့ သွားသည့်၊ အနောက်မှအရှေ့သို့ သွားသည့် ယာဉ်ကြောများပေါ် ယာဉ်ပိတ်ဆို့မှု နေ့စဉ်နီးပါး ကြုံတွေ့ရသည်။ တစ်ခါတစ်ရံ ဘုရင့်နောင်ခုံးကျော်တံတားအပေါ် ဆုံးလွှာ၏ ဘုရင့်နောင်မြစ်ကူးတံတားဘက်မှအလာ ခုံးကျော်တံတားအတက်ထိ ရောက်လုနီးပါး ယာဉ်ပိတ်ဆို့မှု ကြုံတွေ့ရသည်ဟု အဆိုပါ လမ်းကြောင်းအတိုင်း လိုင်းကားစီးလာနေရသည့် မြောက်ဥက္ကလာပမြို့နယ် နွယ်သာကီမှတ်တိုင်မှ ခရီးသည်တစ်ဦးက ဆိုသည်။

အောက်တိုဘာ ၁၀ ရက် မွန်းလွဲပိုင်းတွင် သမိုင်းဘူတာခုံးကျော်တံတားအဆင်းယာဉ်ကြောတွင် ခရီးသည်တင်ယာဉ်ကြီး၊ ဒိုင်နာယာဉ်များအပါအဝင် ယာဉ်မျိုးစုံ၊ မော်တော်ဆိုင်ကယ်တို့ကို လမ်းလယ်မျဉ်းသေအဖြူကျော်၍ တစ်ဖက်ယာဉ်ကြောတွင် လမ်းပြောင်းပြန်စီတန်းမောင်းနှင်နေသည်ကို မြင်တွေ့ရသည်ဟု မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက်တွင် အလုပ်ဆင်းနေရသည့် စမ်းချောင်းမြို့နယ်နေသူတစ်ဦးက ဆိုသည်။

ရန်ကုန်မြို့တွင်း ကားလမ်းမများပေါ်ရှိ မော်တော်ယာဉ်စည်းကမ်းဖောက်ဖျက်မှုများကို OCC Viber ဖုန်းနံပါတ်ဖြင့် တိုင်ကြားမှုကို အရေးယူခဲ့ရာတွင် အောက်တိုဘာ ၁ ရက်မှ ၈ ရက်ထိ ကိုယ်ပိုင်ယာဉ် ၈၉ စီး၊ အငှားယာဉ် ၈၆ စီး၊ အငှားကုန်တင်ယာဉ် ၂၃ စီး၊ ခရီးသည်တင်ယာဉ် ၃၆ စီး စုစုပေါင်း ၂၃၄ စီးရှိပြီး စက်တင်ဘာလအတွင်း စုစုပေါင်း ၁၂၅၉ စီး အရေးယူထားသည်။ OCC Viber ဖုန်းနံပါတ်ဖြင့် ပြည်သူများတိုင်ကြားမှုကို ဩဂုတ် ၁၂ ရက်မှ စတင်အကောင်အထည်ဖော်နေပြီး တာဝန်သိပြည်သူများအနေဖြင့် အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံး OCC Viber ဖုန်း-၀၉-၉၇၉၁၂၀၃၂၈ သို့ ရုပ်သံပေးပို့ တိုင်ကြားနိုင်သည်ဟု သက်ဆိုင်ရာမှ ပြောကြားချက်များကို အောက်တိုဘာ ၁၁ ရက်တွင် ပုဂ္ဂလိကနေ့စဉ်ထုတ် သတင်းစာတစ်စောင်တွင် ဖတ်ရှုရသည်။

တိုင်ကြားလိုသည့် တာဝန်သိပြည်သူများအနေဖြင့် ကားနံပါတ်ကအစ ဓာတ်ပုံရိုက်ပြီး ဖြစ်စဉ်နေရာ အချိန်တို့ပါ ပူးတွဲဖော်ပြ၍ တိုင်ကြားခွင့်ရှိသည်။ ယင်းသို့ပြည်သူများက တာဝန်သိစွာ တိုင်ကြားထားသည့် ယာဉ်စည်းကမ်း ဖောက်ဖျက်သည့် ယာဉ်များကို နိုင်ငံပိုင်သတင်းစာမှာ ကြေညာပြီး ဒဏ်ငွေဆောင်ခိုင်းမည်ဖြစ်သည်။ ယာဉ်စည်းကမ်းဖောက်ဖျက်မှုများ နောက်ပိုင်းတွင် ဆင်ခြင်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်ဟု တာဝန်ရှိသူတစ်ဦး၏ ပြောကြားမှုပါ ထပ်မံဖတ်ရှုရသည်။

ယာဉ်စည်းကမ်း ဖောက်ဖျက်နေမှုများအပေါ် မြင်တွေ့နေရသော တာဝန်သိပြည်သူများ၏ OCC Viber ဖုန်းနံပါတ်ဖြင့် သတင်းပေးမှုသည် ထိရောက်သော အရေးယူမှုနှင့်အတူ သိသာမြင်သာသော သတင်းထုတ်ပြန်မှုရှိပါက ပိုမိုများပြားလာနိုင်သည်။ ယနေ့ကာလမြင်တွေ့နေရဆဲ ဖြစ်သော ကားလမ်းမများပေါ်ရှိ ယာဉ်ကြောပြောင်းပြန်မောင်းနှင်မှု၊ လမ်းကြောင်းမှန်ကန်စွာ မောင်းနှင်ခြင်းမရှိမှု၊ မီးနီဖြတ်မှု၊ စည်းကမ်းမဲ့ယာဉ်ရပ်နားမှု၊ လိုင်စင်မဲ့ယာဉ်နှင့် ယာဉ်မောင်းလိုင်စင်မရှိဘဲ မောင်းနှင်မှုများသည် OCC Viber တိုင်ကြားမှုများကြောင့် လျော့နည်းလာနိုင်သည်။

ပြည်သူများ၏ တာဝန်သိသတင်းပေးပို့မှုသည် တာဝန်ရှိသူတို့၏ ပူးပေါင်းဆောင်ရွက်အရေးယူသတင်းထုတ်ပြန်ပေးမှုကြောင့် ယာဉ်စည်းကမ်းဖောက်ဖျက်မှု လျော့ကျလာနိုင်သည့် လုပ်ဆောင်ချက်ဖြစ်သည်ဟု လမ်းမတော်မြို့နယ် ကမ်းနားလမ်းတွင် နေထိုင်သော အဝေးပြေးကုန်ကားဂိတ်လုပ်ငန်းရှင် တစ်ဦးက ဆိုသည်။

**(မောင်စေအောင်)**



# တောင်သူများ မိမိဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုး

**ညောင်ဦး အောက်တိုဘာ ၁၁**

ညောင်ဦးတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနနှင့် ပလန်မြန်မာချမ်းမြေ့မေတ္တာအဖွဲ့တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သည့် အသက်မွေးဝမ်းကျောင်းမြှင့်တင်မှုစီမံချက်အနေဖြင့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးအတွက် တောင်သူနည်းပညာပေး ကွင်းသရုပ်ပြပွဲကို ညောင်ဦးမြို့နယ် တောင်ဘီလေးကျေးရွာအုပ်စုတောင်ဘီ(ရွာသစ်)ရွာ တောင်သူဦးကံကြီး ကွင်းအမှတ် ၁၈၀၇၊ ဦးပိုင်အမှတ် ၄၉/၇ မိုးလယ်ပဲတီစိမ်း စမ်းသပ်စိုက်ကွက်၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးနိုင်လင်းထက်၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဌေးနိုင်၊ ခရိုင်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူး ဦးကျော်သိန်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဌေးရီ၊ ပလန်မြန်မာချမ်းမြေ့မေတ္တာအဖွဲ့မှ ဒါရိုက်တာ ဦးအောင်မြတ်ကျော်နှင့် ဝန်ထမ်းများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ခဲ့ကြသည်။

ပလန်မြန်မာ ချမ်းမြေ့မေတ္တာအဖွဲ့၏ စီစဉ်မှု ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးကူညီမှုဖြင့် စီမံချက်ဝင်ကျေးရွာများဖြစ်သည့် တောင်ဘီလေးကျေးရွာအုပ်စုအတွင်းရှိ တောင်ဘီရွာမ၊ တောင်ဘီရွာသစ်၊ တောင်ဘီဥယျာဉ်လေး၊ သဲယာချောင်း၊ စည်ပင်သာနှင့် အရာတော်စသော ကျေးရွာခြောက်ရွာမှ တစ်ရွာလျှင် တောင်သူငါးဦးစီဖြင့် စုစုပေါင်း ၃၀ တို့အား ၂၀၁၅ ခုနှစ် ဧပြီ ၁ ရက်မှ ဧပြီ ၇ရက်အထိ စိုက်ပျိုးရေးနည်းပညာ ပြန့်ပွားရေး အကျိုးဆောင်သူများသင်တန်းကို ဖွင့်လှစ်ပို့ချပေးခဲ့ကြောင်း၊ ထို့ပြင် မွမ်းမံလက်တွေ့ သင်တန်းအဖြစ် ယခုကွင်းသရုပ်ပြပွဲ ပြုလုပ်သည့် ဒေသမျိုးနှင့် ရေဆင်း(၁၄) မိုးပဲတီစိမ်းမျိုးနှစ်မျိုးကို စမ်းသပ်ယှဉ်ပြိုင်စိုက်ကွက်များ ပြုလုပ်စိုက်ပျိုးနိုင်ခဲ့ပြီး သင်တန်းသားများကို အဆိုပါစမ်းသပ်ကွက်တွင် တစ်လလျှင်နှစ်ကြိမ် ပုံမှန်ခေါ်ယူတွေ့ဆုံကာ သီးနှံများ၏ပြောင်းလဲမှုဖြစ်စဉ်များကို လေ့လာ အဖြေရှာခဲ့ကြရာ ယနေ့သည် စမ်းသပ်စိုက်ကွက်၏ အောင်မြင်မှုများကို တောင်သူများသို့ လက်တွေ့ပြန်လည် မျှဝေမည်ဖြစ်ကြောင်း ပလန်မြန်မာ ချမ်းမြေ့မေတ္တာအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

ယင်းကဲ့သို့ ဒေသမျိုးနှင့် ရေဆင်း(၁၄)မျိုးတို့ကို ယှဉ်ပြိုင်စိုက်ပျိုးပြသခြင်းကြောင့် တောင်သူများအနေဖြင့် မိမိဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်ကို မျက်မြင်ကိုယ်တွေ့ရွေးချယ်နိုင်တော့မည်ဖြစ်ကြောင်း၊ မျိုးကောင်းမျိုးသန့်အသုံးပြုခြင်းကြောင့် တစ်ဧကအထွက်နှုန်းသိသိသာသာ တိုးတက်သည့်အပြင် အပင်ညီညာခြင်း၊ အပွင့်ညီခြင်း၊ သီးမှည့်ချိန်တူညီခြင်းတို့ကြောင့် အကြိမ်ကြိမ်ခူးဆွတ်ရန် မလိုသည့်အတွက် လုပ်အားခသက်သာခြင်း၊ ပိုးမွှားများအလွယ်တကူဝင်ရောက်သည့်ဒဏ်မှ ခံနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း သိရသည်။

**ရဲသူရအောင် (ညောင်ဦး)**



# ပါရမီဆေးရုံအထူးကုဆရာဝန်များအဖွဲ့ မြောက်ဦးတွင် ကွင်းဆင်းကုသမှုများဆောင်ရွက်

**မြောက်ဦး အောက်တိုဘာ ၁၁**

ရေဘေးလွန်ကာလ ပြန်လည်ထူထောင်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု CB-KMA ဖောင်ဒေးရှင်း၏ အစီအစဉ်အရ ပါရမီအထူးကုဆေးရုံမှ အထူးကုဆရာဝန်ကြီးများအဖွဲ့သည် အောက်တိုဘာ ၄ ရက်နှင့် ၅ ရက်တို့တွင် ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်၌ ကွင်းဆင်းကုသမှုများ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ပါရမီအထူးကုဆေးရုံမှ အထွေထွေရောဂါကုဆရာဝန်ကြီး ဒေါက်တာဇေယျာအေး၊ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာသိန်းထွန်း၊ ဆရာဝန်နှစ်ဦးနှင့် သူနာပြုအကူနှစ်ဦးတို့ပါဝင်သော ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့သည် အောက်တိုဘာ ၄ ရက်က မြောက်ဦးမြို့ အလိုတော်ပြည့်ဘုန်းကြီးကျောင်းတွင် လူနာ ၂၀၀ ခန့်ကိုလည်းကောင်း၊ အောက်တိုဘာ ၅ ရက်တွင် လူနာ ၄၀၀ ခန့်ကိုလည်းကောင်း ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။ ထို့အပြင် မြောက်ဦးမြို့နယ် မြောင်ဘွေကျေးရွာရှိ တိုက်နယ်ဆေးရုံသို့ သွားရောက်ပြီး CB-KMA ဖောင်ဒေးရှင်းမှလှူဒါန်းသော ခုတင်(မွေ့ရာပါ) အလုံး ၂၀၊ ခွဲစုပ်စက် တစ်လုံး၊ Oxygen Concentrator တစ်လုံးနှင့် Nebulizer တစ်လုံးတို့ကို လှူဒါန်းခဲ့သည်။ ထို့နောက် မြောက်ဦးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးဌာနနှင့် မြောက်ဦးဆေးရုံသို့ နားကြပ်၊ သွေးပေါင်ချိန်တိုင်းကိရိယာ၊ ပေါင်ချိန်စက်နှင့် ဆေးဝါးမျိုးစုံတို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

ပါရမီဆေးရုံသည် CB-KMA ဖောင်ဒေးရှင်း၏ ရေဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ကနဦးမတည်ငွေ ကျပ်သိန်း ၅၀၀ ထည့်ဝင်လှူဒါန်းခဲ့ပြီး ဆေးဝါးကုသရေးအဖွဲ့များကို စေလွှတ်ကာ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်လျက်ရှိရာ အထူးကုဆရာဝန်ကြီးများဖြင့် ကွင်းဆင်းကုသပေးခြင်းမှာ ယခုအကြိမ်သည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း အထွေထွေရောဂါအထူးကုဆရာဝန်ကြီး ဒေါက်တာဇေယျာအေးက ပြောသည်။



**ခင်မောင်ဝင်း(ကြေးမုံ)**

## ○ ကျောက်ဖြူမှ

ယခုဖွင့်လှစ်လိုက်သော ကျောက်ဖြူမိုးလေဝသရေဒါစခန်းကို ၂၀၁၄ ခုနှစ် မတ်လမှ စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၅ ခုနှစ် ဇူလိုင်လတွင် ပြီးစီးခဲ့သည်။ ကျောက်ဖြူ မိုးလေဝသရေဒါစခန်း၏ တည်ဆောက်ရေးလုပ်ငန်းများကို ဂျပန်နိုင်ငံ Taisai Corporation မှတာဝန်ယူတည်ဆောက်ခဲ့ပြီး ရေဒါနှင့်သက်ဆိုင်သော စက်ကိရိယာပစ္စည်းများကို ဂျပန်နိုင်ငံ Japan Radio Co.,Ltd.(JRC) မှ တာဝန်ယူတပ်ဆင်ပေးခဲ့သည်။ အချိန်နှင့်တစ်ပြေးညီဖြစ်ပေါ်နေသော မုန်တိုင်းအခြေအနေ၊ လေဖိအားနည်းရပ်ဝန်းအခြေအနေ၊ မိုးရွာသွန်းမှုအခြေအနေ အစရှိသော မိုးလေဝသအခြေအနေများကို Real Time Focus ပြုလုပ်နိုင်ရန် နေပြည်တော်ရှိ သဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေးဗဟိုဌာနသို့ တိုက်ရိုက်ပေးပို့မည်ဖြစ်သည်။

မိုးလေဝသရေဒါ၏ ဖမ်းယူနိုင်စွမ်းမှာ အချင်း ၉၀၀ ကီလိုမီတာ(မိုင် ၅၀၀ ခန့်)ရှိသောကြောင့် ၂၀၁၆ ခုနှစ်တွင် ဖွင့်လှစ်မည့် ရန်ကုန်မြို့ မိုးလေဝသရေဒါနှင့် ၂၀၁၇ ခုနှစ်တွင် ဖွင့်လှစ်မည့် မန္တလေးမြို့ရှိ မိုးလေဝသရေဒါများပြီးစီးပါက မြန်မာတစ်နိုင်ငံလုံး နီးပါးကို လွှမ်းခြုံနိုင်ပြီး မိုးလေဝသဆိုင်ရာ သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်တော့မည်ဖြစ်သည်။ မိုးလေဝသရေဒါတစ်လုံး၏ ကာလ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄ သန်းခန့် ရှိသည်။

နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် ဂျပန်နိုင်ငံအစိုးရမှ ပို့ဆောင်ရေးဝန်ကြီးဌာနသို့ မိုးလေဝသဆိုင်ရာ အကူအညီ အထောက်အပံ့များအပြင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအတွက် ပန်းဆိုးတန်း-ဒလကူးတို့လမ်းအတွက် ချယ်ရီ ကူးတို့ရေယာဉ်သုံးစင်း၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနအတွက် လေကြောင်းလမ်းညွှန်မှုဆိုင်ရာ အထောက်အကူပြုပစ္စည်းများနှင့် မြန်မာ့ဆိပ်ကမ်း အာဏာပိုင်အတွက် ရန်ကုန်မြစ်ကြောင်း ရှင်းလင်းရေးလုပ်ငန်းများ စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၆၆ သန်းကို ကူညီထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

## ❖ ကျောဖုံးမှ

ရေထဲမိုးထဲ။ ကျောက်ကလည်း အရင်ကလောက်မပေါတော့ဘူး။ ရှားလာပြီ။ အောက်ပိုင်း ဆိပ်သာ၊ ရွှေကျင်တို့လိုဆိုရင်တော့ ပေါတာပေါ့။ သူတို့အရပ်မှာက ကျောက်၊ သဲကြမ်းမှုန့်နဲ့ နကြီးကျောက်ရောတိရောရာတွေကိုလည်း ဝယ်တယ်။ ဒီဒေသမှာက သုံးမတ်ကျောက်၊ ငါးမူးကျောက်တွေကို ခြောက်ပစ်ကင်း သဲလဲစင်သန့်နေအောင် ဆန်ခါတွေနဲ့ အမှုန်အမွှားတွေစင်သွားအောင် စက်တွေနဲ့ခုတ်ပေး၊ သန့်ပေးရတာ။ ဒီဘက်တက်ဝယ်ကြတယ်ဆိုတာက ကျောက်ကသန့်လို့။ လုပ်ရတာကြတော့လည်း အောက်ပိုင်းဒေသတွေမှာ တစ်နာရီကို ဆယ်ကျင်းရတယ်ဆိုရင် ဒီမှာက လေးကျင်းလောက်ပဲရတယ်။ ကျောက်သန့်အောင် အချိန်ပေးရတယ်။ ဒီတော့ ကုန်ကျမှုဆီစရိတ်တွေပိုလာပြီး အမြတ်နည်းသွားတယ်။ အရင် ၂၀၁၂ ကနေ ၂၀၁၄ ခုနှစ်လောက်ထိကောင်းတယ်။ ဒီဘက် ၂၀၁၅ ကျတော့ သိပ်မကောင်းတော့ဘူး။ ထုတ်လုပ်တဲ့အခါမှာ သဲလွှာထုက များနေတယ်။ ကျောက်စုပ်သာနေတယ် သဲကတစ်နေရာ ပြောင်းသွားတာမဟုတ်ဘူး။ ဒီနေရာမှာပဲပြန်ကျတာ။ အပေါ်ယံပိုင်းမှာက သဲကြမ်းတွေရှိတယ်။ ကျောက်ချေးခေါ်တာပေါ့။ အောက်ဆုံးမှာပဲ ကျောက်ရှိတာ”ဟု ကျောက်ထုတ်လုပ်မှုအခြေအနေကို လုပ်ငန်းရှင်တစ်ဦးက ရှင်းပြသည်။

ဧရာဝတီမြစ်အောက်ပိုင်း သိမ်တော၊ မိုးညို၊ ရွှေကျင်၊ ဆိပ်သာ စသည့်ဒေသများတွင် သဲကြမ်း၊ ကျောက်နကြီးများရောနေသည့် လက်သန်းဖျား၊ အာလူး ရောတိရောရာ အရွယ်စုံကို ဈေးကောင်းပေးဝယ်နေကြပြီး ရန်ကုန်မြို့နှင့် ခရီးနီးခြင်း၊ သင်္ဘောများဆီစရိတ်သက်သာခြင်းတို့ကြောင့် ကျောက်မလှသော်လည်း ဈေးပိုရနေခြင်းဖြစ်ကြောင်း၊ မလွန်ဒေသမှာမူ ခရီးဝေး၍ မဝယ်ကြဘဲ ဈေးကွက်ပျောက်မည်ကို စိုးရိမ်နေရကာ ဈေးလိုချင်သလောက် မရသော်လည်း ကျောက်လှအောင်လုပ်ပေးနေရကြောင်း၊ ယခုအချိန်တွင် ရနိုင်သလောက် ထုတ်လုပ်နေရသော်လည်း မရနိုင်သည့်အဆုံး ဘယ်လောက်ပင် ထုတ်ပေးချင်သော်လည်း လွယ်တော့မည်မဟုတ်ကြောင်း၊ ယခင်နှစ်များက သင်္ဘောတွဲတစ်တွဲ၌ ကျောက်စရစ်ကျင်း ၃၀၀ တင်ရန် အချိန်အများဆုံး သုံးရက်သာပေးရသော်လည်း ယခုနှစ်တွင်မူ အချိန် ရှစ်ရက်ခန့် လုပ်နေရကြောင်း၊ အချိန်နှင့် ကုန်ကျစရိတ်လည်း နှစ်ဆကျော်မြင့်တက်သွားကြောင်း သိရသည်။။

“သက်ဆိုင်ရာက ကျောက်ကွက်တစ်ကွက်ကို ၂၆၇ ပေ သတ်မှတ်တယ်။ အရင်တုန်းကတော့ ဧက ၂၀၊ ၃၀လောက်ထိ လုပ်ကွက်တွေရတယ်။ ခုကတော့ လိုချင်တဲ့သူတွေများလာတော့ ဧရိယာသတ်မှတ်တာနည်းသွားတာ။ နိုင်ငံတော်အတွက်လည်းအခွန်အခရအောင် တာဝန်ရှိတဲ့သူတွေက စီမံတဲ့အပိုင်းလည်း ပါတာပေါ့။ မြစ်အစုန်၊ အဆန် အလျား ၂၆၇ ပေနဲ့ ဘေးတွေက မြစ်ကြောင်းနဲ့ လွတ်အောင် လုပ်ရတယ်။ ရွာနဲ့ဆိုရင် ကမ်းနဲ့ ပေ ၅၀၀၊ ၆၀၀ လောက်ကွာရတယ်။ လက်ရှိဒီမှာ လုပ်ကွက်ပေါင်း ၆၀ ကျော်ရှိတယ်။ လုပ်ကွက်တစ်ကွက်ကို ကျင်း ၁၅၀၀ ထုတ်လုပ်မှုတင်တာ ဓာတ်သတ္တုခွန်က အရင် ၅၀ ကျပ်ကနေ လက်ရှိဘဏ္ဍာနှစ်မှာ ၂၅၀၀ ကျပ်ထိ တိုးမြှင့်ဆောင်လိုက်ရတဲ့အတွက် လူတွေက ရမှုရပ့်မလားကြောက်ကုန်ကြတယ်။ ကိုယ်ကရောင်းချင်ပေမယ့် ဝယ်သူကလည်းရှိဦးမှဖြစ်မှာ။ အရင်ကလုပ်ကွက်တစ်ကွက်ကို ကျပ် ၇၅၀၀၀ သွင်းရာကနေ ခုတော့ တစ်ကွက်ကို ၃၇ သိန်းခွဲကျတယ်။ ပိုင်ရှင်တွေ အခက်အခဲဖြစ်ကုန်ကြတယ်။ တိုင်းမြစ်ကြောင်းဖြိုးအတွက် ဘဏ်မှာ လုပ်ကွက်တစ်ကွက်ကို သုံးသောင်းခွဲသွင်းရတယ်။ ဝင်ငွေခွန်၊ ဓာတ်သတ္တုခွန်၊ မြစ်ကြောင်းဖြိုးဘဏ်ချလန်ဆိုပြီး အခွန်(၃)မျိုးတာဝန်ကျေအောင် ထမ်းနေပါတယ်။ ကျောက်တစ်ကျင်းရဖို့ လုပ်သားခ ကျပ် ၃၅၀၀၊ စက်လှေခ ကျပ် ၅၀၀၀၊ အထွေထွေစရိတ် ၅၀၀ ကျပ်၊ နိုင်ငံတော်သွင်းရတဲ့ အခွန်အခတွေမပါသေးဘူး။ သွင်းဈေးက ကျပ် ၁၁၀၀၀ ပဲရတယ်။ စားဖို့အတွက်မလုပ်လို့လဲ မဖြစ်ပြန်ဘူး” ဟု လုပ်ငန်းရှင်တစ်ဦးက လက်တွေ့ရင်ဆိုင်နေရသော လုပ်ငန်းအနေအထားကို ပြောသည်။

စည်းစနစ်ကျသော လုပ်ငန်းဖြစ်စေရန် ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်တွင် မြစ်ကျောက်စရစ်လုပ်ငန်းရှင်များအသင်းကိုဖွဲ့စည်းခဲ့ပြီး အသင်းတာဝန်ယူချိန်မှစ၍ ပေတော၊ သပြုတော၊ ကိုင်းရွာ သုံးရွာ ဒေသဖွံ့ဖြိုးရေးအတွက် ကျေးရွာတစ်ရွာလျှင် ငွေကျပ် ၁၀ သိန်း၊ စာသင်ကျောင်းများအတွက် တိုင်ကပ်နာရီ၊ ရေသန့်စက်၊ ဗလာစာအုပ် ဒါဇင် ၃၀၊ ခဲတံချွန်စက် ၇၅ လုံး၊ ခဲတံ လေးဒါဇင်၊ အိမ်သာခွက် ၅၅ လုံးလှူဒါန်းခဲ့ကြောင်း၊ ပေတောစာသင်ကျောင်း ကျောက်မထုတ်ခင်ကတည်းက ကမ်းပါးပြိုနေသည့်အတွက် ကျောင်းမြေနေရာဝယ်ရန် သီးသန့် သိန်း ၂၀ ပံ့ပိုးပေးခဲ့ကြောင်း၊ စာသင်ကျောင်းအနီးရှိ ဘုရားစေတီ မြေထိန်းနံရံပြိုနေသည့်အတွက် ၂၇ သိန်းအကုန်အကျခံပြီး ကျောက်ရိုးစီ လှူဒါန်းခဲ့ကြောင်း၊ နိုင်ငံတော်အခွန်များကိုလည်း ကျေပွန်စွာ ထမ်းဆောင်လျက်ရှိကြောင်း မြစ်ကျောက်စရစ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဝင်းလှိုင်ထံမှ သိရသည်။

အသင်းအနေဖြင့် ရာသီဥတုမကောင်းလျှင် အခြေအနေပေါ်မူတည်ကာ ခေတ္တလုပ်ကွက်ရပ်ပြီး စက်လှေများ ကမ်းကပ်ခိုင်းရသည်များရှိကြောင်း၊ မလိုလားအပ်ဘဲ အသက်၊ ဥစ္စာပစ္စည်းများမဆုံးရှုံးအောင် စည်းကမ်းနှင့် ကာကွယ်ပေးနေရကြောင်း၊ စည်းကမ်းမရှိလျှင် လုပ်ငန်းရှင်များနှင့် ဒေသခံများပဲ နစ်နာမည်ကို သိစေချင်ကြောင်း၊ ယခုလုပ်ငန်းကိုလေလံတင်လိုက်လျှင် ကုမ္ပဏီကြီးများလာပြီး ယင်းတို့၏ ဘက်ဟိုးများ၊ ရိုလာကြီးများနှင့် လုပ်ငန်းကို လိုသလို အင်အားများသုံးပြီးလုပ်ပါက ဒေသခံများ၏ အကျိုးစီးပွားသာ နစ်နာမည်ဖြစ်ကြောင်း အသင်းဥက္ကဋ္ဌ၏ ပြောကြားချက်အရသိရသည်။

“ရန်ကုန်မှာ ကျောက်တစ်ကျင်း တစ်သိန်းလောက်ပေါက်တုန်းက ဒီမှာတစ်ကျင်း တစ်သောင်းနှစ်ထောင်ပဲရတယ်။ ထိုက်သင့်တဲ့ငွေကြေးလေးတွေ တော့ရချင်တာပေါ့ဗျာ။ ဒေသမှာကလည်းဈေးကွက်လေးငြိမ်အောင် တစ်သောင်းခွဲလောက် မာအောင်ထားချင်ပေမယ့် ဈေးကွက်ချိုးပြီးလျှော့ရောင်းတဲ့သူတွေ၊ ဖောက်တဲ့သူတွေရှိတာကြောင့် ပေးတဲ့ဈေးနဲ့ပဲရောင်းနေရတာ။ ဒီကလူတွေစုပြီး ရန်ကုန်ဈေးကွက်တင်မယ်ဆိုတော့လည်း ရန်ကုန်မှာ ကျောက်ပုံဖို့ကွင်းမရှိတာက အဓိကအခက်အခဲဖြစ်နေတယ်။ တိုက်ရိုက်ရောင်းဖို့ အခက်အခဲဖြစ်တဲ့အခါမျိုးမှာ သင်္ဘောပေါ်မှာထားလို့လည်းမရဘူး၊ သင်္ဘောခက တစ်ရက်ဆို လွယ်တာမဟုတ်ဘူး။ သင်္ဘောပေါ်ကချက်ချင်းချပြီး ကားပေါ်မတင်ခင် ခဏတစ်ရက်လောက်ပုံတာကို ကွင်းပုံခ ငါးသိန်းလောက်ပေးရတယ်။ ဒီအခက်အခဲကို နယ်သမားတွေက ရင်မဆိုင်နိုင်ဘူး။ ဈေးကွက်အနေအထားအရ အရောင်းသွက်ရင်သိပ်ပြဿနာမရှိဘူး။ ယူသူမရှိလို့ ပုံနေရင် ဒုက္ခရောက်ပြီ။ ကွင်းရှိတဲ့သူ ချမ်းသာတာပဲ”ဟု ဈေးကွက်ဖော်ဆောင်နိုင်ခြင်းမရှိမှု၏ အဓိကသော့ချက်ကို လုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

ရန်ကုန်ဈေးကွက်၌ အစိုးရအဖွဲ့အစည်းတစ်ရပ်ရပ်မှကူညီပြီး ဈေးနှုန်းသက်သက်သာသာဖြင့် ကွင်းငှားပေးမည်ဆိုလျှင် (သို့မဟုတ်) ဥပမာပေးရလျှင် စည်ပင်သာယာကဲ့သို့သောဌာနကြီးက အဝယ်ဒိုင်ကြီးများဖွင့်ပြီး ပြန်ဖြန့်ရောင်းသည့်စနစ် လုပ်ပေးမည်ဆိုလျှင် ထုတ်လုပ်ရောင်းချသူများလည်း ဈေးကောင်းရ၊ အစိုးရလည်းဝင်ငွေရ၊ ဝယ်ယူသုံးစွဲသူများလည်း ဈေးနှုန်းမှန်စွာ သုံးစွဲနိုင်မည်ဟုထင်မြင်ကြောင်း၊ လက်ရှိအခြေအနေအရ နယ်မှာဝယ်သည့်ဈေးနှင့် ရန်ကုန်ပေါက်ဈေး အဆမတန်ကွာကာ နယ်သမားများ အကျိုးအမြတ် နည်းလွန်းနေကြောင်း၊ စားဝတ်နေရေးအတွက် မတတ်သာ၍ဆက်လုပ်နေရကြောင်း မြစ်ကျောက်စရစ်ထုတ်လုပ်ရေးလုပ်ငန်းရှင်များထံမှ သိရသည်။

လတ်တလောတွင် သယံဇာတပိုင်ဆိုင်ပြီး ထုတ်လုပ်ရောင်းချနေသူများမှာ ထိုက်တန်သောအကျိုးအမြတ်များရရှိခြင်းမရှိဘဲ သယံဇာတကိုစီမံခန့်ခွဲနိုင်သောသူများကသာ အကျိုးအမြတ်အသာစီးဖြင့် မျက်နှာပန်းလှနေကြသည်။ အခြေခံဘဝများမှာ ကောင်းကင်ပစ်တဲ့ခဲ ခေါင်းပေါ်ပြန်ကျမည်စိုး၍ ဈေးမရလည်း မတင်းမာဝံ့။ အခွန်တိုးလည်း မငြင်းဆန်ဝံ့။ သူတို့သည် ဧရာဝတီမြစ်ပြင်ထဲမှ ကျောက်စရစ်ခဲလေးများနှင့်တူသည်။ ခမ်းနားထည်ဝါသော အဆောက်အအုံများ၏ အရေးပါသောအစိတ်အပိုင်းများ၌ သူတို့ပါသော်လည်း လှပစွာ ဖုံးကွယ်တန်ဆာဆင်ထားသောကြောင့် သူတို့အား မည်သူမျှမမြင်။ ။

## ✻ ရွှေဖုံးမှ

ဝတ်တဲ့အဝတ်အစား၊ ပြုမူတဲ့အပြုအမူက ဘယ်လိုဆိုတာ အဲဒီဒေသက သဘာဝပတ်ဝန်းကျင်ကို ကိုယ့်ကြောင့်ပျက်စီးမှုမရှိအောင် ဘယ်လိုစောင့်ရှောက်တယ်။ တားမြစ်ထားတဲ့ တောရိုင်းတိရစ္ဆာန်တွေကို ဝယ်ယူတာတွေ၊ စားသုံးတာတွေ ရှိ၊ မရှိ၊ ဒေသထွက်ပစ္စည်းတွေ သုံး၊ မသုံး၊ ဒေသက ခရီးသွားလမ်းညွှန်တွေကို ငှား၊ မငှားကနေ ဝန်ဆောင်မှုတွေအတွက် သင့်တင့်မျှတတဲ့ဈေး ပေး၊ မပေးအထိ ပါပါတယ်။ ဒါတွေက ဧည့်သည်နဲ့ ကုမ္ပဏီမှာတင်မက အိမ်ရှင်တွေ၊ ဒေသခံတွေ၊ ဒီအဝန်းအဝိုင်းထဲမှာ ပါဝင်ပတ်သက်နေသူတွေ အကုန်လုံး တာဝန်ရှိပါတယ်” ဟု ဆက်လက်ပြောသည်။

ကမ္ဘာပေါ်တွင် ဂေဟလေ့လာရေး ခရီးသွားလုပ်ငန်းသည် ၁၉၈၃ ခုနှစ်တွင် စတင်ပေါ်ပေါက်ခဲ့ပြီး မြန်မာနိုင်ငံ၌ ၁၉၉၃ ခုနှစ်မှ စတင်လုပ်ကိုင်လာခဲ့သော်လည်း ဂေဟဗေဒစနစ်ထိန်းသိမ်းရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများပင် မရည်ရွယ်ဘဲ ချိုးဖောက်မှုများရှိခဲ့ပုံကို သစ်တောထိန်းသိမ်းရေးလုပ်ငန်း လုပ်ကိုင်ခဲ့ဖူးသူ အဆင့်မြင့်အရာရှိကြီးတစ်ဦးက “ ကျွန်တော် ကရင်ပြည်နယ်မှာ တာဝန်ကျတော့ ညဘက်တွေဆို ဒေသခံရပ်ရွာလူကြီးတွေနဲ့ မီးပုံနားထိုင်ပြီး သစ်တောတွေကိုဘယ်လိုထိန်းသိမ်းဖို့ တာဝန်ရှိတယ်ဆိုတာမျိုးတွေသူတို့သိအောင် ပြောပြဆွေးနွေးဖြစ်တယ်။ အဲဒီလိုအချိန်မှာ တောင် ချမ်းလာလို့ ဖထီးရယ် အေးလာပြီ ထင်းမီးထည့်ပါဦးဆိုပြီး ကျွန်တော်ကိုယ်တိုင်ပြောခဲ့ဖူးတယ်။ သစ်တောထိန်းသိမ်းရေးကို ပြောနေတဲ့သူကိုယ်တိုင် ထင်းမီးသုံးဖို့ ပြောခဲ့မိသလိုပေ့ါ။ တစ်ခါတလေကြတော့လည်း မရည်ရွယ်ဘဲ ကိုယ့်ကြောင့် သစ်တောတွေ၊ သဘာဝပတ်ဝန်းကျင်တွေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သော်လည်းကောင်း ပျက်စီးတာတွေရှိတတ်တယ်”ဟု ၎င်း၏ အတွေ့အကြုံကို ပြောသည်။

မြန်မာနိုင်ငံတွင် ဂေဟလေ့လာရေး ခရီးသွားခြင်းနှင့် သဘာဝအခြေခံလေ့လာရေးခရီးသွားခြင်းတို့အတွက် သွားရောက်လေ့လာလည်ပတ်နိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၁ ခုတွင် အမျိုးသားဥယျာဉ်၊ သဘာဝသစ်တောကြိုးဝိုင်း၊ ဆင်စခန်း၊ အဏ္ဏဝါ အမျိုးသားဥယျာဉ်စသည့်နေရာပေါင်း ၂၀ ကျော် တည်ရှိကြောင်း သိရပြီး ပြည်တွင်းအခြေစိုက် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ အနေဖြင့် Ecotourism နှင့်ပတ်သက်၍ ခရီးသွားပုံစံသစ်များ ပေါ်ပေါက်လာစေရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။





# မြင်းခြံမြို့ရှိ နည်းပညာကောလိပ် အမိုးမျက်နှာကြက် ပြိုကျပျက်စီးမှုကို အမြန်ပြုပြင်ဆောင်ရွက်သွားမည်

**မြင်းခြံ အောက်တိုဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့တွင် အောက်တိုဘာ ၉ ရက် နံနက်ပိုင်းမှ စတင်၍ လေပြင်းများ တိုက်ခတ်ခဲ့ရာ ညပိုင်းတွင် အစိုးရနည်းပညာကောလိပ်(မြင်းခြံ) ပင်မကျောင်းဆောင် တတိယထပ်ရှိ ပေ (၃၀ × ၄၀) ကွန်ပျူတာခန်း၏ အမိုးမျက်နှာကြက်များ ပြိုကျပျက်စီးခဲ့သည်။

အဆိုပါ မျက်နှာကြက်ပြိုကျမှုကြောင့် အခန်းအတွင်း၌ အသုံးပြုလျက်ရှိသော ကွန်ပျူတာ ၂၁ လုံး၏ LCD မော်နီတာ၂၁ လုံးနှင့် ကွန်ပျူတာ စားပွဲတစ်လုံးတို့ ပျက်စီးခဲ့သဖြင့် တာဝန်ယူဆောက်လုပ်ခဲ့သည့် သံလွင်မဟာ ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူများထံ အောက်တိုဘာ ၁၀ ရက်က ဆက်သွယ်အကြောင်းကြားခဲ့သည်။

သံလွင်မဟာကုမ္ပဏီမှ တာဝန်ရှိသူများကလည်း ပျက်စီးဆုံးရှုံးမှုများကို လာရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း၊ မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်နှင့် မြင်းခြံခရိုင်နှင့် မြို့နယ်တို့မှ တာဝန်ရှိသူများကလည်း အဆိုပါ ပင်မကျောင်းဆောင် တတိယထပ်နှင့် ကွန်ပျူတာခန်း မျက်နှာကြက် ပြိုကျပျက်စီးမှုများကို ယနေ့မွန်းလွဲ ၂ နာရီခန့်က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း၊ အဆိုပါပျက်စီးမှုများသည် အောက်တိုဘာ ၉ ရက် ညပိုင်းကတိုက်ခတ်ခဲ့သည့် လေပြင်းအရှိန်ကြောင့် ပြိုကျပျက်စီးခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသည်။

အဆိုပါကျောင်းဆောင်ကို ၂၀၀၇ ခုနှစ်က ဧဒင်ကုမ္ပဏီမှ ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီတွင် ဖွင့်လှစ်ခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ်တွင် လေပြင်း တိုက်ခိုက်မှုကြောင့် အမိုးများလန်၍ ပျက်စီးမှုများဖြစ်ပေါ်ခဲ့သဖြင့် သံလွင်မဟာကုမ္ပဏီက အမိုးနှင့်မျက်နှာကြက်များကို ပြန်လည်ပြုပြင် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ ပျက်စီးမှုများအပေါ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် သံလွင်မဟာကုမ္ပဏီက အမြန်ပြန်လည်ပြုပြင်ရန် အောက်တိုဘာ ၁၂ ရက်မှစ၍ ဆောင်ရွက်သွားမည်ဖြစ်ပြီး အခြားအခန်း မျက်နှာကြက်များကိုလည်းစစ်ဆေး၍ လိုအပ်သလို ပြုပြင်ပေးသွားမည်ဖြစ်ကာ ပျက်စီးဆုံးရှုံးခဲ့သည့် ကွန်ပျူတာ ၂၁ လုံးနှင့် စားပွဲတစ်လုံးတို့ကိုလည်း လျှော်ဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**(တိုင်းဒေသကြီးပြန်/ဆက်)**

❖

# အမှိုက်မှစွမ်းအင်ထုတ်လုပ်မည်

မြန်မာနိုင်ငံတွင် ပထမဆုံးတစ်ရက်လျှင် တန်၆၀ အမှိုက်မှစွမ်းအင်ထုတ်လုပ်မည့်စက်ရုံကို အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၂ သန်းအကုန်အကျခံကာ ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်တွင် ယခုနှစ် အောက်တိုဘာလ၌ စတင်တည်ဆောက်မည်ဖြစ်ပြီး ၂၀၁၇ ခုနှစ် မတ်လကုန်တွင် ပြီးစီးမည်ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ သိရသည်။

အဆိုပါစက်ရုံတည်ဆောက်ရခြင်းမှာ ကမ္ဘာကြီးကို ပူနွေးစေပြီးရာသီဥတုပြောင်းလဲခြင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဆိုးကျိုးများကိုဖြစ်ပေါ်စေသည့် မီသိန်းဓာတ်ငွေ့နှင့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကိုလျှော့ချနိုင်မည့်အပြင် လျှပ်စစ်ဓာတ်အားကိုလည်း ရရှိစေနိုင်ခြင်းကြောင့်ဖြစ်သည်ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌက ပြောသည်။

ရန်ကုန်မြို့တွင် နေ့စဉ်အမှိုက်တန်ချိန် ၁၆၀၀ ကျော်ထွက်ရှိပြီး အဆိုပါစက်ရုံမှ တစ်ရက်လျှင် တန် ၆၀ဖြင့် စွန့်ပစ်အမှိုက်ကန် ၈၀၀ ကို မီသိန်းဓာတ်ငွေ့မှ လျှပ်စစ်ဓာတ်အား ၂၀ မဂ္ဂါဝပ်ထုတ်ယူပြီး စွန့်ပစ်အမှိုက် ကန် ၆၀၀ ကို အမှိုက်မီးရှို့သည့် စနစ်ဖြင့် ၁၇ ဒသမ ၄ မဂ္ဂါဝပ်ထုတ်ယူရန် စီစဉ်လျက်ရှိသည်။ ယင်းမှ လျှပ်စစ်ဓာတ်အားသည် တစ်နာရီလျှင် ၇၀၀ ကီလိုဝပ် ထွက်ရှိမည် ဖြစ်ရာ ၄၀၀ ကီလိုဝပ်ကို စက်ရုံမှပြန်လည်အသုံးပြုပြီးကျန် ၃၀၀ ကီလိုဝပ်ကိုအများပြည်သူသုံးစွဲနိုင်ရန်အတွက် National Grid Lineသို့ ထည့်သွင်းပေးမည်ဟု သိရသည်။

ယင်းစက်ရုံကို ဂျပန်နိုင်ငံ JFE Engineering အဖွဲ့၏ အကူအညီဖြင့် Letter of Intent ကို ၂၀၁၄ခုနှစ် မတ်လ ၁၁ ရက်တွင် ဂျပန်နိုင်ငံဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ပေးပို့ခဲ့ရာ ယင်းဌာန၏ Leaf Frog program ဖြင့် မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ထောက်ပံ့လျာထားချက်အရ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အမေရိကန်ဒေါ်လာ ၁၁ဒသမ၄သန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အမေရိကန်ဒေါ်လာ ၆ ဒသမ ၈ သန်း တည်ဆောက်စရိတ်ကျခံပေးသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄သန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အမေရိကန်ဒေါ်လာ ၆ ဒသမ ၆ သန်း တည်ဆောက်စရိတ်ကျခံရမည်ဖြစ်သည်။

"အမှိုက်တွေအကုန်လုံးကိုမီးရှို့လို့ မရပါဘူး။ မီးလောင်နိုင်တဲ့အမှိုက်နဲ့ မလောင်နိုင်တဲ့အမှိုက်ပြန်ခွဲရမှာပါ။ ၂၀၁၂ခုနှစ်ကတည်းက အမှိုက်အိတ် အပြာ၊ အစိမ်းခွဲပြီး စွန့်ပစ်ဖို့ ပြည်သူတွေကိုစည်းရုံးခဲ့ပါတယ်။ အပြာကို အမှိုက် အစိုထည့်ပစ်စေပြီး အစိမ်းကို အခြောက် ထည့်ပစ်စေပါတယ်။ ဒါဟာအခုတည်ဆောက်မယ့် စက်ရုံအတွက် ရည်ရွယ်ပြီးလုပ်ဆောင်ခဲ့တာပါ။ အခုတဖြည်းဖြည်း ပြည်သူတွေဘက်ကလည်းခွဲခွဲပြီးပစ်လာတော့ ကျွန်တော်တို့အတွက် အများကြီး အကျိုးရှိလာပါတယ်။ ပလတ်စတစ်ကတော့ သိပ်သည်းဆမြင့်မားတဲ့အတွက် ကျိုချက်ပြီးအမှိုက်အိတ်နဲ့ အမှိုက်ပုံး ပြန်ထုတ်ပါတယ်။ သိပ်သည်းဆနည်းပါးတဲ့ စားကြွင်းစားကျန်တွေကိုတော့ ဒီစက်ရုံကနေ လျှပ်စစ်ဓာတ်အား ပြန်ထုတ်ယူမှာပါ။ ဒါကြောင့် ပလတ်စတစ်ကို လျှော့ချနိုင်သလိုလေထုညစ်ညမ်းမှုကိုလည်း လျှော့ချနိုင်တော့မှာပါ" ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ ပတ်ဝန်းကျင်ထိန်သိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ လက်ထောက်ဌာနမှူးက ပြောသည်။

အဆိုပါစက်ရုံသည် အလျားပေ ၂၂၀၊ အနံပေ ၈၀ ရှိပြီးမြေ ၁၅ ဧကပေါ် တွင် တည်ဆောက်သွားမည်ဖြစ်သည်။ပြည်တွင်းမှ ဝန်ထမ်းအင်အားစက်ရုံမှူးအပါအဝင် ဝန်ထမ်း ၆၄ ဦးဖြင့် ဆောင်ရွက်ရန် လျာထားသည်ဟု သိရသည်။

❑




**✪ မြန်မာမှ**

နိဝိဆိုရမ် ဘယ်လိုမှမခံနိုင်တော့ဘဲ အမှတ်စဉ်ရေတွက်စဉ် ဆက်လက်ယှဉ်ပြိုင်ထိုးသတ်နိုင်ခြင်းမရှိတော့သည့်အတွက် စိုးလင်းဦးအနိုင်ရရှိခဲ့သည်။

ပရိသတ်စောင့်မျှော်နေသည့် နောက်ဆုံးပွဲစဉ်ဖြစ်သည့် ထွန်းထွန်းမင်း(မုဒုံ)နှင့် ဒယ်နီရယ် (နယူးဇီလန်)တို့၏ ပွဲစဉ်ပထမချီ၌ ထွန်းထွန်းမင်း၏ ထိုးဟန်အတိုင်းဖြစ်သော ပြင်းထန်သည့် ညာခြေကန်ချက်၊ အားပါသော ဘယ်ဝိုက်ညာဝိုက်လက်သီးတွဲလုံးနှင့် ပင့်ဒူးတို့အသုံးပြု၍ ယှဉ်ပြိုင်ထိုးသတ်ရာ ဒယ်နီရယ်၏ ဘယ်ဘက်မျက်ခုံးကွဲသွားပြီး ဒယ်နီရယ်ကပူးချုပ်ကန်လုံးပစ်လှဲမှုများ ပြုလုပ်ခဲ့သည်။

ဒုတိယအချီတွင် ထွန်းထွန်းမင်း (မုဒုံ)က ဒယ်နီရယ်(နယူးဇီလန်)ကို အောက်ခြေဖြတ်ကန်လုံးများ ဆင့်ကန်ပြီး ခြေဖြုတ်သော်လည်း အရာမထင်သည့်အတွက် ညာဝိုက်လက်သီးများတရစပ်ပစ်သွင်းရာ ပထမအချီက ထိမှန်ထားသော ဒယ်နီရယ်၏ ဘယ်မျက်ခုံးကို ဆက်လက်ထိမှန်သဖြင့် သွေးများအဆက်မပြတ်ထွက်ခဲ့သည်။ ဒယ်နီရယ်ကလည်း ထွန်းထွန်းမင်းကို ကန်လုံး၊ ထိုးလုံးနှင့် ခေါင်းတိုက်ချက်တွေက ထိမှန်ပြီး ဒုတိယအချီ ပြီးဆုံးခဲ့သည်။ ဒုတိယအချီအပြီးတွင် ဒယ်နီရယ်က မျက်ခုံးကွဲသွားသဖြင့် တတိယအချီမစခင်မှာပင် ဆက်လက် ယှဉ်ပြိုင်မထိုးသတ်နိုင်ကြောင်း ဒိုင်အဖွဲ့သို့ အကြောင်းကြားသဖြင့် ထွန်းထွန်းမင်းကို အနိုင်ပေးလိုက်သည်။

အခြားပွဲစဉ်များဖြစ်သည့် သုံးချီစိန်ပေါ်ပွဲ၌ အောင်ကျော်စိုး(ဒို့ရိုးရာ) နှင့် ကြယ်စင်ဦး(အဖြူရောင်သွေးသစ်)တို့က သရေ၊ လေးချီစိန်ခေါ်ပွဲ၌ စွမ်းထက်နိုင်(စွမ်းကေကေ၊ မန္တလေး) နှင့် ဒိုးလေး(အဖြူရောင်သွေးသစ်)၊ စောထူးအောင် (ဒို့ရိုးရာ)နှင့် ရှိုင်းထက်အောင်(အဖြူရောင်သွေးသစ်)၊ ရဲမာန်ဟိန်း(ထွန်းထွန်းမင်း)နှင့် ကြယ်စင် (မြိုင်ကလေးဘိလပ်မြေစက်ရုံ) တို့က အသီးသီးသရေကျခဲ့ပြီး ဉဒေါင်းမင်း(ထွန်းထွန်းမင်း)ကို ဇော်ချစ်အောင်(စွမ်းကေကေ၊ မန်း)က အနိုင်၊ မိုးမခ(ထွန်းသွင်)ကို မင်းမောင်မောင် (တောင်ကလေး)က အနိုင်ယူယှဉ်ပြိုင်ထိုးသတ်ခဲ့သည်။

ငါးချီစိန်ခေါ်ပွဲ၌ ရာမာန်(ရွှေဒေါပုံ) နှင့် နေနေ(သားအသည်းတစ်ပွင့်၊ စွမ်းကေကေ)တို့ကသရေ၊ အဖေ့သွေး (တောင်ကလေး)ကို စောလဒိုး(မြိုင်ကလေးဘိလပ်မြေစက်ရုံ)ကအနိုင်၊ ရဲသွေးနီ(တောင်ကလေး)က တိမ်တိုက် (ထွန်းသွင်)ကို အလဲထိုးအနိုင်ယူခဲ့ပြီး အဆိုပါပွဲချီတိုင်း ပရိသတ်တစ်ခဲနက်အားပေးမှုရရှိကာ ပွဲစဉ် ၁၁ ပွဲကျင်းပသည့်အနက် ပရိသတ်အထူးနှစ်ခြိုက်ခဲ့သည့် ပွဲစဉ်ဖြစ်ခဲ့သည်။

မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ၌ ပရိသတ်အသည်းကျော် လက်ဝှေ့အကျော်အမော် နှစ်ဦးဖြစ်သည့် ဝမ်ချိုင်းနှင့်ရွှေဝါထွန်းတို့၏ အထူးပွဲကို အောက်တိုဘာ ၂၅ ရက် မွန်းလွဲ ၂ နာရီတွင် ရိုးရာလက်ဝှေ့အားကစားရုံတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစိန်ခေါ်ပွဲနှင့်အတူ အခြားပွဲစဉ်များဖြစ်သည့် စောငမန်းနှင့် စောဂေါ်မူဒို၊ သပြေညိုနှင့် စိုးလင်းဦး၊ ဖိုးလပြည့်နှင့် ထက်အောင်ဦး၊ ဝမ်းစတားနှင့် စောဝီလျံ၊ မိုက်ရိုင်းနှင့် စောသဲဦး၊ စောထူးဇော်နှင့် မြလင်းအောင်၊ မိုးဟိန်းနှင့် လှစ်လှစ်လေးတို့က အသီးသီးယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ကြောင်း သိရသည်။

# ၂၀၁၅ ခုနှစ်အတွင်း နေပြည်တော်ကောင်စီနယ်မြေအတွင်းမှ မူးယစ်ဆေးဝါးအမှု ၃၄ မှု ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၁**

၂၀၁၅ ခုနှစ်အတွင်း နေပြည်တော်ကောင်စီနယ်မြေအတွင်းမှ မူးယစ်ဆေးဝါးအမှု ၃၄ မှု ဖမ်းဆီးနိုင်ခဲ့ပြီး ပျဉ်းမနားမြို့နယ်မှ အများဆုံးဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ယင်းမူးယစ်ဆေးဝါးအမှု ၃၄ မှုမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၀၅၆ ပြား၊ ဘိန်းဖြူ ၆၃ ဒသမ ၆၄ ဂရမ်၊ ဘိန်းစိမ်း ၁၉၅ ဒသမ ၉၅ ဂရမ်၊ ဆေးခြောက် ၆၉ ဒသမ ၈၂ ဂရမ်တို့ကို သိမ်းဆည်းနိုင်ခဲ့ပြီး ပြစ်မှုကျူးလွန်သူ ၅၁ ဦးအား တည်ဆဲဥပဒေများနှင့်အညီ ပြစ်ဒဏ်ချမှတ်နိုင်ရေး တရားစွဲဆိုလျက်ရှိသည်။

ယင်းမူးယစ်ဆေးဝါးအမှုများဖမ်းဆီးရာတွင် ပျဉ်းမနားမြို့နယ်မှ ၁၅ မှု၊ လယ်ဝေးမြို့နယ်မှ ၁၀ မှု၊ ဇမ္ဗူသီရိမြို့နယ်မှ သုံးမှု၊ ဒက္ခိဏသီရိမြို့မှ လေးမှု၊ ဥတ္တရသီရိမြို့နယ်မှ တစ်မှု၊ ပုဗ္ဗသီရိမြို့နယ်မှတစ်မှုတို့ကို နေပြည်တော်ရဲတပ်ဖွဲ့မှ ရှာဖွေဖော်ထုတ်ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ **(ကျော်သူထက်)**

# မြစ်ရေကျသော်လည်း ကြက်သွန်နီဈေးတက်

**ကျောင်းကုန်း အောက်တိုဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့တွင် ဒါးကမြစ်ရေပြန်လည်ကျဆင်းပြီဖြစ်၍ ယာယီပိတ်ထားသော စာသင်ကျောင်းများအားလုံးပြန်လည်ဖွင့်လှစ်ပြီဖြစ်သည်။ကျောင်းကုန်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ ဈေးဝယ်လာကြသော ခရီးသည်တင် စက်လှေများသည် ကျောင်းကုန်းဆိပ်ကမ်းတွင် စည်ကားစွာ ဆိုက်ကပ်လျက်ရှိသည်။ ကျေးရွာအသီးသီးမှ ဈေးဝယ်လာကြပြီး နံနက် ၉ နာရီခွဲခန့်တွင် မိမိကျေးရွာများသို့ အသီးသီး ပြန်လည်ထွက်ခွာသွားကြ၍ ဒေသခံများ အဆင်ပြေချောမွေ့လျက် ရှိသည်။

ကျောင်းကုန်းမြို့ မြို့မဈေးကြီးတွင် အခြေခံ စားသောက်ကုန်များဖြစ်သည့် ဆန်၊ဆီ၊ဆား၊ငရုတ်၊ကြက်သွန်များထဲမှ ကြက်သွန်နီဈေးသည် တစ်ပိဿာကျပ် ၁၂၀၀ မှ ၂၅၀၀ ကျပ်အထိ ခေါက်ချိုးတက်လာခဲ့သည်။မြန်မာနိုင်ငံအထက်ပိုင်း ရေကြီးနစ်မြုပ်မှုကြောင့် ကြက်သွန်နီဈေး အဆမတန် တက်လာရသည်ဟု ဒေသခံတစ်ဦးက ပြောသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

# သီတင်းကျွတ်၏ ပုံရိပ်၊ မြန်မာ့ရိုးရာမီးပလုံး ယနေ့တိုင်သုံးနေကြဆဲ

**ရေစကြို အောက်တိုဘာ ၁၁**

မြန်မာနိုင်ငံ၌ ရှေးယခင်ကတည်းက ၁၂ လ ရာသီပွဲတော်ကို ရိုးရာယဉ်ကျေးမှု အစဉ်အလာနှင့်အညီ ဆင်ယင် ကျင်းပလာခဲ့ကြသည်မှာ ယနေ့တိုင်ပင် ဖြစ်သည်။

၁၂ လ ရာသီပွဲတော်များအနက် သီတင်းကျွတ် မီးထွန်းပွဲတော်သည်လည်း အများပြည်သူတို့ စိတ်ဝင်စားစည်ကားသောပွဲတော် ဖြစ်သည်။ သီတင်းကျွတ်လပြည့်နေ့ကို နိုင်ငံတော်အစိုးရက တရားဝင်ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးသည်။

သီတင်းကျွတ်လပြည့်နေ့တွင် မီးထွန်းပွဲတော်ကျင်းပခြင်းသည် ဗုဒ္ဓဘာသာဝင်များအစဉ်ကိုးကွယ်ရာဖြစ်သော မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် ဝါတွင်းသုံးလပတ်လုံး နတ်ပြည်တွင် သီတင်းသုံးတော်မူပြီးနောက် သီတင်းကျွတ်လပြည့်နေ့တွင် နတ်တို့ဖန်ဆင်းအပ်သော ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းမှ လူ့ပြည်သို့ ပြန်လည်ကြွချီရာတွင် လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအားလုံးတို့က ဦးခိုက်၍ ဆီမီးအလင်းရောင်တို့ဖြင့် ထွန်းညှိပူဇော်သမှုပြုကြသည်ကို အစွဲပြု၍ သီတင်းကျွတ်လပြည့်နေ့တွင် မြန်မာနိုင်ငံအနှံ့အပြား ဒေသအသီးသီးတွင် သီတင်းကျွတ်မီးထွန်းပွဲတော်ကို ခြိမ့်ခြိမ့်သဲသဲ စည်စည်ကားကား ပျော်ပျော်ရွှင်ရွှင် ကျင်းပကြလေ့ရှိသည်။

ဤကဲ့သို့ သီတင်းကျွတ်မီးထွန်းပွဲတော်ကျင်းပခြင်းနှင့်အတူ မြန်မာ့ရိုးရာမီးပလုံးများတွင် ဖယောင်းတိုင်ထည့်၍ မီးထွန်းညှိပူဇော်ခြင်း၊ ကလေးများက ပျော်ရွှင်စွာကစားကြခြင်းသည် မြန်မာလူမျိုးတို့၏ သီတင်းကျွတ်အခါသမယ ရိုးရာယဉ်ကျေးမှု ပုံရိပ်များ ဖြစ်သည်။

မီးပလုံးပုံစံအမျိုးမျိုးကို ဝါးနှီးအခြေခံ၍ ဆီစိမ်စက္ကူ၊ မှန်ရောင်စက္ကူအမျိုးမျိုးဖြင့် ပြုလုပ်ရာတွင် ငါးထောင့်၊ ခြောက်ထောင့်၊ ရှစ်ထောင့်မီးပလုံးများတွင် ကြယ်မီးပလုံးများ၊ ကားမီးပလုံး၊ သင်္ဘောမီးပလုံး၊ ယုန်ရုပ်မီးပလုံး စသည်ဖြင့် ပြုလုပ်သုံးစွဲကြသည်။



အဆိုပါ မြန်မာ့လက်မှုပညာ ဝါးနှီးအခြေခံရိုးရာ မီးပလုံးအမျိုးမျိုးနေရာတွင် ပြည်ပနိုင်ငံများမှ တင်သွင်းသော ဒီဇိုင်းမျိုးစုံဖြင့် ပိုမိုလှပသည့် မီးပလုံးများ နေရာယူကြသော်လည်း မြန်မာ့ရိုးရာမီးပလုံးများမှာ ပျောက်ပျက်၍မသွား ဆက်လက်တည်မြဲလျက်ရှိသည်မှာ ဂုဏ်ယူဖွယ်ကောင်းလှပါသည်။

မြန်မာရိုးရာ မီးပလုံးလုပ်ငန်းနှင့်ပတ်သက်၍ "ကျွန်တော်က ဒီမီးပလုံးလုပ်ငန်းကို ဝါသနာအရလုပ်ကိုင်လာခဲ့တာပါ။ အခုဆိုရင် အနှစ် ၃၀ ကျော်ပါပြီ။ သီတင်းကျွတ်၊ တန်ဆောင်မုန်းလ ကုန်လွန်ကတည်းက မီးပလုံးအကြမ်းထည်တွေကို နေ့စဉ်နည်းနည်းစီလုပ်ပါတယ်။ အခုလိုရာသီရောက်တော့မှ မှန်ရောင်စက္ကူ၊ ဆီစိမ်စက္ကူတွေကို ကလေးတွေမြင်ရင်လိုချင်စိတ်ပေါက်လာအောင် အရောင်တွေစပ်ကပ်ပါတယ်။ ဒီအလုပ်က အကုသိုလ်ကင်းတယ်။ မီးပလုံးလုပ်တဲ့အလုပ်ကဝါးနှီးကိုအခြေခံပြီး စိတ်ကူးနဲ့လုပ်ရတဲ့အလုပ်ဆိုတော့ အခြားဘာမှမစဉ်းစား၊ မတွေးတော့မိတော့ဘူးပေ့။ ဒါကြောင့် အကုသိုလ်ကင်းတဲ့အလုပ်လို့ပြောရတာပါ။ ကျွန်တော်လုပ်တဲ့မီးပလုံးတွေက ငါးထောင့်၊ ခြောက်ထောင့် မီးပလုံး၊ ကြယ်မီးပလုံး၊ ယုန်ရုပ်မီးပလုံး ကားမီးပလုံး၊ သင်္ဘောမီးပလုံး အစုံပါပဲ။ ဝါးနှီးနဲ့ပုံစံချိုးတဲ့အခါ တချို့လူတွေက ဝါးအဆက်နေရာကို အဝတ်စနဲ့ပတ်၊ ကော်သုတ်ပြီးလုပ်ကြတယ်။ ကျွန်တော်ကတော့ ဝါသနာလည်းပါတော့ ဝါးအဆက်နေရာတွေမှာ စူးသေးသေးလေးနဲ့ဖောက်၊ အပ်ချည်နဲ့ သေသေချာချာတုပ်ပြီးလုပ်တော့ ရှိရှိသေသေကိုင်တဲ့ ကလေးတွေဆိုရင် နှစ်နှစ်၊ သုံးနှစ်ကိုင်ရတယ်။ အခုလိုရာသီချိန်ရောက်တော့ စက္ကူအသစ်သာကပ်ကြတယ်။ ဖောက်သည်တွေက ရှိပြီးသားပါ။ တစ်နေ့နည်းနည်းနဲ့ တစ်နှစ်လုံးလုပ်ထားတာဆိုပါတော့။ ရောင်းဈေးတွေက မီးပလုံးရိုးရိုး ကျပ် ၁၀၀၀၊ အရုပ်ဆိုရင် ကျပ် ၅၀၀၊ ကားအသေး၊ သင်္ဘောအသေးဆိုရင် ကျပ် ၅၀၀၊ အလတ်က ကျပ် ၁၅၀၀၊ အကြီးက ကျပ် ၃၀၀၀ ဈေးနှုန်းက အမျိုးမျိုးပါပဲ။ မှန်ရောင်စက္ကူတစ်ရွက် ကျပ် ၃၀၀၊ ဆီစိမ်စက္ကူတစ်ရွက် ကျပ် ၅၀ ဝယ်ရပါတယ်"ဟု မီးပလုံးနှင့်ပတ်သက်၍ ရေစကြိုမြို့ သုခဝတီရပ်ကွက်မှ မြန်မာ့ရိုးရာမီးပလုံး အမျိုးမျိုးကို ဝါသနာအခြေခံဖြင့် ပြုလုပ်နေသော ဦးသန်းအောင်က ရှင်းပြသည်။

ဤသို့အားဖြင့် သီတင်းကျွတ်အခါသမယ၏ပုံရိပ်ဖြစ်သော မြန်မာ့ရိုးရာမီးပလုံးများကို တိမ်ကောပပျောက်မသွားအောင် ဆက်လက်ထိန်းသိမ်းလုပ်ကိုင်သူများနှင့် မြန်မာ့ရိုးရာမီးပလုံး အမျိုးမျိုးကိုတန်ဖိုးထားသုံးစွဲကြသူများအား ဂုဏ်ပြုရေးသားအပ်ပါသည်။

**ဖေထွဏ်းဇော် (ရေစကြို)**

**မောင်းလျှင် မမူးနဲ့ မူးလျှင် မမောင်းနဲ့**

## မဲရုံမှူး၊ ဒုမဲရုံမှူးများ ဆင့်ပွားသင်တန်းဖွင့်

**ပင်းတယ အောက်တိုဘာ ၁၁**

နိုဝင်ဘာ ၈ ရက်နေ့တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲရုံမှူးနှင့် ဒုမဲရုံမှူးများအား သတ်မှတ်ထားသည့် လုပ်ငန်းတာဝန်များနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များအား သိရှိနိုင်ရန်အတွက် မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၉ ရက် နံနက် ၉ နာရီက ပင်းတယမြို့နယ်ဓမ္မာရုံ ပတ္တမြားခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌဦးငွေစိုးနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်ဝင်းတို့က အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းတွင် နိုင်ငံရေးပါတီအသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရပ်ကွက်နှင့်ကျေးရွာရှိ မဲရုံများတွင် တာဝန်ထမ်းဆောင်မည့် မဲရုံမှူး၊ မဲရုံအဖွဲ့ဝင် ၂၀၀ တို့အား ရွေးကောက်ပွဲကာလအတွင်း ပြည်သူများဆန္ဒမဲပေးမှုလုပ်ငန်းစဉ်တစ်လျှောက် ဆောင်ရွက်ရမည့် မဲရုံလုပ်ငန်းများကို သင်တန်းနည်းပြနှစ်ဦးတို့က သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**မိုးမိုးထွေး(ပင်းတယ)**

## အရေးပေါ်ရှာဖွေကယ်ဆယ်ရေးနှင့် အသက်ကယ်သင်တန်း ဟားခါး၌ ဖွင့်လှစ်ပို့ချ

**ဟားခါး အောက်တိုဘာ ၁၁**

သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ကျရောက်ချိန်များ၌ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များကို ကယ်ဆယ်စောင့်ရှောက်နိုင်ရေးအတွက် ရည်ရွယ်လျက် ဝေဠုကျော်ဖောင်ဒေးရှင်းနှင့် Myanmar Rescue တို့ ပူးပေါင်းဖွင့်လှစ်သော အရေးပေါ်ရှာဖွေကယ်ဆယ်ရေးနှင့် အသက်ကယ်သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက ဟားခါးမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်မီးသတ်ဦးစီးမှူး ဦးသန်းထိုက်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ Rescue လူမှုကယ်ဆယ်ရေးအဖွဲ့မှ နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုနှင့် လူမှုထူးချွန် တတိယဆုရှင် ဦးလှထွန်းနှင့် ဝေဠုကျော်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးဝေဠုကျော်တို့က သင်တန်းလာရောက်ဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်နှင့် အတွေ့အကြုံများကို ရှင်းလင်းတင်ပြကြကာ ပြည်နယ်တရားသူကြီးချုပ် ဦးဝင်းမြင့်ကျော်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် အရေးပေါ်ရှာဖွေကယ်ဆယ်ရေးနှင့် အသက်ကယ်ပစ္စည်းများကို တာဝန်ရှိသူများက ပေးအပ်ကြရာ ပြည်နယ်မီးသတ်ဦးစီးမှူးဦးသန်းထိုက်က လက်ခံရယူပြီး သင်တန်းကို အောက်တိုဘာ ၁၁ ရက်မှ ၁၅ ရက်အထိ ခြောက်ရက်ကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ဟားခါးခရိုင် (ပြန်/ဆက် )**

## ဇလွန်မြို့နယ်၌ အခြေခံအပ်ချုပ်စက် သင်တန်းဆင်း

**ဇလွန် အောက်တိုဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးကြပ်ဆောင်ရွက်သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံအပ်ချုပ်စက်သင်တန်း အမှတ်စဉ် ၁/၂၀၁၅ သင်တန်းဆင်းပွဲ အခမ်းအနားကို အောက်တိုဘာ ၇ ရက် နံနက်ပိုင်းက မြို့နယ်အား/ကာခန်းမတွင် ကျင်းပရာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာအောင်မြတ်ဦးက သင်တန်းဆင်းအမှာစကားပြောကြားကာ သင်တန်းတွင်ထူးချွန်ဆုရရှိသူများအား ဆုများပေးအပ်သည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဆန်းဝင်း၊ ကျေးလက်မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်တို့က သင်တန်းဆင်းလက်မှတ်များပေးအပ်ကာ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ပြီး သင်တန်းသူများ၏ မော်တာအပ်ချုပ်စက် လက်တွေ့လုပ်ဆောင်နေသည်များနှင့် အသင့်ချုပ်ပြီး အင်္ကျီများအား လိုက်လံကြည့်ရှုခဲ့သည်။

အဆိုပါသင်တန်းတွင် သင်တန်းသူ ၈၀ အား မော်တာအပ်ချုပ်စက် အလုံး ၄၀ နှင့် စာတွေ့လက်တွေ့သင်ကြားပေးပြီး သင်တန်းကာလမှာ တစ်လ ကြာမြင့်ကြောင်း သိရသည်။

**ငွေသန်း(ပြန်/ဆက်)**



## တပ်ကုန်းမြို့နယ် အနောက်တောင်ပေါ်လမ်းတွင် ဟီးနိုးယာဉ်တိမ်းမှောက်

**တပ်ကုန်း အောက်တိုဘာ ၁၁**

နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် အနောက်တောင်ပေါ်လမ်း (တပ်ကုန်း-ကြီးအင်း)လမ်း၌ အောက်တိုဘာ ၁၀ ရက် ညနေ ၃ နာရီခွဲက ယာဉ်တိမ်းမှောက်မှုဖြစ်ပွားရာ အမျိုးသမီးနှစ်ဦး သေဆုံးပြီး ခရီးသည် ၂၁ ဦးဒဏ်ရာရရှိကြောင်း သတင်းရရှိသည်။

ဖြစ်ပွားပုံမှာ တပ်ကုန်းမြို့မှ ဈေးဝယ်ပြီး ဈေးကုန်အပြည့်ဖြင့် ရွာအပြန် (တပ်ကုန်း-ကြီးအင်း) တောင်ပေါ်မြေသားလမ်း ကြီးအင်းကျေးရွာအဆင်းတွင် ယာဉ်မောင်း အောင်စိုး ဆရာစံရပ်ကွက် မောင်းနှင်သော ထ/-----ဟီးနိုးတီအီး ခဲရောင်ယာဉ်သည် ကုန်းအဆင်းတွင် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်သွားရာ ဒေါ်ပုရှိန် သာယာအေးရွာနှင့် ဒေါ်ပု ရွာသစ်ရွာတို့နှစ်ဦး သေဆုံးသွားပြီး အမျိုးသားလေးဦး၊ အမျိုးသမီး ၁၇ ဦး စုစုပေါင်း ၂၁ ဦး ဒဏ်ရာများရရှိ၍ တပ်ကုန်းမြို့ ခုတင် (၁၀၀)ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**(တင်စိုးလွင်)**



ဖိလစ်ပိုင်နိုင်ငံ မကာတီမြို့၌ အောက်တိုဘာ ၁၂ ရက်မှ ၁၆ ရက်အထိ ကျင်းပမည့် (၂၄)ကြိမ်မြောက် အာဆီယံတိုင်းရင်းဆေး ကျန်းမာရေးဖြည့်စွက်အစာ ထုတ်ကုန်ပစ္စည်းလုပ်ငန်းအဖွဲ့အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတက်ရောက်ရန် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးဆောင်၍ ဌာနဆိုင်ရာကိုယ်စားလှယ်သုံးဦး၊ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းများဖြစ်သော ထွန်းရွှေဝါ၊ ကေသီပန်၊ မောရိယ၊ ရုပ်ပျို၊ မှန်ချို၊ ဦးသာရင်၊ အေးငြိမ်းသီတာ၊ စိန်ဘယက်၊ အဘထ၊ FAME နှင့် ရွှေရည်ဝင်းပတ္တမြားတို့မှ ကိုယ်စားလှယ်များအား အောက်တိုဘာ ၁၁ ရက် နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မထွက်ခွာမီတွေ့ရစဉ်။ (ကြေးမုံ)

# မန္တလေးနန်းမြို့အတွင်းရှိ မင်းတုန်းမင်းအုတ်ဂူ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မန္တလေး အောက်တိုဘာ ၁၁**

မန္တလေးနန်းမြို့အတွင်းရှိ မင်းတုန်းမင်းအုတ်ဂူ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းနှင့် ကျောက်စာရုံထားရှိမှု အခြေအနေများကို အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းက ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဆွေ လာရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ စစ်ဆေးရာတွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ) ညွှန်ကြားရေးမှူးဦးညိုမြင့်ထွန်းနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ဒုတိယဝန်ကြီးက ရှေးဟောင်းအမွေအနှစ်များ ရေရှည်တည်တံ့ခိုင်မြဲရန် နှစ်စဉ်ဘတ်ဂျက်ငွေများ ချထားပေးကာ ဦးစားပေးအလိုက် ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိပြီး ဝန်ထမ်းများကလည်း တာဝန်အရသာမက စေတနာစိတ်ဖြင့် ကြိုးစားထိန်းသိမ်းရမှာဖြစ်ကြောင်း၊ ကျောက်စာများသည် သမိုင်းတန်ဖိုးကြီးမားသည့်အတွက် ထိန်းသိမ်းစောင့်ရှောက်ရာတွင် လုံခြုံရေးကိုလည်း အဓိကထား ဆောင်ရွက်ရမှာဖြစ်သလို အများပြည်သူ အဆင်ပြေစွာ လေ့လာကြည့်ရှုနိုင်ရန် စီစဉ်ပေးရန်လိုကြောင်း မှာကြားသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မြနန်းစံကျော်ရွှေနန်းတော်အတွင်းရှိ အဆောက်အအုံများ ပြင်ဆင်ခြင်း၊ နန်းမြင့်မျှော်စင် မှန်နန်းဆောင်တို့မှ အမွှမ်းပန်းများနှင့် ရေတံလျှောက်များ ကြွခိုင်ရေးနှင့် နန်းတော်ဆောင်အပြင်ဘက် လျှောက်လမ်းသစ်သားကြမ်းခင်းတစ်လျှောက် ကြွခိုင်ရေးတို့ လုပ်ဆောင်နေသည့် အပြင် မင်းတုန်းမင်း အုတ်ဂူကြမ်းခင်းနှင့် အုတ်ဂူမှ ကွာကျပျက်စီးနေသော မှန်စီရွှေချများကို ပြင်ဆင်ဆောင်ရွက်ခြင်းနှင့် အထွေထွေပြုပြင် ထိန်းသိမ်းခြင်းတို့ ဆောင်ရွက်နေခြင်းဖြစ်သည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မြန်မာနိုင်ငံရှိ ဓာတ်အားပေးစက်ရုံစီမံကိန်း၌ အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်းက ကန်ဒေါ်လာ သန်း ၄၀ ရင်းနှီးမြှုပ်နှံမည်

**မန္တလေး အောက်တိုဘာ ၁၁**

အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC) က မန္တလေးတိုင်းဒေသကြီးရှိ ၂၂၅ မဂ္ဂါဝပ် ဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံစီမံကိန်း၌ အမေရိကန်ဒေါ်လာ သန်း ၄၀ ရင်းနှီးမြှုပ်နှံရန် စီစဉ်နေကြောင်း Dealstreetasia.com တွင် ရေးသားထားသည်။

IFC ဝက်ဘ်ဆိုဒ်တွင်ဖော်ပြထားသော စီမံကိန်းဆိုင်ရာ အသေးစိတ်အချက်အလက်များအရ ဓာတ်အားပေးစက်ရုံအတွက် ရင်းနှီးမြှုပ်နှံမှုမှာ သတ်မှတ်ကာလအတွင်း ပြန်ဆပ်ရမည့်ငွေကြေးဖြင့်ပံ့ပိုးသည့်ပုံစံဖြစ်ကာ စင်ကာပူနိုင်ငံအခြေစိုက် Sembcorp Utilities Ptd., Ltd.နှင့် MMID Utilities Pte.,Ltd. တို့ အပါအဝင် ကုမ္ပဏီများယာယီပူးပေါင်းထားသော အဖွဲ့အစည်းတစ်ခုမှ တည်ဆောက်မည်ဖြစ်သည်။ စီမံကိန်းကို ၂၀၁၆ ခုနှစ် ပထမသုံးလအတွင်း စတင်ရန်မျှော်မှန်းထားပြီး တည်ဆောက်မှုပြီးစီးရန် နှစ်နှစ်နီးပါး ကြာမြင့်မည်ဖြစ်သည်။ အဆိုပါဓာတ်အားပေးစက်ရုံကို မြင်းခြံသံမဏိစက်ရုံရှိ ဓာတ်အားခွဲရုံနှင့် ချိတ်ဆက်သွားမည်ဖြစ်ပြီး စီးပွားဖြစ်လုပ်ငန်းလည်ပတ်မှုကို ၂၀၁၈ ခုနှစ် ပထမသုံးလအတွင်းစတင်ရန် စီစဉ်ထားကြောင်း IFC ကဆိုသည်။ ယင်းဓာတ်အားပေးစက်ရုံတွင် ဓာတ်ငွေ့တာဘိုင်ယူနစ်နှစ်စုံ၊ ရေနွေးငွေ့သုံးဂျင်နရေတာနှစ်စုံ၊ ရေနွေးငွေ့သုံးတာဘိုင်ဓာတ်အား ထုတ်ယူနစ်တစ်ခု၊ ရေအေးစနစ်နှင့် စွန့်ပစ်ရေသန့်စင်စက်ရုံတစ်ရုံတို့ ပါရှိမည် ဖြစ်သည်။

Delight Engineering Co.,Ltd. ရွှေတောင်၊ အာရုဏ်ဦးဆောက်လုပ်ရေးကုမ္ပဏီနှင့် Myanmar Light Co.,Ltd. ကဲ့သို့သော ပြည်တွင်းကုမ္ပဏီများက စီမံကိန်းတည်ဆောက်ရေးအတွက် ကန်ထရိုက်တာလက်ခွဲအဖြစ်ဆောင်ရွက်ရန် အဆိုတင်သွင်းခဲ့ကြကြောင်း မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းမှ အတွင်းရေးမှူး ဦးအောင်မြတ်ကျော်က ပြောသည်။ ယင်းကုမ္ပဏီများ၏ အဆိုပြုချက်များကို ပြီးခဲ့သည့် ဇူလိုင်အတွင်းက တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း၊ ဓာတ်အား ပေးစက်ရုံအတွက် သုံးစွဲမည့်ဓာတ်ငွေ့မှာ တရုတ်နိုင်ငံသို့ ပို့ဆောင်နေသော ရခိုင်ပြည်နယ် ရွှေဓာတ်ငွေ့သိုက်မှဖြစ်ကြောင်း ၎င်းက ပြောသည်။ စီမံကိန်းမြေအကျယ်အဝန်းမှာ ၁၁ ဒသမ ၆ ဟက်တာဝန်းကျင်ရှိပြီး စီမံကိန်းနယ်မြေမှာ ၂၈၀ ဟက်တာရှိသော နိုင်ငံပိုင်သံမဏိ စက်ရုံဝင်းတစ်ရုံအတွင်း တည်ရှိမည်ဖြစ်သည်။

**(သုတ)**

# မြန်မာနိုင်ငံ၏ပထမဦးဆုံး အထူးခြားဆုံးဖြစ်သည့် ယာဉ်ငယ်များစုစည်းလှုပ်ရှားသည့် စိတ်လှုပ်ရှားဖွယ်ကားပြိုင်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၁**

XTREME AUTO DRIVE 2015 မှပြုလုပ်သော မြန်မာနိုင်ငံ၏ ပထမဦးဆုံး အထူးခြားဆုံးဖြစ်သည့် အပန်းဖြေ ပျော်ပွဲရွှင်ပွဲဖြစ်သော စွမ်းအားမြင့်ယာဉ်ငယ်များ စုစည်းလှုပ်ရှားသည့် စိတ်လှုပ်ရှားဖွယ်ကားပြိုင်ပွဲကြီးကို MCC ကွင်း၌ အောက်တိုဘာ ၁၀ ရက် နံနက် ၁၀ နာရီမှ ညနေ ၆ နာရီထိ စည်ကားစွာကျင်းပခဲ့သည်။



TA RESOURCES MYANMAR ကုမ္ပဏီလီမိတက်မှ Marketing မန်နေဂျာ ဦးမျိုးမင်းအောင်က“ဒီပြိုင်ပွဲမှာ ဝါသနာရှင်ကားအလှပြိုင်စတန့်ထွင်သူ ၄၅ ဦး (အစီးရေ ၄၅ စီး) ပါဝင်ယှဉ်ပြိုင်ခဲ့ကြပါတယ်။ ထပ်မံဝင်ရောက်ပြသယှဉ်ပြိုင်ချင်သူတွေ များပေမယ့် အကုန်လုံးကို ပေးပါခွင့်မရလို့စိတ်မကောင်းပါဘူး။ ထိုင်းနိုင်ငံသားကို စတန့်ထွင် ပြသခိုင်းတယ်ဆိုတာကလည်း မြန်မာနိုင်ငံနဲ့နီးနေလို့ ပွဲစီစဉ်တဲ့ ကုမ္ပဏီကသူ့ကိုရွေးချယ်ခေါ်ယူလိုက်တာပါ၊ ဒီပွဲစဖြစ်တယ်ဆိုတာကလည်းကျွန်တော်တို့ ကုမ္ပဏီက ကားနဲ့ ဆက်စပ်တဲ့ပစ္စည်းတွေကို တရားဝင် ဖြန့်ချိနေတာဆိုတော့ Motor Sport Event တစ်ခုကိုလုပ်ချင်တယ်ဆိုပြီး စဉ်းစားမိတော့ ဒီအစီအစဉ်ကိုလုပ်ဖြစ်သွားတာပါ။ အရင်တုန်းက အပျော်တမ်းပွဲတွေရှိခဲ့တယ်ဆိုပေမယ့် ဒီနေ့ကျွန်တော်တို့ လုပ်ဆောင်တဲ့ပွဲကတော့ ကားအလှပြမောင်းနှင်တာတစ်ခုတည်းမဟုတ်ပါဘူး။ ကားအလှဆင်ပြိုင်ပွဲတွေနဲ့ ကျွန်တော်တို့ခေါ်ယူထားတဲ့ ထိုင်းမော်ဒယ်တွေရဲ့ ကားရေဆေးလို့ရတဲ့ငွေကြေးတွေကို မြန်မာနိုင်ငံက မိဘမဲ့ကလေးဂေဟာက လူမှုရေးအဖွဲ့အစည်းနှစ်ခုကို လှူဒါန်းသွားမယ့် အစီအစဉ်တွေရှိပါတယ်။ ဒီလိုပွဲက မြန်မာနိုင်ငံမှာ ပထမဦးဆုံးလုပ်ဖြစ်တာပါ။ ဒီလို Motor Sport ပွဲများ ပြုလုပ်ခြင်းအားဖြင့် သတ်မှတ်လမ်းကြောင်းမှာ ကားကိုဘယ်လိုကျွမ်းကျင်ထိန်းချုပ်မောင်းနှင်နိုင်မလဲဆိုတာ ပြသခိုင်းလိုက်တာပါ။ နှစ်စဉ်လုပ်သွားဖို့လည်းစီစဉ်ထားပါတယ်”ဟု ရှင်းပြသည်။

ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှ လာရောက်ကာ ကားစတန့်ထွင်အလှပြသသော ထိုင်းနိုင်ငံသား TIN SRITRAI က “ကျွန်တော်ကတော့ Singer Beer က ဖိတ်လို့လာရောက်ပြသတာပါ။ ဒီလိုကားစတန့်ထွင်ပြသတာနှစ်ပေါင်း ၂၀ကျော်အတွေ့အကြုံရှိပါပြီ။ နိုင်ငံပေါင်း ၁၀ နိုင်ငံနီးပါး ဝင်ရောက်ယှဉ်ပြိုင်ပြသဖူးပါတယ်။ ဒီကားယှဉ်ပြိုင်စတန့်ထွင်တာကလည်း ကျွန်တော့်အဖေဆီကပညာရခဲ့တာပါ။ ကျွန်တော်မနက်ဖြန်ဆို ထိုင်းနိုင်ငံကိုပြန်တော့မှာပါ။ ဒီနိုင်ငံမှာ ပထမဦးဆုံးလာရောက်ယှဉ်ပြိုင်ရလို့ပျော်ပါတယ်။ ဒီနိုင်ငံမှာပြီးရင် ဘယ်နိုင်ငံမှာ ဝင်ရောက်ယှဉ်ပြိုင်ဖြစ်မလဲဆိုတာ မသိသေးပါဘူး။ ဒီပြိုင်ပွဲမှာလည်း ကျွန်တော့်ကိုယ်ပိုင် ကားနဲ့ပဲ ဝင်ရောက်ယှဉ်ပြိုင်ပြသခဲ့တာမဟုတ်ပါဘူး။ ရန်ကုန်မြို့က ကားနဲ့ဝင်ရောက်ယှဉ်ပြိုင်ပြသခဲ့တာပါ။

ကျွန်တော် ကားဒီလိုပြသတာ မဆန်းသလို အရမ်းလည်း မလွယ်ကူပါဘူး။ အလယ်အလတ်က မောင်းနှင်ပြသသွားမှာပါ” ဟု အလှပြကွင်းအတွင်း ပီတိစကားပြောသည်။

ပွဲအတွက်ဆွဲဆောင်မှုများအဖြစ် ကလေးများအတွက် အထူးစီစဉ်ထားသော အဝေးထိန်းစနစ်ကစားစရာပွဲများ၊ ကားအပိုပစ္စည်းပြပွဲများ၊ ရှားပါးကားများနှင့် အလှဆင်ကားများအားပြသသွားပြီး ပျော်ပွဲရွှင်ပွဲအတွင်း ဆုရရှိသူ ၁၂ ဦးအား ရွေးချယ်ချီးမြှင့်ခဲ့ကာ ပထမဆုအား ငွေကျပ်ငါးသိန်းနှင့် လက်ဆောင်ပစ္စည်းများအား လည်းကောင်း၊ ဒုတိယဆုအား ငွေကျပ်သုံးသိန်းနှင့် လက်ဆောင်ပစ္စည်းများအားလည်းကောင်း၊တတိယဆုအား ငွေကျပ်နှစ်သိန်းနှင့် လက်ဆောင်ပစ္စည်းများအားလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ခဲ့ပြီး ကျန်ပြိုင်ပွဲဝင်ကိုးဦးအား လက်ဆောင်ပစ္စည်းများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်း-စိုးဝင်း (MLA)**
**ဓာတ်ပုံ-ညီညီ(သမိုင်း)**

# နောင်ချိုမြို့နယ်၌ အထူးရဲခန့်ထားခြင်းနှင့် လုပ်ငန်းတာဝန်များရှင်းလင်း

**နောင်ချို အောက်တိုဘာ ၁၁**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်အတူ ပေါင်းစည်းကာ လုံခြုံရေးဆိုင်ရာကိစ္စရပ်များဆောင်ရွက်ရန် နောင်ချိုမြို့နယ်၌ အထူးရဲ ၈၃ ဦးအား မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ခန့်အပ်တာဝန်ထမ်းဆောင်ရမည်ဖြစ်သဖြင့် ဒေသခံပြည်သူများ နားလည်သိရှိစေရန် အထူးရဲခန့်ထားဆောင်ရွက်မှု သတင်းစာရှင်းလင်းပွဲကို နောင်ချိုမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးအစည်းအဝေးခန်းမ၌ အောက်တိုဘာ ၇ ရက် နံနက် ၁၀ နာရီခွဲက ကျင်းပသည်။

အခန်းအနားတွင် နောင်ချိုမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစောနောင်က အထူးရဲများခန့်အပ်တာဝန်ပေးအပ်မှု၊ ရွေးချယ်ဖွဲ့စည်းမှု၊ သတ်မှတ်အရည်အချင်း၊ လုပ်ငန်းတာဝန်များ လေ့ကျင့်သင်ကြားသင်တန်းပို့ချမည့်စီမံချက်၊ တာဝန်ပေးအပ်မည့်ကာလ၊ နိုင်ငံတော်မှထောက်ပံ့ပေးသည့် လစာ၊ရိက္ခာ၊ရဲဝတ်ပစ္စည်းဆင်ယင်မှုများစသည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

❐

**ညောင်တုန်း အောက်တိုဘာ ၁၁**

# ညောင်တုန်းမြို့တွင် ကြက်သွန်နီနှင့်ကွမ်းရွက်ဈေးနှုန်းများ မကြုံစဖူးမြင့်တက်လျက်ရှိ

ညောင်တုန်းမြို့တွင် ဒုတိယအကြိမ်ဧရာဝတီမြစ်ရေပြန်လည်ကျဆင်းလာသည့်အချိန်မှစ၍ အထွေထွေကုန်ပစ္စည်းအချို့နှင့် ဟင်းသီးဟင်းရွက်၊ ကြက်သွန်နီနှင့်ကွမ်းရွက်ဈေးနှုန်းများ မကြုံစဖူးမြင့်တက်လျက်ရှိကြောင်း အောက်တိုဘာ ၉ ရက်က ညောင်တုန်းမြို့ (၈) လမ်းဈေးမှ ဆိုင်ရှင်ဦးမြတ်ကျော်ထံမှ သိရသည်။

ညောင်တုန်းမြို့တွင် ဧရာဝတီမြစ်ရေ ပထမဆုံးအကြိမ် မြင့်တက်စဉ်ကာလက လိမ္မော်ရောင်အဆင့်သတ်မှတ်ခဲ့သဖြင့် စိုက်ပျိုးမြေဧကေ ၉၉၈၈ဧကေ ရေဖုံးလွှမ်းပျက်စီးခဲ့ပြီး ယခုအခါကုန်စည်အချို့နှင့်ဟင်းသီးဟင်းရွက်ကုန်စိမ်းအချို့ ဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း သိရသည်။ယခင်က ညောင်တုန်းမြို့၌ ကြက်သွန်နီဈေးနှုန်းမှာ ဥအသေး ငွေကျပ် ၇၀၀ မှ ယခုဒုတိယအကြိမ်ဧရာဝတီမြစ်ရေမြင့်တက်ပြီးနောက် မြစ်ရေမှာအနည်းငယ်ကျလိုက်တက်လိုက်ဖြစ်နေသဖြင့် စိုက်ပျိုးသူ တောင်သူများအခက်တွေ့လျက်ရှိသည်။ ထို့ပြင် ယခင်က ညောင်တုန်းမြို့တွင် ကြက်သွန်နီကို အနည်းငယ် စိုက်ပျိုးမှုရှိကြောင်းသိရသည်။ ယခုအခါဧရာဝတီ မြစ်ရေမြင့်တက်ပြီး ရေကြီးမှုများကြောင့် စိုက်ပျိုးရေး၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးသူ တောင်သူအချို့ နှောင့်နှေးကြန့်ကြာမှုများရှိနေကြောင်း သိရသည်။ ယခုအခါ ညောင်တုန်းမြို့တွင် မကြုံစဖူး ကြက်သွန်နီဈေးနှုန်းမှာ ဥအသေးတစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀ အထိလည်း ကောင်း၊ ဥအကြီးမှာ တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀ မှ ငွေကျပ် ၂၂၀၀ ကျပ်ဝန်းကျင်ခန့် အထိ ဈေးနှုန်းမြင့်တက်လျက်ရှိပြီး ဈေးကြီးပေးဝယ်စားနေရကြောင်း စားသုံးသူအချို့ထံမှ သိရသည်။

ထို့ပြင် ရေဘေးသင့် ကာလပြီးနောက် ကွမ်းရွက်ဈေးနှုန်းမှာ တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ မှ ငွေကျပ် ၈၀၀၀ ဝန်းကျင် အထိ မြင့်တက်ခဲ့ကြောင်း ရန်ကုန်မြို့ သိရီမင်္ဂလာကွမ်းရွက် ဒိုင်သို့သွားရောက် ကွမ်းရောင်းဝယ်ရေးလုပ်နေသူ ကိုအောင်ကိုဌေးက ပြောသည်။ ထိုကဲ့သို့ကြက်သွန်နီနှင့် ကွမ်းရွက်ဈေးနှုန်းများ မြင့်တက်လာရခြင်းမှာ မြန်မာနိုင်ငံအနှံ့အပြားတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခြင်း ကြောင့် စိုက်ပျိုးမြေဧကများ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်မှုများကြောင့် ထွန်ယက်စိုက်ပျိုးရန် နောက်ကျနေခြင်း၊ ကုန်စည်တချို့ အဝင်နည်းရခြင်း၊ သယ်ယူပို့ဆောင်ရေး စရိတ်များကြီးမြင့်ခြင်းတို့ကြောင့်ဖြစ်ကြောင်း သိရသည်။

ယခုလက်ရှိ ညောင်တုန်းမြို့တွင်ညောင်တုန်းကွမ်း (ရှယ်)တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀ ဈေးမှ ငွေကျပ် ၆၀၀၀၊ အလတ်တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ မှ ငွေကျပ် ၄၀၀၀ ခန့်နှင့် အသေးတစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀ မှ ငွေကျပ် ၂၀၀၀ ဝန်းကျင်ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း ကွမ်းရွက်အရောင်းအဝယ်လုပ်သူ ကိုအောင်ကိုဌေးထံမှ သိရသည်။ ယခုအခါညောင်တုန်းမြို့တွင် ဟင်းသီးဟင်းရွက်အချို့ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိပြီး ပေါ်ဦးပေါ်ဖျားဈေးနှုန်းများဖြင့် တောင်သူအချို့ဈေးရလျက်ရှိကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**




# ဒေမီလက်ဗားတိုး၏ တေးဗီဒီယိုသစ်ထွက်ရှိ

အမေရိကန်ပေါ့ပ်အဆိုတော် ဒေမီလက်ဗားတိုး၏ တေးသီချင်းသစ် "Confident" တေးဗီဒီယိုကို အောက်တိုဘာ ၉ ရက် သောကြာနေ့က ထုတ်လွှင့်ပြသခဲ့သည်။

အဆိုပါတေးဗီဒီယိုသည် အက်ရှင်ဗီဒီယိုအမျိုးအစားဖြစ်ကာ ဒေမီလက်ဗားတိုးနှင့် ရော့ဒရီးဂတ်ဇ်တို့နှစ်ဦးသည် ရန်သူများအဖြစ် စတင်တွေ့ဆုံခဲ့ကြပြီး နောက်ပိုင်းတွင် သူငယ်ချင်းများဖြစ်သွားကြပုံကို ယင်းတေးဗီဒီယိုတွင် ပုံဖော်ရိုက်ကူးထားသည်။

Confidentသည် ဒေမီလက်ဗားတိုး၏ နောက်ဆုံးထွက်ရှိသော တစ်ကိုယ်တော်တေးအယ်လ်ဘမ်သစ် "Confident"မှ တေးသီချင်းတစ်ပုဒ်ဖြစ်သည်။ အဆိုပါတေးအယ်လ်ဘမ်အတွက် တေးသီချင်းများကို ဒေမီလက်ဗားတိုးအပါအဝင် စာဗန်ကော်တေးချာ၊ အဲလီးယား စာလ်မန်ဇာဒက်ရှ်နှင့် မက်ဇ်မာတင်တို့က ပါဝင်ရေးသားပေးခဲ့ကြပြီး ရက်ပ်အဆိုတော် အစ်ဂီအစ်ဇဲလီရာနှင့် ဆရက်ရှ်တို့က ပါဝင်အားဖြည့်သီဆိုပေးထားသည်။

အဆိုပါတေးအယ်လ်ဘမ်သည် ဒေမီ၏ ငါးခုမြောက်ထွက်ရှိခဲ့သော တေးအယ်လ်ဘမ်လည်းဖြစ်ကာ အောက်တိုဘာ ၁၆ ရက်တွင် တေးအယ်လ်ဘမ် တစ်ခုလုံးကို ထုတ်လွှင့်သွားရန်စီစဉ်ထားကြောင်းသိရသည်။

# တွမ်ခရူးစ်နှင့်လမ်းခွဲခဲ့ခြင်းသည် သူ၏အနုပညာလမ်းခရီးအတွက် အကောင်းဆုံးဖြစ်သည်ဟု နီကိုးလ်ကစ်ဒ်မန်းဆို

ဟောလိဝုဒ်ကြယ်ပွင့်တစ်ဦးဖြစ်သည့် နီကိုးလ်ကစ်ဒ်မန်းက သူ၏ဘဝတွင် ခင်ပွန်းဖြစ်သူ မင်းသားတွမ်ခရူးစ်နှင့် လမ်းခွဲခဲ့ခြင်းသည် သရုပ်ဆောင်တစ်ဦးအဖြစ်လျှောက်လှမ်းနေသည့် သူ၏အနုပညာခရီးအတွက် အခွင့်အလမ်းသစ်များကို ပေါ်လာစေခဲ့ပြီး သူ့ဘဝတွင် အကောင်းဆုံးအရာများကို ပိုင်ဆိုင်ရရှိလာစေရန် ဦးတည်ဖြစ်လာခဲ့သည်ဟု ယုံကြည်မိကြောင်းပြောဆိုခဲ့သည်။

တွမ်ခရူးစ်နှင့်လမ်းခွဲခဲ့ပြီးနောက်တွင် သူ၏အနုပညာလမ်းကြောင်းတစ်လျှောက် အအောင်မြင်ဆုံးအရာဟု ဆိုနိုင်လောက်သည့် အော်စကာဆုကိုလည်း ပိုင်ဆိုင်ခွင့်ရခဲ့ကြောင်း၊ ယခုကဲ့သို့လမ်းခွဲခဲ့ခြင်းကြောင့် အလုပ်အပေါ်တွင် ပိုမိုအာရုံစိုက်နိုင်လာကြောင်း၊ သို့သော်ထိုအချိန်များသည် ဘဝတွင် အထီးကျန်ဆုံးသော အချိန်များဖြစ်ကြောင်း ဖွင့်ဟပြောဆိုခဲ့သည်။



သူက "လမ်းခွဲခဲ့တဲ့အချိန်အစပိုင်းမှာတော့ ကျွန်မလက်ရှိဘဝကြီးကနေ ထွက်ပြေးချင်စိတ်တွေပေါ်မိတယ်။ ကျွန်မတကယ့်လက်တွေ့ဘဝကို ရင်မဆိုင်နိုင်ခဲ့ဘူး။ ဒါပေမယ့်သရုပ်ဆောင်တစ်ယောက်ရဲ့ဘဝမှာ ကောင်းမွန်တဲ့အရာတစ်ခုကတော့ ကိုယ်ဆုံးရှုံးခဲ့ရတဲ့အရာတွေကို အခြားသူတစ်ဦးရဲ့ဘဝမှာအစားထိုးပြီးတော့ ပြန်ရအောင်ယူနိုင်တယ်လေ။ ကိုယ့်ရဲ့ဇာတ်ကောင်တစ်ဦးအဖြစ်နဲ့ပေါ့"ဟု ဗြိတိန်နေ့စဉ်သတင်းစာသို့ ပြောကြားခဲ့သည်။

ယခုအချိန်တွင် ကမ္ဘာကျော်အဆိုတော်တစ်ဦးဖြစ်သည့် ကိတ်အာဘန်နှင့် လက်ထပ်ထားသော အသက် (၄၈)နှစ်အရွယ် နီကိုးလ်က လက်မထပ်မီက ကိတ်အကြောင်းကိုသူ့အနေဖြင့် သေသေချာချာမသိရှိခဲ့သော်လည်း လက်ထပ်ပြီးနောက်ပိုင်းတွင် တစ်ယောက်အကြောင်းတစ်ယောက် နားလည်နိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်းလည်း ဆိုခဲ့သည်။

လတ်တလောတွင် နီကိုးလ်သည် "Photograph 51"ဟု အမည်ရသည့် ပြဇာတ်တွင် မျိုးရိုးဗီဇစစ်ဆေးသူတစ်ဦးဖြစ်သည့် ရိုစယ်လင်းဒ် ဖရန်ကလင်အဖြစ် ပါဝင်သရုပ်ဆောင်လျက်ရှိပြီး အဆိုပါပြဇာတ်၏ဇာတ်ညွှန်းကို စတင်ဖတ်ရှုချိန်က မျက်ရည်ပင်ကျခဲ့ရကြောင်းလည်း သူက ထုတ်ဖော် ပြောကြားခဲ့သည်။

# ကင်မ်ဘင်ဝူး၏မင်္ဂလာပွဲကျင်းပ



တောင်ကိုရီးယားသရုပ်ဆောင်မင်းသမီးချော ကင်မ်ဘင်ဝူး၏မင်္ဂလာပွဲကို အောက်တိုဘာ ၁၁ရက်က ကျင်းပခဲ့ကြောင်း စွန်မ်ပီဒေ့ါကွန်းတွင် ဖော်ပြခဲ့သည်။

ကင်မ်ဘင်ဝူး၏ အမျိုးသားသည် အနုပညာနယ်ပယ်ထဲမှမဟုတ်ဘဲ သူ့ထက် အသက်တစ်နှစ်ခန့်ငယ်သော စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်ပြီး သူတို့၏ မင်္ဂလာအခမ်းအနားကို ဆွေမျိုးများ၊ ရင်းနှီးသည့်သူငယ်ချင်းများဖြင့်သာ သီးသန့်ကျင်းပခဲ့သည်။

ကင်မ်သည် ခင်ပွန်းဖြစ်သူနှင့် ချစ်သူအဖြစ်လက်တွဲနေခဲ့ပြီဖြစ်ကြောင်းကို ပြီးခဲ့သည့် ဇွန်လက တရားဝင်ထုတ်ဖော်ပြောဆိုခဲ့ပြီး သူတို့နှစ်ဦး၏ အတူတွဲကာ ရိုက်ကူးထားသော ဓာတ်ပုံများကို ကင်မ်၏လူမှုကွန်ရက်မီဒီယာပေါ်မှတစ်ဆင့် ဖော်ပြခဲ့သည်။ သူတို့နှစ်ဦး၏ မင်္ဂလာသတင်းနှင့်ပတ်သက်၍ ကင်မ်က "ကျွန်မတို့နှစ်ယောက်တွေ့ဆုံခဲ့ကြတဲ့ အချိန်ကတိုတောင်းတယ်ဆိုပေမယ့် အနည်းငယ်သာရှိခဲ့တဲ့ အဲဒီအမှတ်တရတွေကိုပဲ ကျွန်မတို့ရဲ့ ဘဝတစ်လျှောက်မှာ ဖြန့်ခင်းပြီး ဘဝခရီးဆက်သွားမှာပါ"ဟု ဆိုခဲ့သည်။

သူ၏အေဂျင်စီကလည်း ကင်မ်တို့နှစ်ဦးသည် လွန်ခဲ့သည့်သုံးနှစ်ခန့်က စတင်သိကျွမ်းခဲ့ကြပြီး ၂၀၁၅ခုနှစ်အစပိုင်းတွင် ချစ်သူများဖြစ်ခဲ့ကြကြောင်း၊ သူတို့နှစ်ဦးသည် တစ်မြို့တည်းသားချင်းများဖြစ်ကြသည့်အတွက် ပိုမိုရင်းနှီးလာခဲ့ခြင်းဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

ကင်မ်ဘင်ဝူးသည် မော်ဒယ်လ်တစ်ဦးအဖြစ်လည်း အောင်မြင်လျက်ရှိပြီး "Good for You"၊ "Phoenix"၊ "Suspicious Family" နှင့် "Manhole"စသည့် ရုပ်ရှင်များတွင် ပါဝင်သရုပ်ဆောင်ခဲ့သည်။

အေးပြည့် – ရေးသားသည်။

## ရုပ်မြင်သံကြားအစီအစဉ်များ

၁၂ - ၁၀ -၂၀၁၅ (တနင်္လာနေ့)

### မြန်မာ့ရုပ်မြင်သံကြား News Channel

- ၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ပရိတ်တရားတော်
- ၆း၄၅ အံ့ဖွယ်အစုံအလင်နဲ့ သာသနာ့သမိုင်းဝင်တဲ့ ဖိုလ်ဝင်တောင်
- ၈း၃၅ မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
- ၉း၃၅ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၉း၅၀ ပလူတိုလေ့လာရေးခရီးစဉ်
- ၁၂း၃၅ Tasty Trip
- ၁း၀၅ ဂီတတံခါးလေးဖွင့်ပါဦး
- ၁း၅၀ လေဘာတီမမြရင် နှစ်(၁၀၀)ပြည့် မန္တလေးအငြိမ့်အလွမ်းပြေ (ပထမပိုင်း) (မင်းသမီး-ပန်တျာငွေငွေမြင့်၊ လူရွှင်တော်-ပေါ်စံ၊ သိန်းစု၊ ဒီပါ၊ ချစ်စရာ)
- ၄း၃၅ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ်(ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာအထူးပြုများ) (ရူပဗေဒ)
- ၅း၀၅ "အမေတူ အဖေကွဲ"
- ၅း၃၅ စီးပွားရေးမြင်ကွင်းများ
- ၆း၃၅ အာဆီယံကို မဏ္ဍိုင်ထား ဗီယက်နမ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်များ (အပိုင်း-၂)
- ၇း၁၅ "ထောင်မင်းသားနဲ့တွေ့ဆုံခြင်း"
- ၇း၃၅ လှုပ်ရှားဆောင်ရွက် ဆန္ဒမဲတစ်ပြားအတွက်
- ၇း၅၀ "အမျိုးသားရေးတာဝန်ကျေပွန်ဖို့ ဆန္ဒမဲတွေပေးကြစို့" -နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု" (အပိုင်း-၁) -ပြည်သူ့နီတိ"အတွင်းစိတ်" (ကောင်းပြည့်၊ ဝင်းသပြေထွန်း) (ဒါရိုက်တာ-မိုးဇော်ကို)

### MRTV - 4

- ၅း၀၀ ပဋ္ဌာန်းပါဠိတော်+ရတနသုတ်
- ၉း၄၅ အနုပညာမိုးကောင်းကင်
- ၁၁း၀၀ သွားမယ် စားမယ် (ArgiMa)
- ၁၁း၂၀ ထောင်မင်းသားနှင့် တွေ့ဆုံခြင်း
- ၁၁း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့ သမိုင်းမှတ်တမ်း" (အပိုင်း-၆၉)
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "အိမ်နီးချင်း" (အပိုင်း-၅၇)
- ၂း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၈၀)
- ၃း၄၀ ရန်ကုန်မြင်ကွင်းကျယ်
- ၄း၄၀ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ
- ၆း၁၀ Health Fix
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၈၁)
- ၇း၂၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "အိမ်နီးချင်း" (အပိုင်း-၅၈)
- ၈း၁၅ Drive It
- ၈း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားက မေတ္တာများ" (အပိုင်း-၇၀)
- ၉း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ သွေးနဲ့ရေးတဲ့ သမိုင်းမှတ်တမ်း" (အပိုင်း-၇၀)
- ၁၀း၃၀ European Qualifiers Sweden Vs Moldova(LIVE)
- ၁း၁၅ European Qualifiers Estonia Vs Switzerland (LIVE)
- ၄း၃၀ တန်ခိုးကြီးမားဘုရားစေတီပုထိုးများ (မြန်မာနိုင်ငံ အလယ်ပိုင်းဒေသမှ တန်ခိုးကြီးမားဘုရားစေတီပုထိုးများ)

### မြဝတီ

- ၆း၀၃ တရားတော်
- ၆း၁၆ မေတ္တာပို့
- ၆း၂၀ ဓမ္မပူဇာတေး
- ၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
- ၆း၃၅ မျိုးချစ်တပ်မတော်
- ၆း၅၅ မြန်မာသံစဉ်ချိုနှားဝင်
- ၇း၁၀ အမျိုးသားရေးတေးကဗျာ
- ၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
- ၈း၁၅ ရှေးဟောင်းသုတ
- ၈း၂၀ DVD Hits
- ၈း၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
- ၉း၁၀ သူနှင့်သူ၏သီချင်းများ
- ၄း၂၀ စိုက်ပျိုးသုတ
- ၄း၃၀ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၃၅ ဇာတ်လမ်းတို
- ၅း၀၅ မြန်မာသံစဉ်ချိုနှားဝင်
- ၅း၁၅ ရင်ခုန်စရာအမှောင်ကမ္ဘာ
- ၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဂန္ထဝင်မြောက်အမုန်း (အပိုင်း-၆၂)
- ၆း၂၀ သံစဉ်လမ်းကလင်းလက်ကြယ်
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အရာရာထက်မင်း (အပိုင်း-၂၃) - ကြယ်ကလေးတို့ရဲ့ဂီတမိုးကောင်းကင် - မေးမြန်းစူးစမ်း - ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင် - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ခနတံတိုင်းရဲ့တစ်ဖက်တစ်ချက် (အပိုင်း-၂၁)

### mitv

- 07:26 Myanmar Delicate Artistic Creations- Gem Stone Painting
- 07:44 YUFL
- 08:26 Bogalay Tint Aung: A Man of Versatility (Part-1)
- 08:50 Kindhearted Pet Lovers
- 09:26 Unique Pattern Of Myanma... A Trend Of Chin Traditional Dress
- 09:57 [Doctor] [Painter]
- 10:26 Fantastic Orchid Garden From The Flower City
- 10:35 Those Who Never Give Up (Ep-5) Shwe Min Thar Foundation
- 10:53 Temple Stalls
- 07:26 Food Trip (Ep-10) (Part -1)
- 08:26 Taste Of Myanmar (Noodle With Fermented Soya Bean)
- 08:46 " Diary of a Fisherman

# မက္ကဆီကိုအသင်း အိုဆိုရီအိုနှင့် သဘောတူညီမှုရရှိ

ကိုလံဘီယာနိုင်ငံသား ကားလို့စ်အိုဆိုရီအိုသည် မက္ကဆီကိုအသင်း၏ နည်းပြဖြစ်လာလိမ့်မည်ဖြစ်ကြောင်း မက္ကဆီကိုဘောလုံးအဖွဲ့ချုပ်က အတိအလင်းကြေညာလိုက်ပြီဖြစ်သည်။

မက္ကဆီကိုဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်သော သတင်းထုတ်ပြန်ချက်တစ်ရပ်အရ လက်ရှိဆော်ပေါ်လိုအသင်းနည်းပြ အိုဆိုရီအိုသည် လာမည့်တစ်ပတ်အတွင်း မက္ကဆီကိုအသင်းကို နည်းပြအဖြစ် စတင်ကိုင်တွယ်လိမ့်မည်ဟုလည်း ဆိုသည်။

မက္ကဆီကိုအသင်းသည် ကွန်ကာကပ်ရွှေဖလား နောက်ဆုံးပိုလ်လုပွဲယှဉ်ပြိုင်ကစားခဲ့သည့် ဇူလိုင်လအတွင်းက နည်းပြဟာရဲရားနှင့် သတင်းစာဆရာတစ်ဦးတို့ ခိုက်ရန်ဖြစ်ပွားခဲ့သည့်အချိန်မှစတင်ကာ အမြဲတမ်းနည်းပြမရှိခဲ့ဘဲ ပြိုင်ပွဲများကိုဝင်ရောက်ယှဉ်ပြိုင်နေရခြင်းဖြစ်သည်။

မက္ကဆီကိုအသင်းနှင့် နည်းပြအိုဆိုရီအိုတို့သည် လာမည့်တစ်ပတ်ထဲတွင် သဘောတူညီချက်စာချုပ်တစ်ရပ် ချုပ်ဆိုလိမ့်မည်ဟု မက္ကဆီကိုဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်သော သတင်းထုတ်ပြန်ချက်တစ်ရပ်က ဖော်ပြထားပြီး နည်းပြအိုဆိုရီအိုသည် မက္ကဆီကိုလက်ရွေးစင်အသင်းနှင့်အတူ ရုရှားနိုင်ငံက လက်ခံကျင်းပမည့် ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲခရီးကို စတင်ဖြတ်သန်းရတော့မည်ဖြစ်သည်။

အသက်(၅၄)နှစ်အရွယ်ရှိ နည်းပြအိုဆိုရီအိုသည် လက်ရှိတွင် ဘရာဇီးမြေ၌ နည်းပြအဖြစ် တာဝန်ယူလျက်ရှိပြီး ယခင်က ကိုလံဘီယာ၊ မက္ကဆီကိုနှင့် အမေရိကန်ပြည်ထောင်စုတို့တွင်လည်း နည်းပြတာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

(ငွေကြယ်)

❑❑❑




# အာစင်ဝင်းဂါးထံမှ ဘောလုံးပညာသင်ကြားရန်လိုအပ်နေသည့် မော်ရင်ဟို

မော်ရင်ဟိုအနေဖြင့် အာစင်ဝင်းဂါးထံမှ လုပစ္စာကစားပြီး နိုင်ပွဲရယူတတ်သည့် မှော်ဆန်သည့် ဘောလုံးပညာသင်ယူရန် လိုအပ်နေသည်ဟု ဆောက်သမ်တန်နည်းပြ ကိုးမန်းက စကားစစ်ထိုးမှုပြုခဲ့သည်။ အောက်တိုဘာ ၃ ရက်က ယှဉ်ပြိုင်ခဲ့သော ပရီမီယာလိဂ်ပွဲစဉ်(၈)၌ ချယ်လ်ဆီးက ဆောက်သမ်တန်အား သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရာ မော်ရင်ဟိုက ဆောက်သမ်တန်၏ ခံစစ်အားပြု ကစားဟန်အပေါ် ဝေဖန်ပြစ်တင်ခဲ့သောကြောင့် ကိုးမန်းက ယင်းသို့ စကားစစ်ထိုးမှုပြုခဲ့ခြင်းဖြစ်သည်။

ကိုးမန်းက“ မော်ရင်ဟိုရဲ့ နည်းဗျူဟာ ချဉ်းကပ်မှုအပေါ် ကျွန်တော်အမြဲသံသယရှိပါတယ်။ သူတို့က ဦးဆောင်ဂိုးတစ်ဂိုးစပြီးရပြီဆို နောက်ထပ်ဂိုးတွေထပ်သွင်းဖို့ထက် ခံစစ်ကို အားပြုကစားတော့တာပါပဲ။ ဒါကြောင့် တန်ပြန်တိုက်စစ်ကောင်းကောင်းကစားတတ်တဲ့အသင်းမျိုးဆိုရင် သူတို့ဂိုးတွေဆက်တိုက်ပေးရတာပေါ့။အာဆင်နယ်ကတော့ ပြိုင်ဘက်ကို အသေသတ်နိုင်တဲ့ အသင်းပါ။ သူတို့ရဲ့ မန်ယူကိုအနိုင်ကစားခဲ့တဲ့ ပုံစံက ကျွန်တော့်ကို အမှတ်တရဖြစ်စေခဲ့ပါတယ်။တိုက်စစ်ကို ကျယ်ကျယ်ပြန့်ပြန့် ပုံဖော်ကစားပြီး မိနစ်၂၀အတွင်း မန်ယူလိုအသင်းမျိုးကို ဖြိုလွဲနိုင်ခဲ့တယ်။ ဒါကြောင့်မော်ရင်ဟိုအနေနဲ့ သူများကိုပဲ အပြစ်တင်နေမယ့်အစား အာစင်ဝင်းဂါးဆီက ဘောလုံးသီအိုရီတွေကို သင်ယူသင့်ပါတယ်” ဟု ဆိုသည်။

ချယ်လ်ဆီးသည် အာဆင်နယ်အား စက်တင်ဘာလအတွင်း ယှဉ်ပြိုင်ခဲ့သော ပွဲစဉ်၌ နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ယူနိုင်ခဲ့ရာ မော်ရင်ဟိုက ဝင်းဂါးမှာ ချယ်လ်ဆီးနှင့်ရင်ဆိုင်ရတိုင်းအမြဲငိုကြွေးနေရသည်မှာ ရှက်စရာကောင်းကြောင်း ဝေဖန်ခဲ့သည်။ သို့သော် ချယ်လ်ဆီးမှာ လက်ရှိပရီမီယာလိဂ်ပွဲစဉ်ရှစ်ပွဲ ကစားပြီးချိန်၌ နှစ်ပွဲသာအနိုင်ရရှိခဲ့ပြီး အမှတ်ပေးဇယားအဆင့်(၁၆)နေရာတွင်သာ ရပ်တည်နေသည်။

မေလှဲ့သင်း

# အကြီးမားဆုံးရှုံးနိမ့်မှုအား ရင်ဆိုင်လိုက်ရတဲ့ ဂါရတ်ဘေးလ်

ဝေလအသင်းတောင်ပံတိုက်စစ်မှူး ဂါရတ်ဘေးလ်က ဝေလက ဘော့စနီးယားအား နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့မှုမှာ သူ၏ အသက်မွေးဝမ်းကျောင်းကာလတစ်လျှောက် အကြီးမားဆုံးသော ရှုံးနိမ့်မှုပင်ဖြစ်သည်ဟု ထုတ်ဖော်ပြောကြားလိုက်သည်။ ဝေလအသင်းမှာ ဘော့စနီးယားအား ရှုံးနိမ့်ခဲ့သော်လည်း အစ္စရေးက ဆိုက်ပရက်စ်အား နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ခြင်းကြောင့် အုပ်စု(ခ)တွင် ဘယ်လ်ဂျီယံအသင်းနှင့် အတူ ယူရို-၂၀၁၆ခြေစစ်ပွဲအောင်မြင်ခဲ့သည်။ ထို့ကြောင့် ဝေလအသင်းက ၁၉၅၆ ခုနှစ် နောက်ပိုင်း ပထမဆုံးအကြိမ် အဓိကဖလား ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့ခြင်းဖြစ်သည်။

ဘေးလ်သည် အဆိုပါပွဲစဉ်၌ကြွက်ခိုင်မှုအပြည့်အဝမရရှိသော်လည်း ဝင်ရောက်ကစားပေးခဲ့သည်။ ဘေးလ်က နှစ်ပေါင်းငါးဆယ်ကျော်နောက်ပိုင်းတွင် ဝေလအသင်းအနေဖြင့် အဓိကဖလားပွဲကြီး ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ခြင်းအတွက် အလွန်စိတ်လှုပ်ရှားမိကြောင်း၊ ယူရိုဖလားပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် မစောင့်ဆိုင်းနိုင်လောက်အောင်ဖြစ်နေရကြောင်း၊ သို့သော် ဘော့စနီးယားအား ရှုံးနိမ့်ခဲ့ခြင်းက ၎င်း၏အသက်မွေးဝမ်းကျောင်း ကာလတစ်လျှောက် အကြီးမားဆုံး ဆုံးရှုံးမှုပင်ဖြစ်ကြောင်း ဆိုခဲ့သည်။

မေလှဲ့သင်း







# ယူရို ၂၀၁၆ ဖလား ပေါ်တူဂီရနိုင်ကြောင်း ဖာနန်ဒိုဆန်းတို့စ်ပြောကြား

ပြင်သစ်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ယူရို ၂၀၁၆ ဖလားကို ပေါ်တူဂီအသင်းက ရရှိလိမ့်မည်ဖြစ်ကြောင်း ပေါ်တူဂီအသင်းနည်းပြ ဖာနန်ဒိုဆန်းတို့စ်က ၎င်း၏ ယုံကြည်ချက်ကို ထုတ်ဖော်ပြောကြားလိုက်သည်။

ဂရိနည်းပြဟောင်း ဖာနန်ဒိုဆန်းတို့စ်သည် ပေါ်တူဂီအသင်းက အယ်လ်ဘေးနီးယားအသင်းကို ရှုံးနိမ့်ခဲ့သည့် ဥရောပချန်ပီယံရှစ်အဖွင့်ပွဲစဉ်အပြီးတွင် နည်းပြပေါ်လိုဘန်တို၏ နေရာတွင် နည်းပြအဖြစ် အစားထိုးတာဝန်ယူခဲ့ခြင်းဖြစ်သည်။

နည်းပြ ဖာနန်ဒိုဆန်းတို့စ်လက်ထက်တွင် ပေါ်တူဂီအသင်းသည် ခြောက်ပွဲဆက်တိုက်နိုင်ပွဲရရှိထားခဲ့ပြီး အောက်တိုဘာ ၈ ရက်က ဒိန်းမတ်အသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီးနောက် လာမည့်နှစ်တွင် ပြင်သစ်မြေ၌ ကျင်းပမည့် ယူရို ၂၀၁၆ ပြိုင်ပွဲဝင်ခွင့်လည်း ရရှိသွားခဲ့ပြီဖြစ်သည်။

ပေါ်တူဂီအသင်းသည် ယူရို ၂၀၁၆ ဖလားရရှိနိုင်မည့် ရေပန်းစားနေသော အသင်းများထဲတွင် မပါဝင်သော်လည်း အသက်(၆၁)နှစ်အရွယ်ရှိ နည်းပြ ဖာနန်ဒိုဆန်းတို့စ်အနေဖြင့် အဆိုပါဖလားကို ရရှိလိမ့်မည်ဟု ယုံကြည်ထားသည်။ (ငွေကြယ်)

# တစ်လအနားယူရတော့မယ့် ဒေးဗစ်ဆေးဗား

မန်စီးတီးကွင်းလယ်ကစားသမား ဆေးဗားက လူဇင်ဘတ်ကို အနိုင်ရရှိခဲ့တဲ့ ယူရို-၂၀၁၆ ခြေစစ်ပွဲမှာ ခြေကျင်းဝတ်ဒဏ်ရာရရှိခဲ့ပြီးနောက်မှာ မာတာနဲ့လူစားလဲခဲ့ရပါတယ်။ အခုတော့ အသက် (၂၉)နှစ်ရှိပြီဖြစ်တဲ့ စပိန်ကွင်းလယ်ကစားသမားဟာ မန်စီးတီးတိုက်စစ်မှူး အဂူရိုလိုပဲတစ်လတာ ဘောလုံးကစားနိုင်ဦးမှာ မဟုတ်ဘူးလို့ ဂိုးဒွဲ့ကွန်းက အတည်ပြုဖော်ပြထားပါတယ်။

စပိန်ဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်တဲ့ အစီရင်ခံစာမှာ ဆေးဗားရဲ့ ဒဏ်ရာကအနည်းငယ်ပြင်းထန်တာကြောင့် အနည်းဆုံးတစ်လလောက် ကစားနိုင်မှာမဟုတ်ဘူးလို့ပါရှိတဲ့အတွက် မန်စီးတီးအနေနဲ့ အရေးကြီးနေတဲ့ ပွဲစဉ်တွေကို ဒီကွင်းလယ်ဖန်တီးရှင်မပါဘဲ ရင်ဆိုင်ရတော့မှာဖြစ်ပါတယ်။ ယခုရရှိတဲ့ဒဏ်ရာကြောင့် ဆေးဗားက ယူကရိန်းကို ရင်ဆိုင်ရမယ့် ယူရိုနောက်ဆုံးခြေစစ်ပွဲကို လွဲချော်မှာဖြစ်ပါတယ်။

ဒါ့အပြင် မန်စီးတီးတိုက်စစ်မှူး အဂူရိုက လည်း တံကောက်ကြော ဒဏ်ရာရရှိခဲ့တဲ့ အတွက် အနည်းဆုံးတစ်လလောက် အနားယူရမှာဖြစ်တဲ့အတွက် မန်စီးတီးအနေနဲ့ ကြီးမားတဲ့ ဆုံးရှုံးမှုကြုံတွေ့ခဲ့ရတယ်လို့ မှတ်ချက်ပြုရမှာ ဖြစ်ပါတယ်။ အဂူရိုက ဒဏ်ရာရရှိခဲ့ပြီးနောက် ငိုကြွေးနေခဲ့တယ်လို့ ကလပ်အသင်းဖော်လည်းဖြစ် နိုင်ငံလက်ရွေးစင်အသင်းကစားဖော်လည်းဖြစ်တဲ့ အော့တမန်ဒီရဲ့ အဆိုအရ သိရပါတယ်။

မေလှဲ့သင်း



# မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (တောင်ကြီး) ဖွင့်ပွဲအခမ်းအနား ကျင်းပ

**တောင်ကြီး အောက်တိုဘာ ၁၁**

မြန်မာနိုင်ငံတွင် ထူးချွန်သောဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် မြန်မာ့ရွှေဆောင်ဘဏ်မှ အဓိကကူညီပံ့ပိုးသော မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ဆဋ္ဌမပွဲစဉ်၏ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၈ ရက် နံနက်ပိုင်းတွင် တောင်ကြီးမြို့ရှိ အေးသာယာဂေါက်ကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်ဂေါက်သီးရိုက်အားကစားသမားများသည် သတ်မှတ်ထားသည့် အမှတ်(၁)တီခုံ၌ နေရာယူကြပြီး အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးဝင်း၊ မြန်မာ့ရွှေဆောင်ဘဏ် ဒုတိယအထွေထွေမန်နေဂျာ ဦးမျိုးသက်နိုင်၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေ ဥက္ကဋ္ဌ ဦးကိုကိုအေးတို့က အလှည့်ကျဂေါက်သီးရိုက်၍ ပြိုင်ပွဲအား ဖွင့်လှစ်ပေးကာ ပထမနေ့ (၁၈)ကျင်းပြိုင်ပွဲကို စတင် ကျင်းပသည်။

ပြိုင်ပွဲတွင် ပရော်ဖက်ရှင်နယ် အဆင့် ၃၀၊ အပျော်တမ်းအဆင့် အမျိုးသား ၁၀၁ ဦး၊ အပျော်တမ်းအဆင့် အမျိုးသမီး ၂၄ ဦး စုစုပေါင်းအားကစားသမား ၁၅၅ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ **ဖိုးသော်ဇင်**

# အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မှူးယစ်ဆေး

## ပုသိမ်မြို့ပေါ်ရှိ ဘဏ်များမှ ငွေထုတ်ပြန်လာသူများနောက် ဆိုင်ကယ်တစ်စီးနှင့် လိုက်လံလုယက်သူအား ဇနီးဖြစ်သူနှင့်အတူ ဖမ်းဆီးရမိ

**ပုသိမ် အောက်တိုဘာ ၁၁**

ပုသိမ်မြို့ပေါ်၌ ဆိုင်ကယ်တစ်စီးဖြင့် ဘဏ်ငွေထုတ်လာသူများထံမှ ရွှေ၊ ငွေများ၊ လိုက်လံလုယက်မှုဖြစ်ပွားကြောင်း၊ ညနေပိုင်းဈေးသွား၊ ဈေးပြန် များထံမှ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတို့က ဝဲ/ယာ ကြားညှပ်၍ ရွှေ၊ ငွေ၊ ပိုက်ဆံအိတ် လုယက်မှုများဖြစ်ပွားနေကြောင်း သတင်းများအရ ပြစ်မှုကျူးလွန်သူများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ရှာဖွေစုံစမ်းလျက်ရှိရာ အောက်တိုဘာ ၈ရက်က ပုသိမ်မြို့ တံတားကြီးတန်းလမ်းရှိ ယူနိုက်တက် အမရာဘဏ်ဝန်းကျင်၌ အသွင်ယူထောက်လှမ်းလျက်ရှိသော အမှတ်(၂) ရဲစခန်းမှ ရဲတပ်ကြပ် ကျော်ကျော်နှင့် မြို့မရဲစခန်းမှ တပ်ကြပ် လွင်ကိုဦးတို့သည် အဆိုပါ ယူနိုက်တက်အမရာဘဏ်နှင့် ကိုက် ၇၀ခန့်အကွာရှိ (KZ) အလှပြင်ဆိုင်ရှေ့၌ ရပ်နားထားသော ၁၃ယ/---၊ လော်ဂျားဆိုင်ကယ် အနက် တစ်စီး တွေ့ရှိရသဖြင့် နယ်ထိန်းခေါင်းဆောင် ရဲအုပ်ဇော်မင်းထွန်းနှင့်အဖွဲ့ထံ သတင်းပေးပို့၍ ပူးပေါင်းရှာဖွေရာ (KZ) အလှပြင်ဆိုင်တွင် ဆိုင်ကယ်ပိုင်ရှင် ချစ်ပိုင်စိုး (ဘ) ဦးသန်းစိုး၊ ကိုးဆူကျေးရွာ နေသူအား တွေ့ရှိ၍ ၎င်းအား မြို့မ ရဲတပ်ဖွဲ့စခန်း၌ ခေါ်ယူစစ်ဆေးရာ ဆိုင်ကယ်မောင်းနှင်ပြီး ငွေထုတ်ပြန်လာသူများနောက်သို့ လိုက်လံလုယက်မှုကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်ရရှိခဲ့သည်။

ထို့အတူ ညနေဈေးသွား ၊ ဈေးပြန်များထံမှလည်း ၎င်း၏ ဇနီးမအိရွှေစင် (ဘ) ဦးသိန်းနိုင် ငါးသိုင်းချောင်း ကျုံတာကျေးရွာနေသူနှင့် ဇနီးမောင်နှံ နှစ်ဦး ဝဲ/ယာညှပ်၍ ဖုန်း၊ ရွှေငွေ၊ ပိုက်ဆံအိတ်များ၊ လုယက်မှု(၅)ကြိမ်ရှိခဲ့ကြောင်း စစ်မေးသိရှိရသဖြင့် အဆိုပါ ချစ်ပိုင်စိုးနှင့် အိရွှေစင်တို့နေထိုင်ရာ ပုသိမ် မရမ်းချောင်းကျေးရွာအုပ်စု ဗမာမရမ်းချောင်း ကျေးရွာနေအိမ်၌ သက်သေခံ ဟန်းဖုန်းမျိုးစုံ ၇ လုံး၊ ပြစ်မှုကျူးလွန်ရာမှ ရရှိသော ငွေကျပ်သိန်း ၃၀အနက် ငွေကျပ်ဆယ်သိန်းနှင့် ခြောက်သောင်းနှင့် ငွေကျပ်ခြောက်သိန်းငါးသောင်းနှင့် ဝယ်ယူထားရှိသော (DT) ဆိုင်ကယ်တစ်စီး၊ ပြစ်မှုကျူးလွန်ရာ၌ အသုံးပြုသော (၁၃ယ/----၊ လော်ဂျား)ဆိုင်ကယ်အနက်တစ်စီး၊ ရွှေဆွဲကြိုး တစ်ကုံး၊ ရွှေလက်စွပ် တစ်ကွင်းပါသိမ်းဆည်းရမိသဖြင့် ပုသိမ်မြို့မရဲစခန်းက အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ပုသိမ်လှကြည်**

**ဥပဒေဘောင်အတွင်းနေထိုင်ခြင်း**
**ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

## ထွက်ပြေးတိမ်းရှောင်နေသော လူသတ်တရားခံအား နေပြည်တော်၌ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၁**

ရှမ်းပြည်နယ် တာချီလိတ်မြို့နယ်မှ လူသတ်မှုဖြင့် ထွက်ပြေးတိမ်းရှောင်နေသူအား နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန် နယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၏ ကြိုးပမ်းအားထုတ်မှုကြောင့် လက်ရဖမ်းဆီးရမိခဲ့သည်။

နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန် နယ်မြေရဲစခန်းမှ နယ်ထိန်းရဲအရာရှိ ဒုတိယရဲအုပ်စိုးမင်းနှင့် အဖွဲ့သည် တရားခံပြေးများ နယ်မြေအတွင်း ခိုအောင်းနေထိုင်မှုမရှိစေရေး အဆက်မပြတ် စုံစမ်းလျက်ရှိရာ ရှမ်းပြည်နယ် တာချီလိတ်မြို့နယ် ဝမ်ပုံရဲစခန်း၏ လူသတ်မှုကျူးလွန် ထွက်ပြေးသူ မြင့်အောင် ခြံလုပ်သား ပါခုတ်တိုက်ကျေးရွာ မိုင်းဖုန်းအုပ်စု တာချီလိတ်မြို့နယ် နေထိုင်သူအား ရဲစခန်းပိုင်အတွင်း ရောက်ရှိလာပါက ဖမ်းဆီးပေးနိုင်ရန် ဝမ်ပုံရဲစခန်း၏ အကြောင်းကြားစာအရ နယ်မြေအတွင်း စဉ်ဆက်မပြတ် စုံစမ်းထောက်လှမ်းခဲ့ရာ မြင့်အောင်အား ပုဗ္ဗသီရိမြို့နယ် ရွာတော်ကျေးရွာ အုပ်စု ရွာသစ်ကျေးရွာ၌ ဝါးထရံယက်လုပ်သည့် ဦးစော၏ နေအိမ်ဝါးဆိုင်၌ အောက်တိုဘာ ၈ ရက် ညနေ ၄ နာရီခွဲတွင် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိသည့် မြင့်အောင်အား စစ်ဆေးမေးမြန်းရာ ၎င်းသည် လူတစ်ဦးအားသတ်၍ ယခုကဲ့သို့ နေပြည်တော်သို့ လာရောက်ရှောင်တိမ်း နေခြင်းဖြစ်ကြောင်း ဝန်ခံထွက်ဆိုသဖြင့် ပြစ်မှုကျူးလွန်သူအား ဆက်လက်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုကိုရှပ (နေပြည်တော်)**



## လားရှိုးမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၁၁**

မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၆ ရက်က လားရှိုးမြို့နယ် ကုန်းညောင်ကျေးရွာ ကုန်းညောင်-ပိန်းခမ်းသွား တံတားအနီးတွင် ညီခမ်း မောင်းနှင်ပြီး အိုက်ဆာလိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ ဆိုင်ကယ်ဒူးကာအတွင်းမှ ပလတ်စတစ်အိတ်ဖြင့် ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ သိမ်းဆည်းရမိသဖြင့် ညီခမ်းနှင့် အိုက်ဆာတို့ နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

## ဆိုင်ကယ်နှစ်စီးမျက်နှာချင်းဆိုင်တိုက်မိ၍ ဒဏ်ရာရ

**နေပြည်တော် အောက်တိုဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် မိုင်းကိုင်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၈ ရက် ညနေ ၅ နာရီခွဲက ချောင်းခွ ကျေးရွာနှင့် သာယာကုန်းကျေးရွာသွား ကားလမ်းမပေါ်တွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ ဟုမ္မလင်းမြို့ နန်းဆက်ကျေးရွာနေ စိုးလင်းဦး မောင်းနှင်ပြီး နေဆန်းဝင်း လိုက်ပါလာသည့် KENBO-125 အစိမ်းရောင်ဆိုင်ကယ်နှင့် အနောက်မှ အရှေ့သို့ ဟုမ္မလင်းမြို့နယ် ချောင်းခွကျေးရွာနေ ကျော်ဆွေဦး မောင်းနှင်လာသော KENBO-125 နီနက်ကျားဆိုင်ကယ်တို့ မျက်နှာချင်းဆိုင် တိုက်မိခဲ့ပြီး စိုးလင်းဦး၊ ကျော်ဆွေဦးနှင့် နေဆန်းဝင်းတို့တွင် ဒဏ်ရာများ ရရှိခဲ့သည်။ စိုးလင်းဦးနှင့်ကျော်ဆွေဦးတို့ နှစ်ဦးအား မိုင်းကိုင်းနယ်မြေ ရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

## စက်ဘီးခိုးသူအား ဖမ်းဆီးအရေးယူ

**နေပြည်တော် အောက်တိုဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့မ ရဲခန်းမှ တပ်ဖွဲ့ဝင်များသည် လှည့်ကင်းဆောင်ရွက်စဉ် အောက်တိုဘာ ၈ ရက် ညနေ ၅ နာရီ ၄၅ မိနစ်က ပွဲကုန်းရပ်ကွက် မုခ်ဦးအနီး မင်းလမ်းမပေါ်တွင် စက်ဘီးတစ်စီးနှင့် လူတစ်ဦးအား မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးမေးမြန်းခဲ့ရာ ပွန်တန်ဆာမြို့နေ လင်းလင်းအား LOWER တံဆိပ်ပါ ကြက်သွေးရောင် စက်ဘီးအား ပိုင်ဆိုင်ကြောင်း အထောက်အထားပြသနိုင်ခြင်း မရှိသဖြင့် ၎င်းအား ရွှေကျင်မြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**


## ကုမ္ပဏီများသိစေရန် ထပ်မံအသိပေးကြေညာချက်

၁။ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတွင် ၁၉၁၄ မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေနှင့် ၁၉၅၀အထူးကုမ္ပဏီအက်ဥပဒေများအရ ဖွဲ့စည်းမှတ်ပုံတင်ပြီးသော ကုမ္ပဏီများ အနေဖြင့် မှတ်ပုံတင်သက်တမ်း ကျန်ရှိသည်ဖြစ်စေ၊ မှတ်ပုံတင်သက်တမ်း ကုန်ဆုံးသည်ဖြစ်စေ လုပ်ငန်းဆက်လက်လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါက ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)နှင့်ရုံးခွဲများသို့ ၂၀၁၅ခုနှစ်၊ အောက်တိုဘာလ ၁၆ရက် နောက်ဆုံးထား သတင်းပေးပို့ ဆက်သွယ်ဆောင်ရွက်ကြပါရန် နေ့စဉ်ထုတ်သတင်းစာများတွင် ထည့်သွင်းဖော်ပြ၍ အသိပေးကြေညာပြီး ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ လုပ်ငန်းဆက်လက်လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများအနေဖြင့် သတင်းပေးပို့ဆောင်ရွက်ခြင်းကို ဤဦးစီးဌာနသို့ သတ်မှတ်ရက်အမီ ဆက်သွယ် သတင်းပို့ကြပါရန် နှင့် ၂၀၁၅ခုနှစ်၊ အောက်တိုဘာလ ၁၆ရက် နောက်ပိုင်း တင်ပြလာခြင်းများကို လက်ခံစဉ်းစားတော့ မည်မဟုတ်ဘဲ ၁၉၁၄ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၄၇နှင့်အညီ မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ထပ်မံအသိပေးကြေညာအပ်ပါသည်။

**ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန**

**ဖခင်အမည်မှန်**

ရမည်းသင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားနေကြသော ဒသမတန်းမှ မမာမာဦး၊ ပဥ္စမတန်းမှ မဆောင်းနှင်းဖြူနှင့် တတိယတန်းမှ မောင်ကောင်းမြတ်စိုးတို့၏ ဖခင်အမည်မှန်မှာ ဦးညွှန့်ဆွေ ၉/ရမသ(နိုင်)၀၆၅၉၃၇ ဖြစ်ပါသည်။

**ဦးညွှန့်ဆွေ ၉/ရမသ(နိုင်)၀၆၅၉၃၇**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မိုင်းလုံမြို့၊ အထက ဒသမတန်းမှ စိုင်းကျော်ဆွေဦး၏ဖခင် ဦးနန္တိနှင့် စိုင်းတီ [၁၃/ကမန(နိုင်)၀၈၃၇၅၁] သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးနန္တိ(ခ)စိုင်းတီ**




**ဖခင်အမည်မှန်**

နေပြည်တော် တပ်ကုန်းမြို့နယ် အထက(၂) ဒသမတန်းS4တွင် ပညာသင်ကြားနေသော မစကားဝါဦး၏ ဖခင်အမည်မှန်မှာ ဦးဝင်းညွှန့်[၉/တကန(နိုင်)၁၀၇၃၂၁] ဖြစ်ပါကြောင်း။

ဦးဝင်းညွှန့် [၉/တကန(နိုင်)၁၀၇၃၂၁]


**အမြန်ငှားမည်**

ကျောက်မြောင်း၊ နတ်စင်လမ်း၊ အကျယ်ပေ (၁၂½×၅၀)(၃လွှာ) Hall Type(တိုက်သစ်)

ဖုန်း-၀၉-၅၁၂၀၇၄၇၊ ၀၉-၂၅၄၁၉၁၃၀၄(ရုံးချိန်အတွင်းသာ)

**ဖခင်အမည်မှန်**

ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ် ယိုးတရုတ်ရွာနေ မအေးအေး[၁၁/ ပဏက (နိုင်)၀၇၈၂၉၉]၏ ဖခင်အမည်မှန်မှာ ဦးဖြူမောင် [၁၁/ပဏက(နိုင်) ၀၃၁၈၄၈] ဖြစ်ပါသည်။







**အများသိစေရန်ကြေညာချက်**

ရန်ကုန်မြို့နေဦးသိန်းဆွေ(၁၂/ဒဂန(နိုင်)၀၁၀၄၃၇)၏လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေပိုင်ဆိုင်သည့်ပဲခူးတိုင်းဒေသကြီး၊ ဥသာမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇/၄)၊မြေကွက်အမှတ်(၂၄၅)နှင့်(၂၄၇)တို့၏မြေပေးမိန့်ပါမစ်မူရင်းများသည် ပျောက်ဆုံးလျက်ရှိကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

အဆိုပါ ပါမစ်မူရင်းများနှင့်ပတ်သက်ပြီး လက်ဝယ်ထားရှိသူများမှ မည်သည့်အကြောင်းကိစ္စမျှ ဆောင်ရွက်ခွင့်မရှိပါကြောင်းနှင့် ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်းတို့ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်မိမိလှိုင်(LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၅၃၅၄)
တိုက်(၈)၊ အခန်း(၇)၊ (မြေညီထပ်)၊ ဂျိုးဖြူလမ်း၊ ဖဆပလရပ်ကွက် မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၇၃၀၃၉၁၁၇

# တာချီလိတ် ရေပေးဝေရေးစီမံကိန်း လူမှုဝန်းကျင်ထိခိုက်မှု လေ့လာဆန်းစစ်ခြင်းလုပ်ငန်း လူထုနှင့် ထပ်မံတွေ့ဆုံ

**တာချီလိတ် အောက်တိုဘာ ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် စည်ပင်သာယာရေးကော်မတီနှင့် ဟိန်းလင်းစံ သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်တို့ အကျိုးတူပူးပေါင်းဆောင်ရွက်လျက် ရှိသည့် တာချီလိတ်မြို့ ရေပေးဝေရေး စီမံကိန်းလုပ်ငန်း၏ လူမှုပတ်ဝန်းကျင်ထိခိုက်မှု လေ့လာဆန်းစစ်ခြင်းလုပ်ငန်းအတွက် ဒုတိယအကြိမ်မြောက် လူထုတွေ့ဆုံပွဲအခမ်းအနားကို အောက်တိုဘာ ၈ ရက် မွန်းလွဲ ၁ နာရီက အောင်မြတ်ခန်းမ၌ ပြုလုပ်ခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင် ကုမ္ပဏီအကြံပေး ဦးခင်မောင်ဌေးက စီမံကိန်းလုပ်ငန်းစဉ်များ ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့်စပ်လျဉ်းပြီး ရှင်းလင်းပြောကြားခဲ့ကြောင်းသိရသည်။

ယင်းနောက် Green Myanmar Environmental Services Co.Ltd. ဥက္ကဋ္ဌ ဦးစိန်သောင်းဦးက စီမံကိန်းလုပ်ငန်းနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ တွေ့ရှိချက်များအရ ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ်များနှင့် ပတ်ဝန်းကျင်ရေးရာ စောင့်ကြပ်ကြည့်ရှုမှု အစီအမံများ၊ စီမံကိန်းလုပ်ငန်းအပေါ် သုံးသပ်ချက်များ၊ အကြံပြုချက်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် GMES Co,Ltd. မန်နေဂျင်းဒါရိုက်တာ ဦးကျော်စိုးဝင်းက လူမှုရေး ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ တွေ့ရှိချက်များအရ သက်ရောက်မှုများ၊ အရေးယူဆောင်ရွက်ရန် နည်းလမ်းများနှင့် စောင့်ကြပ်ကြည့်ရှုမည့် လုပ်ငန်းအစီအစဉ်များကို အကျယ်တဝင့် ရှင်းလင်းတင်ပြခဲ့ကြသည်။

ယင်းနောက်တက်ရောက်လာသူများက စီမံကိန်းလုပ်ငန်းနှင့်ပတ်သက်၍ သိရှိလိုသည်များအား ဆွေးနွေးမေးမြန်းရာ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားပြီး ဟိန်းလင်းစံ သတ္တုတူးဖော်ရေးကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးလောတာက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

အဆိုပါ တာချီလိတ်မြို့ ရေပေးဝေရေး မြို့ပြရေပေးဝေရေး စီမံကိန်းလုပ်ငန်းသည်တာချီလိတ်မြို့၏အနောက်တောင်ဘက် ၉ မိုင်ခန့်အကွာရှိ မယ်ဆိုင်နွဲ့ချောင်းရေအရင်းအမြစ်မှရယူကာ ခန့်မှန်းကုန်ကျငွေကျပ်သိန်းပေါင်း ၁၆၀၀၀၀ ကျော် အကုန်အကျခံ ဆောင်ရွက်ထားခြင်းဖြစ်သည်။

ယင်းအခမ်းအနားသို့ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းကျော်ဇံ၊ အတွင်းရေးမှူး ဦးကျော်ဇင်၊ အင်ဂျင်နီယာမှူး ဦးလှမျိုး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးကြည်မြင့်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျေးရွာများမှ ပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## မော်တော်ယာဉ်ဥပဒေ အသိပညာပေး လက်ကမ်းစာစောင်များ မြင်းမူမြို့၌ဖြန့်ဝေ

**မြင်းမူ အောက်တိုဘာ ၁၁**

အသစ်ပြဋ္ဌာန်းခဲ့သည့် မော်တော်ယာဉ်ဥပဒေကို ပြည်သူများ သိရှိလိုက်နာနိုင်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်ရဲတပ်ဖွဲ့ဝင်များက မော်တော်ယာဉ်ဥပဒေ ပညာပေးလက်ကမ်းစာစောင်များကို အောက်တိုဘာ ၉ ရက်က မြင်းမူမြို့၌ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်စိုးနှင့် ရဲတပ်ဖွဲ့ဝင်များသည် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ရှေ့နှင့် မြို့မဈေးရှေ့သို့ သွားရောက်ပြီး ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူများအား ဖြစ်ပွားမှုများသော ယာဉ်မတော်တဆမှုများ၊ တားမြစ်ချက်များ၊ ပြစ်ဒဏ်များမှ ပြည်သူများ သိရှိလိုက်နာသင့်သည့် ကောက်နုတ်ချက်များ၊ ယာဉ်နံပါတ်ပြားနှင့် ဆိုင်သော အရေးယူမှုများ၊ အမှတ်မထင်ဖြစ်ပွားတတ်သော ပြစ်မှုများကို မော်တော်ယာဉ်ဥပဒေတွင် ပုဒ်မများအလိုက် ပြဋ္ဌာန်းထားမှုနှင့် ယာဉ်မတော်တဆမှု ဖြစ်ပွားပါက ဆက်သွယ်ဆောင်ရွက်ရမည့် သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့ လိပ်စာများ၊ ဖုန်းနံပါတ်များ ပါဝင်သည့် ပညာပေးလက်ကမ်းစာစောင်များကို အသိပညာပေးဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မိုးခါး**



## ကောလင်း–ဝန်းသို သွားကားလမ်း ကောလင်းမြို့အဝင်၌ စိတ်ကြွဆေးပြား ၃၅၀ သိမ်းဆည်းရမိ

**ကောလင်း အောက်တိုဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် မြို့မရဲစခန်းမှ ခေတ္တစခန်းမှူး ရဲအုပ်တင်မိုးနှင့် နယ်ထိန်းခေါင်းဆောင်ဒုတိယရဲအုပ် လှကျော်ဦးတို့ဦးစီးသောအဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ ကောလင်း-ဝန်းသို သွားကားလမ်း၏ ကောလင်းမြို့အဝင် ဆိုင်းဘုတ်အနီးတွင် ပုန်းကွယ်စောင့်ဆိုင်းနေစဉ် ဂေါက်ကွင်းဘက်မှ ကောလင်းမြို့ဘက်သို့ ခြေကျင်လမ်းလျှောက်လာသူ မထားအား ရှာဖွေစစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းသို့ရှာဖွေရာ မထား ဝတ်ဆင်ထားသော I MAX စာတန်းပါ မြင်းချေးရောင် အနွေးထည်အတွင်းဘက်ရှိ အိတ်ကပ်အတွင်းမှ WY စာတန်းပါ စိတ်ကြွဆေးပြား ၂၀၀ ပါ အပြာရောင် ပလတ်စတစ်အိတ် တစ်အိတ်၊ ၂၀ ဂရမ် တန်ဖိုး ၁၀သိန်းကျပ်၊ WY စာတန်းပါ ပန်းရောင်စိတ်ကြွဆေးပြား ၁၅၅ ပြား ပါပလတ်စတစ်အိတ် တစ်အိတ်၊ ၁၅ ဒသမ ၅ ဂရမ် တန်ဖိုးငွေကျပ် ၇၇၅၀၀၀ စုစုပေါင်း ဆေးပြား ၃၅၅ ပြား စုစုပေါင်းတန်ဖိုးကျပ် ၁၇၇၅၀၀၀ အား သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မထား ဝင်းကြီးအုပ်စု မင်းကုန်းကျေးရွာ ဝန်းသိုမြို့နယ်နေသူအား ကောလင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**စိုင်းလှမင်း**

❒

## ဝက်လက်တွင် စပါးခင်းများအတွင်း ငါးမျိုးများစိုက်ထည့်

**ဝက်လက် အောက်တိုဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ဝက်လက်မြို့နယ်အတွင်းရှိ စပါးခင်းများအတွင်း ငါးမျိုးများ စိုက်ထည့်ခြင်းကို အောက်တိုဘာ ၈ ရက် နံနက် ၉ နာရီခွဲက ဝက်လက်မြို့ တောင်သူ ဦးမြင့်မောင်၏ လယ်ဧက ၆၀ အတွင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ရွှေဘိုခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးစိန်မြင့်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းဌေးနှင့် ဌာနဆိုင်ရာများ၊ တောင်သူများက တီလားဗီးယားငါးကောင်ရေ နှစ်သောင်း၊ ငါးခုံးမကြီး ကောင်ရေတစ်သောင်းတို့ကို လယ်ဧက ၆၀ အတွင်းသို့ စိုက်ထည့်ပေးခဲ့သည်။

**နန်းမြင့်(ဝက်လက်)**


**ခြံနှင့် အဆောက်အအုံ ညှိနှိုင်းဈေးဖြင့်ရောင်းမည်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်ကျေးရွာအုပ်စု၊ ကြာကန်စုကျေးရွာ၊ စိုက်ပျိုးမွေးမြူရေးဇုန် ၂ ယူနစ်၊ ၁၀ ဧက၊ စိန်တလုံး သရက်ပင် ၁၀၀၀ ကျော်ပါရှိပြီး အသီးစားနိုင်ပါပြီ။ ထောင့်ကွက်၊ လမ်းမကြီးမေးတင်၊ လယ်သမားရှင်းလင်းပြီး၊ တစ်ဧက သိန်း(၇၅၀)။

၂။ လှိုင်သာယာစက်မှုဇုန်မှအထွက် တွံတေးဘက်သို့ ပန်းလှိုင်မြစ်ကူးတံတားကျော်ပြီး တစ်မိနစ်အတွင်း ရန်ကုန်-တွံတေးလမ်းမကြီးဘေး Toll Gate အနီး၊ လမ်းမမေးတင် ၄ ဧက၊ မျက်နှာစာကျယ်သည်။ တစ်ဧက သိန်း(၂၅၀၀)

၃။ ချောင်းသာကမ်းခြေကျေးရွာ၊ ရွှေသောင်ယံမြို့နယ်ခွဲ၊ ချောင်းသာဈေးအနီး ကြံ့ခိုင်ရေးလမ်း၊ ပေ(၄၀×၆၀) ၂ ကွက်တွဲ၊ ထောင့်ကွက်၊ လက်ရှိတည်းခိုခန်း အဆောက်အအုံ ၂ ခုပါ၊ စီးပွားရေးလုပ်ရန် အကွက်အကွင်းကောင်းသောနေရာ၊ သိန်း (၅၀၀၀)။

၄။ ချောင်းသာကမ်းခြေကျေးရွာ၊ ရွှေသောင်ယံမြို့နယ်ခွဲ၊ ကမ်းခြေ ၂ ဒသမ ၅၈ ဧက၊ ဘန်ဂလို ၁ လုံးပါ။ သိန်း (၄၅၀၀)။

တစ်ဦးတည်းပိုင်၊ အရှုပ်အရှင်းကင်းသော ပိုင်ဆိုင်မှုများဖြစ်ပါသည်။

အကျိုးဆောင်များလည်း ဆက်သွယ်နိုင်ပါသည်။

**ဆက်သွယ်ရန်ဖုန်း- ၀၉ ၅၁၃၁၂၉၄၊ ၀၉ ၅၀၃၃၇၀၄၊ ၀၉ ၅၀၁၄၇၂၇**



**MANDALAR CHARM**
**TRAVELS & TOURS**

**ရေမြေတောတောင်လှပတဲ့မလေးရှား ၄ရက်ခရီး**

(တန်ဆောင်တိုင်ပိတ်ရက်နိုဝင်ဘာလ ၂၆ - ၂၉)

မြို့ပတ် ကွာလာလမ်ပူ၊ တောင်စခန်းမြို့ Genting Highlands၊ သမိုင်းဝင် မလက္ကာမြို့ 3 Star Hotel၊ MAS လေယာဉ်၊ မြန်မာ Tour Leader၊ မလေးရှားဖည့်လမ်းညွှန်၊ အစားအစာ၊ ဝင်ကြေးများအပါအဝင် တစ်ဦးလျှင် USD 580၊ (၅) ဦးအုပ်စုလာလျှင် တစ်ဦးလျှင် USD 565၊ (၁၀) ဦးအုပ်စုလာလျှင် တစ်ဦးလျှင် USD 550 ကျသင့်ပါမည်။

လေယာဉ်လက်မှတ်အခက်အခဲရှိပါသဖြင့် မြန်မြန်စာရင်းသွင်းမှုစိတ်ချရပါမည်။

**ထိုင်း၊ စင်ကာပူ ဟိုတယ်၊ တည်းခိုခန်း သီးသန့်**

ဗီဇာမလိုတော့သော ထိုင်းနိုင်ငံသို့ မိမိအစီအစဉ်ဖြင့် သွားမည့်သူများအတွက် ဈေးသက်သာသော ၂ယောက်ခန်း၊ ၃ယောက်ခန်းမှသည် 3 Star / 4 Star/ 5 Star ဟိုတယ်များ၊ စင်ကာပူနိုင်ငံ တွင် ၂ယောက်ခန်း၊ ၃ ယောက်ခန်း၊ ၄ ယောက်ခန်း၊ ၆ယောက်ခန်း၊ ၈ယောက်ခန်း၊ ၁၀ယောက်ခန်း၊ ၁၂ယောက်ခန်းမှသည် 3 Star / 4 Star / 5 Star ဟိုတယ်များ ကိုအချက်အချာနေရာများတွင် စီစဉ်ပေးပါသည်။

၂၂၆၊ မြေညီထပ်၊ ၃၈လမ်း (အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁ - ၂၄၂၁၂၉ / ၀၁ - ၂၅၆၆၇၂
Email: mandalarcharm1@gmail.com



AMAZING DREAMS TRAVELS & TOURS **သီတင်းကျွတ် ခရီးစဉ်များ**

ခရီးသည်အားလုံး 2+1 VIPကား

| | |
|---|---|
| မုပွါး - မုဂ်(ရွှေယံတော်လေးဆူ) | Oct 29 |
| လှိုင်ကော် - ဒီမောဆို | Oct 27 |
| ဂုတ်ထိပ်တံတား - ရေပြာ အိုင် - ကျောက်စိမ်းစေတီ | Oct 29 |
| အင်းလေးဖောင်တော်ဦးဘုရားပွဲ | Oct 27 |
| တောင်ကြီးတန်ဆောင်တိုင်မီးပုံးပွဲ | Nov 25 |

01 534072 , 01 2302068 , 09 5113271



Always One Trading Co., Ltd.တွင်တာဝန်ထမ်းဆောင်ရန်

ယာဉ်မောင်း - ကျား(၂)ဦး (အသက် ၃၀ မှ ၄၀ အတွင်း)

အခြေခံလစာ-230000+ရက်မှန်ကြေး+အခြားခံစားခွင့်

Accountant - ကျား(၂)ဦး (အသက် ၃၀ မှ ၄၀ အတွင်း)

မျှော်မှန်းလစာဖြင့်လာရောက်လျှောက်ထားနိုင်ပါသည်။

နေ့စားအထွေထွေဝန်ထမ်း- ကျား(၅)ဦး

၁ရက်-3500+အခြားခံစားခွင့်

အမှတ်(398-A)၊ဗညားဒလလမ်း၊တာမွေမြို့နယ်။

ဖုန်း-01,548158 / 09,796868281



**ဖခင်အမည်မှန်**

၂၀၁၄-၂၀၁၅ပညာသင်နှစ် သယ်န်းကျွန်းမြို့နယ်၊ အထက(၁)စာစစ်ဌာနမှ ဆသက-(၈၁၀)ဖြင့် တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သော မသံသာမိုးထက်၏(ဖခင်) ဦးစိန်ပိုင်သည် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၇/လပတ(နိုင်)၀၈၆၆၈၇]ကိုင်ဆောင်သူ ဦးရာစင်နှင့် နာမည်နှစ်မျိုးဖြစ်သော်လည်း လူပုဂ္ဂိုလ် တစ်ဦးတည်းဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးရာစင်(ခ)ဦးစိန်ပိုင် [၇/လပတ(နိုင်)၀၈၆၆၈၇]**



**ဖခင်အမည်မှန်** အထက(၃)ကမာရွတ်၊ ဒသမတန်း(B)မှ မောင်ဟန်အေး၏ ဖခင်အမည်မှန်မှာ ဦးကွန်ကျန်ဖြစ်ပါကြောင်း။

**ဦးကွန်ကျန်[၁၀/မလမ(နိုင်)၁၅၂၃၀၉]**



Spa ဆိုင်တွင် အမျိုးသမီးဝန်ထမ်း (၈) ဦး အလိုရှိသည်။ ရုပ်ရည်ပြေပြစ်သူ ဦးစားပေးမည်။ (အတွေ့အကြုံရှိရန်မလို) Spaနှင့်သက်ဆိုင်သော ပညာရပ်ကို စိတ်ဝင်စားသူဖြစ်ရမည်။ အခြေခံလစာ (၁၀၀၀၀၀ မှ ၁၂၀၀၀၀ ကြား)+ ကော်မရှင် (၁၀%) ပေးမည်။ နေစားစရိတ်ငြိမ်းပေးမည်။ စိတ်ဝင်စားသူများသည် CV ဖောင်၊ မှတ်ပုံတင်မိတ္တူနှင့် ရပ်ကွက်ထောက်ခံစာ အပြည့်အစုံဖြင့် လာရောက်လျှောက်ထားနိုင်သည်။ လိပ်စာ- ရန်ကင်းမြို့နယ်၊ သာယာရွှေပြည်လမ်း၊ ILBC ကျောင်းဘေး၊ Superone Supermarket အနီး

**ဆက်သွယ်ရန် ဖုန်း- ၀၉-၂၅၇၇၇၆၆၁၁၊ ၀၉-၉၇၃၀၇၉၁၇၉**



**တစ်ဦးတည်းဖြစ်ကြောင်း** ဦးညို၏သမီးဒေါ်အုံးကြည်(အေစီ-၀၀၃၈၅၂) [၁၂/ဥကတ(နိုင်)၀၄၄၅၅၂]နှင့် ဒေါ်အုန်းကြည်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်အုံးကြည်(ခ)ဒေါ်အုန်းကြည်[၁၂/ဥကတ(နိုင်)၀၄၄၅၅၂]



**၂-၁၀-၂၀၁၅ရက်ထုတ် ကြေးမုံသတင်းစာပါ Mr.TangRongXiam PPNo(G-60724062)၏ ညွှန်ကြားချက်အရ ၎င်း၏ရှေ့နေများ၏ ပြန်လည်ကြေညာချက်သည် မှန်ကန်ခြင်းမရှိကြောင်း အများသိစေရန် ကြေညာခြင်း**

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ မြန်မာရွှေထိုက်လုံ ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဒေါ်ခင်ခင်မြင့်၏ လွှဲအပ်ချက်အရ အများသိစေရန် ထပ်မံ၍ရှင်းလင်းကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏ မိတ်ဆွေသည် မိမိလုပ်ကိုင်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအား နာမည်ပျက်မရှိ ကောင်းသတင်းဖြင့် ဂုဏ်သိက္ခာရှိရှိ လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း ၂၅-၉-၂၀၁၅ရက်နေ့စွဲပါ ဤသတင်းစာပါကြေညာချက်ကို ထပ်မံအတည်ပြုပါသည်။

Mr. Tang Rong Xiam သည် မြန်မာရွှေထိုက်လုံ(Co.,Ltd) မန်နေဂျင်းဒါရိုက်တာ ဒေါ်ခင်ခင်မြင့်သို့ တရုတ်ပြည်သုံး ယွမ်ငွေ(၁၁၄၃၈၀၀၀)ကို တရုတ်စာဖြင့်ရေးသားချုပ်ဆိုခဲ့သည့် တရားဝင်စာချုပ်မရှိခဲ့ပါ။ နိုင်ငံခြားသားနှင့် စာချုပ်ချုပ်ဆိုခဲ့ခြင်းမရှိခဲ့ပါ။ Mr.Tang Rong Xiam ၏ အလုပ်သမားများသည် မြန်မာရွှေထိုက်လုံ (Co.,Ltd)၏အလုပ်သမားများကို သစ်အချောထည် လုပ်ငန်းအတွက် ပညာသင်ပေးရန်ရောက်ရှိလာပြီး အတည်မပြုရသေးသော စာရင်းအကြမ်းများအား တစ်ဖက်သတ်ရယူ၍ မိမိကုမ္ပဏီ ဝန်ထမ်းများအား သိမ်းသွင်းပြီး တံဆိပ်နှိပ်ရယူထားသော စာရင်းသာဖြစ်၍ ၂၅-၉-၂၀၁၅ရက်စွဲပါ ဒေါ်ခင်ခင်မြင့်၏ ပြန်လည်ကြေညာချက်သည်သာ မှန်ကန်ကြောင်း ထပ်မံအတည်ပြုပါသည်။ မှတ်ပုံတင် စာရင်းကိုင်၊ စာရင်းစစ်အဖွဲ့နှင့် စစ်ဆေးထား သော စာရင်းအမှန်များကို Mr.Tang Rong Xiam (သို့မဟုတ်) မိတ်ဆွေရှေ့နေများသည် ကျွန်ုပ်ထံသို့ လာရောက်ကြည့်ရှုဆွေးနွေးနိုင်ပါသည်။

၂၀၁၄ခုနှစ်၊ ဇွန်လ ၃၀ရက် မတိုင်ခင်အတွင်းက ဒေါ်ခင်ခင်မြင့်မှ Mr.Tang Rong Xiam တရုတ်ယွမ်ငွေ(၈၈၀၀၀၀၀) (ယွမ်ရှစ်ဆယ့်ရှစ်သိန်းတိတိ)ကို ပေးအပ်ရန်ဟူသော စာရင်းမှာလည်း မြန်မာရွှေထိုက်လုံဝန်ထမ်းများအား ပညာသင်သောကာလအတွက် ပညာရှင်စရိတ်ချီးမြှင့်ခြင်း ဖြစ်နေ၍ ပငြိုညာဉ်မမြောက်သော စာရင်းဖြစ်သောကြောင့် အမှန်တကယ်သုံးစွဲငွေများကို လုပ်သားဝန်ထမ်းလစာများကိုပါ ထည့်သွင်းထားသဖြင့် စာရင်းရှင်းလင်းရန် လိုအပ်ပါသည်။ ထို့ကြောင့် တစ်ဖက်နှင့်တစ်ဖက် စာရင်းမှန်ကန်မှု ရှိစေရန်အတွက် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ဆက်သွယ်လာရောက်ညှိနှိုင်းဖြေရှင်းရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| တရားလွှတ်တော်ရှေ့နေများ | ဦးအုန်းဟန် **LL.B** (စဉ်-၆၈၃၂) |
| | ဦးနေဝင်း **LL.B, D.B.L,WIPO** |
| | **D.I.P (Switzerland)** (စဉ်-၅၆၉၈) |
| | ဒေါ်မျိုးဝဏ္ဏာဆန်း **LL.B** (စဉ်-၈၃၁၇) |
| | ဒေါ်အေးကလျာဦး **LL.B,D.B.L.,WIPO** |
| | **D.I.P (Switzerland)** (စဉ်-၉၁၈၃) |
| အထက်တန်းရှေ့နေ | ဒေါ်ခင်မိုးသွယ် **LL.M** (စဉ်-၃၄၄၂၇) |
| | **Best Guide Law Firm** |
| | အမှတ်(၁၈၅)၊ မြေညီထပ်၊ ဖုန်း-၀၁-၂၅၂၅၁၉ |

ပြည်တွင်းရေးရာ



# ညောင်ပင်သာရွာ၌ ရေဆင်းစပ်မျိုး (၁) နေကြာ ၃၆ ဧကအောင်မြင်

**မိတ္ထီလာ အောက်တိုဘာ ၁၁**

မိတ္ထီလာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများပူးပေါင်းဆောင်ရွက်မှုဖြင့် ထမုကန်ကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာတွင် စိုက်ပျိုးထားသည့် ရေဆင်းစပ်မျိုး (၁) နေကြာ ၃၆ ဧက အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

"ရေဆင်းစပ်မျိုး (၁) နေကြာကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနဲ့ ပူးပေါင်းကာ မျိုးသန့်ပြန်ထုတ်ထားတဲ့ စပ်မျိုးနေကြာကို၃၆ ဧက စိုက်ပျိုးထားတာဖြစ်ပါတယ်။ မျိုးသန့် စပ်မျိုးနေကြာကို မျိုးသန့်ထုတ်ပြီးတာနဲ့ အထက်မြန်မာပြည် မျိုးစေ့အရည်အသွေး ခွဲတ်ခွဲဌာနကို ပေးပို့စမ်းသပ်ပြီးတော့ မျိုးသန့်အဖြစ် ထုတ်လုပ်စိုက်ပျိုးနိုင်တယ်ဆိုတဲ့ အသိမှတ်ပြုမှုကိုရရှိပြီးမှ စိုက်ပျိုးထုတ်လုပ်တာပါ။ မနှစ်က ငါးဧကမျိုးသန့် ပြန်ထုတ်တယ်။ ဒီနှစ်တော့ ၁၀ ဧက လောက်ကို မျိုးသန့်ပြန်ထုတ်မှာပါ။ ဒီစပ်မျိုးနေကြာက နေကြာရွက်ခြောက် ရောဂါဒဏ်ကိုလည်း ခံနိုင်တယ်။ အထွက်နှုန်းလည်းကောင်းတယ်။ ဒါကြောင့် ကိုယ်တိုင်စိုက်ပျိုးရုံတင်မကဘူး တောင်သူတွေကိုလည်း မျိုးစေ့ ပြန်လည်ရောင်းချပေးတာ အခုဧက ၁၃၀ စာလောက် စပ်မျိုးနေကြာမျိုးစေ့တွေ ရောင်းချပေးပြီးသွားပါပြီ။ တစ်ဧကစိုက်ပျိုးဖို့အတွက် သုံးကီလိုကို ကျပ်၁၂၀၀၀ နဲ့ ပြန်လည်ရောင်းချပေးပါတယ်" ဟု ညောင်ပင်သာကျေးရွာတွင် စပ်မျိုးနေကြာ ၃၆ ဧကစိုက်ပျိုးထားသူ ဦးခင်မောင်ဝင်းက ပြောသည်။

ယင်း စပ်မျိုးနေကြာမျိုးစေ့များကို မိတ္ထီလာမြို့နယ်အတွင်းရှိ ကံကောင်း၊ လိန်တော၊ ညောင်ပင်လှိုု၊ ရေဝေကျေးရွာများမှ တောင်သူများက လာရောက်ဝယ်ယူကြသည်။စပ်မျိုးနေကြာတစ်တင်းလျှင် ဆီကြိတ်ပါက ၄ ပိဿာမှ၄ ပိဿာခွဲခန့်အထိထွက်ရှိပြီးဆီတစ်ပုံးကို ကျပ် ၄၅၀၀၀ မှ ကျပ် ၅၀၀၀၀ အထိရောင်းကြသည်။**ချမ်းသာ(မိတ္ထီလာ)**

# ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲမဲရုံလုံခြုံရေး အသိပညာပေးဆွေးနွေး

**တံတားဦး အောက်တိုဘာ ၁၁**

ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ်ကော်မရှင်အဖွဲ့ခွဲနှင့် မြို့နယ်ရဲတပ်ဖွဲ့တို့ပူးပေါင်းပြီး ၂၀၁၅ ခုနှစ်အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲရုံလုံခြုံရေး အသိပညာပေး ဆွေးနွေးပွဲကို အောက်တိုဘာ ၉ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် တံတားဦးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းမြေ့စောက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတိုးလွင်က မဲရုံများလုံခြုံရေးနှင့် အထူးရဲများခန့်အပ်ထားရှိမှုတို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး တက်ရောက်လာသောရပ်/ကျေးကော်မရှင်အဖွဲ့ဝင်များက မိမိတို့သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသီးသီးပြန်လည်ဖြေကြားပေးခဲ့သည်။

တံတားဦးမြို့နယ်တွင် မဲရုံလုံခြုံရေးဆောင်ရွက်ရန်အတွက် ဇုန်ခြောက်ဇုန်ဖြင့် သတ်မှတ်ဆောင်ရွက်ထားကြောင်း၊ တံတားဦးဇုန်(၁)တွင် မဲရုံ ၅၈ ရုံ၊ ဇုန် (၂)တွင် ၄၈ ရုံ၊ ဇုန်(၃)တွင် ခုနစ်ရုံ၊ လေဆိပ်နယ်မြေဇုန်(၄)တွင် ၂၇ ရုံချောင်းခွနယ်မြေဇုန်(၅)တွင် ၃၇ ရုံ၊ ချောင်းခွနယ်မြေ(၆)တွင် ၂၇ ရုံ စုစုပေါင်းမဲရုံ ၂၀၄ ရုံတွင် တံတားဦးမြို့နယ်ရဲတပ်ဖွဲ့အနေဖြင့် တပ်ဖွဲ့ဝင်တစ်ဦးလျှင် ၁း၂၀၄၇ ဦးဖြင့် လုံခြုံရေးဆောင်ရွက်ထားရှိကြောင်း တံတားဦးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးတိုးလွင်က ပြောသည်။ **ရဲတင့်**

# မန်းဆေးတက္ကသိုလ် နောက်ဆုံးနှစ်အပိုင်း(က) ကျောင်းသားများ သုခချမ်းသာဆေးခန်းသို့ လေ့လာ

**နွားထိုးကြီးမြို့ အောက်တိုဘာ ၁၁**

နွားထိုးကြီးမြို့သို့လေ့လာရေးရောက်နေသော မန္တလေးဆေးတက္ကသိုလ်နောက်ဆုံးနှစ် အပိုင်း(က)မှ ကိုကောင်းထက်ဝင်း ဦးဆောင်သော ဆေးကျောင်းသား ၁၄ ဦးတို့သည် အောက်တိုဘာ ၁၀ ရက် နံနက်က နွားထိုးကြီးမြို့၌ အခမဲ့ကျန်းမာရေးစောင့်ရှောက်နေသော သုခချမ်းသာဆေးခန်းသို့ သွားရောက်လေ့လာခဲ့ကြသည်။

ရှေးဦးစွာ သုခချမ်းသာ လူမှုကူညီရေးကျန်းမာရေးစောင့်ရှောက်မှုအသင်းဥက္ကဌ ဦးအေးလွင် (သဇင် ပုံနှိပ်တိုက်)က အသင်း၏ တစ်နှစ်တာလူမှုကူညီမှုအခမဲ့ဆေးခန်းဆောင်ရွက်နေမှုကို ရှင်းပြခဲ့သည်။

ဆက်လက်၍ ကိုကောင်းထက်ဝင်း ဦးဆောင်သော ဆေးကျောင်းသားများက သုခချမ်းသာ၏ လူနာများဆေးဝါးကုသမှု၊ ဖွင့်လှစ်မည့် ဆေးခန်းအဆောက်အအုံသစ်ကို ကြည့်ရှုလေ့လာကြပြီး မှတ်တမ်းတင် ဓာတ်ပုံများရိုက်ခဲ့ကြကြောင်း သိရသည်။

**ရွှေမြင့်မောင်**

# မိုးပွင့်အထူးစီမံချက် အပိုင်း(၂) ကွင်းဆင်းဆောင်ရွက်

**မြင်းခြံ အောက်တိုဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ထနောင်းတိုင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် မိုးပွင့်အထူးစီမံချက်အပိုင်း (၂) ကို အောက်တိုဘာ ၄ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန အနေဖြင့် ယခင်က အသက် (၁၈) နှစ်ပြည့်ပြီး အကြောင်းအမျိုးမျိုးဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား မပြုလုပ်ရသေးသူများနှင့် အခြေခံပညာ အထက်တန်းနှင့် အလယ်တန်းကျောင်းများရှိ ကျောင်းသား၊ ကျောင်းသူများ မှတ်ပုံတင်ရရှိရေးအတွက် မိုးပွင့်အထူးစီမံချက်အပိုင်း (၂) ဖြင့် ကွင်းဆင်း ဆောင်ရွက်ပေးခြင်းဖြစ်သည်။ ထနောင်းတိုင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် နိုင်ငံသား စိစစ်ရေးကတ်ပြားကို လူဦးရေ ၁၂၅ ဦးအတွက် ပြုလုပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မိုးပွင့်အထူးစီမံချက်အပိုင်း (၂) နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ရာသို့ မြင်းခြံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူးဦးအောင်စိုးနှင့်အတူ ဝန်ထမ်းများက ပါဝင်ဆောင်ရွက်ပေးခဲ့ပြီး မှတ်ပုံတင်စိစစ်ရေးကတ်ပြား မပြုလုပ်ရသေးသူများ မကျန်ရှိအောင်လည်း ကျေးရွာအုပ်ချုပ်ရေးမှူးက လိုက်လံကြေညာကာ ကူညီဆောင်ရွက်ခဲ့ကြောင်းသိရသည် ။

**ဇော်မင်းနိုင် (မြင်းခြံ)**


**Trumpet Travels & Tours**

ငွေဆောင် (1-Night 2-Days) (၂၄)ရက်နေ့ 65000 Ks
ကျိုက်ထီးရိုးသီတင်းကျွတ် အသီးမှောနေ့ (၂၈)ရက်နေ့ 35000 Ks
မနက်စာ၊ နေ့လည်စာ၊ ညစာ၊ ရေသန့်ဘူး၊ စနိုးတာဝါ၊ VIP Japan Tour Grade ကားဖြင့်သာ သီးသန့်ထွက်မည်။ (၁၀-ဦးလျှင် ၁-ဦး အခမဲ့)
Ph: 01-536975, 01-532238, 09-43089536, 09-5182767

ay™u q; a|umi; ကျွန်တော် ဦးဌေးဝင်းပိုင် မော်တော်ယာဉ်အမှတ်(၆က/၆၀၆၀)၊ (၁၀၅) အနောက်ပိုင်းခရိုင်ယာဉ်လိုင်း ယာဉ်၏နံပါတ်ပြားမှာ ရပ်ထားစဉ် ပျောက်ဆုံးသွားပါ၍ တွေ့ရှိကအကြောင်းကြားပါရန်။ ဖုန်း-၀၉-၂၅၄၁၃၆၇၇၈

**အင်းလေးဖောင်တော်ဦးဘုရား ဒေသစာရီကြွချီပူဇော်ခံပွဲတော်ကျင်းပမည်**

အင်းလေးဖောင်တော်ဦးဘုရား၊ ရုပ်ရှင်တော်မြတ်များသည် [၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁)ရက်မှ သီတင်းကျွတ်လပြည့်ကျော် (၃)ရက်] ၁၄-၁၀-၂၀၁၅ ရက်မှ ၃၁-၁၀-၂၀၁၅ ရက်အထိ အင်းလေးဒေသ(၂၁) ဌာနသို့ ဒေသစာရီ ကြွချီပူဇော်ခံမည်ဖြစ်သည်။ ရတနာစံကျောင်းတော်ဝင်ပွဲကို [သီတင်းကျွတ်လပြည့်ကျော် (၃)ရက်] ၃၁-၁၀-၂၀၁၅ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်ပါသည်။

**အင်းလေးဖောင်တော်ဦးဘုရားဂေါပကအဖွဲ့**
**ဖုန်း-၀၉-၅၂၁၄၀၃၀**

ရွှေချမ်းသာ ဝါကျွတ်ပွဲတော်အထူးခရီးစဉ်(Oct 23,26,30)
ကျိုက်ထီးရိုး(နေ့စဉ်)ချောင်းသာ(နေ့စဉ်)ငွေဆောင်(သောကြာ)
Ph:09425334456,09252606649,0949323965,0949578205

**ငွေစင်သွန်း (ခရီးသွားဝန်ဆောင်မှု)**
• တောင်ကြီး၊ အင်းလေး ဖောင်တော်ဦးဘုရားပွဲ (Oct-23) 120000 Ks
• ကျိုက်ထီးရိုး၊ ဇင်းကျိုက် (အပတ်စဉ်) နေ့ချင်းပြန် (စနေ၊ တနင်္ဂနွေ) 35000 Ks
Phone : 09 5144756, 09 420128319, 09 420256279.

အမေရိကန်တက္ကသိုလ်များနှင့် ဩစတြေးလျ၊အင်္ဂလန်၊ကနေဒါ၊စင်ကာပူတို့မှ တက္ကသိုလ်ပေါင်း(၁၅၀)ကျော်အသိအမှတ်ပြုထားသော

CROWN EDUCATION Yangon - Myanmar

**AMERICAN COLLEGE PROGRAM**



- အဆိုပါပရိုဂရမ်သည် Grade 12 နှင့် ညီမျှပြီး အမေရိကန်မှ လက်မှတ်ထုတ်ပေးမည့် ပရိုဂရမ်ဖြစ်ကာ SAT ဖြေဆိုစရာမလိုဘဲ အမေရိကန် တက္ကသိုလ်များသို့ ဝင်ခွင့်တိုက်ရိုက်လျှောက်ထားနိုင်ခြင်း
- GCE 'A' အဆင့်နှင့် ညီမျှပြီး အင်္ဂလန်တက္ကသိုလ်များ၏ ပထမနှစ်သို့ တိုက်ရိုက် လျှောက်ထားနိုင်ခြင်း
- စင်ကာပူနှင့်ထိုင်းတက္ကသိုလ်များ၏ ဒုတိယနှစ်သို့ တိုက်ရိုက်လျှောက်ထားနိုင်သည့် မြန်မာနိုင်ငံမှ တစ်ခုတည်းသော Foundation Program ဖြစ်ခြင်း
- မြန်မာနိုင်ငံတွင် (၁၀)လသင်ယူကာ ကမ္ဘာတစ်ဝန်းရှိ အမေရိကန်၊ဩစတြေးလျ၊ကနေဒါ၊စင်ကာပူ၊အင်္ဂလန်တက္ကသိုလ်ကြီးများသို့ တိုက်ရိုက် ဝင်ခွင့်လျှောက်ထားနိုင်ခြင်း
- အမေရိကန်သင်ရိုးညွှန်းတမ်းဖြင့် ပြည်တွင်းပြည်ပမှ ဝါရင့်ဆရာ၊ဆရာမများ ပူးပေါင်းသင်ကြားပေးခြင်း
- ထူးချွန်သော ကျောင်းသားကျောင်းသူများအတွက် အမေရိကန်နှင့် အင်္ဂလန်တက္ကသိုလ်များတွင် ပညာသင်ဆုရရှိနိုင်ခြင်း
- IELTS ကို သီးခြား တက်ရောက်သင်ယူရန် မလိုအပ်တော့ခြင်း

အမေရိကန်မှ Credit စနစ်ဖြင့် ပေးအပ်မည့် GLOBAL ASSESSMENT CERTIFICATE

အမေရိကန်တက္ကသိုလ်အများစုမှ အသိအမှတ်ပြုထားပြီး ပညာသင်ထောက်ပံ့ကြေးနှင့်တက္ကသိုလ်ကြီးများ ဝင်ခွင့်ကိုလျှောက်ထားနိုင်သော ACT စာမေးပွဲအတွက်ပါ ပြင်ဆင်ပေးမည့် မြန်မာနိုင်ငံ၏ တစ်ခုတည်းသောပရိုဂရမ်ဖြစ်ပါသည်။ နိုဝင်ဘာတန်းအတွက် လူဦးရေအကန့်အသတ်ဖြင့် လက်ခံနေပါပြီ။

GLOBAL ASSESSMENT CERTIFICATE

Call us: 01 527 838, 09 730 40 688, 09 732 56 965, 09 732 732 77

**အခန်းဆက်ဝတ္ထုရှည်**



# ကမ္ဘာကုန် ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

**ယမန်နေ့မှအဆက်**

"အစိုးရအမှုထမ်းများသို့ ကျွန်တော် မေတ္တာရပ်ခံလိုပါတယ်. .

ယခုအချိန်အခါသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ ဘေးအန္တရာယ်အမျိုးမျိုးတို့ကို လက်နက်ကိုင်တပ်သားများသာမက တိုင်းသူပြည်သားလူထုကြီးတစ်ရပ်လုံးကလည်း မိမိတို့ တတ်စွမ်းသလောက် တိုက်ခိုက်တွန်းလှန်နေရသည့်အခါဖြစ်ပါသည်။ ထိုကဲ့သို့ ပြည်ထောင်စုကြီး ခိုင်မြဲမှုအတွက် လူတိုင်းလူတိုင်း အားသွန်ကြိုးပမ်းနေကြသောအခါတွင် အမှုထမ်းအချို့က မကျေမနပ်မှုများကြောင့် သပိတ်လက်နက်စွဲကိုင်လျက် မြို့ရွာပိုမိုချောက်ချားစေမည့် အပြုအမူများကို ဆက်လက်လုပ်ကိုင်နေမည်ဆိုပါက ပြည်ထောင်စု၏ ဘေးအန္တရာယ်များကို အသက်ပေး၍ တွန်းလှန်နေကြရသော လက်နက်ကိုင်တပ်သားများကို နောက်ကျောမှ ဓားနှင့်ထိုးခြင်းပင်ဖြစ်ပါသည်။ ထို့ကြောင့် လက်နက်ကိုင်တပ်သားများသည် စိတ်ဖြောင့်ဖြောင့်နှင့် နိုင်ငံတော်၏ အမှုတော်ကို ထမ်းရွက်နိုင်စေရန် အမှုထမ်းများ အားလုံးအား သပိတ်လက်နက် စွဲကိုင်ခြင်းမပြုကြဘဲ တိုင်းပြည်ငြိမ်ဝပ်ပိပြားရေးကို အစွမ်းကုန် ကူညီဝိုင်းဝန်းကြရန် လက်နက်ကိုင်တပ်သားများ၏ကိုယ်စား ကျွန်တော်က မေတ္တာရပ်ခံလိုက်ပါတယ်"

သက်ခိုင်တို့နှင့်တကွ ရဲဘော်အားလုံးသည် မျက်လုံးပြူးကာ နားစွင့်ထောင်နေကြသည်။ ဤအသံသည် ရေဒီယိုမှ ကြားနေကျအသံ မဟုတ်။

သို့ရာတွင် ဤအသံကို နှလုံးသားများက သိနေကြသည်။ ဤအချိန် ဤအခါဝယ် ဤအသံလာပါစေဟုလည်း အားလုံးက မျှော်နေကြသည်။

ယခု လာပြီးတည်း . . .၊ ယခု လာပြီးတည်း။

အသံလွှင့်ရုံမှ ကြေညာသူ အမျိုးအသီးက အသံချိုချိုနှင့် ဆိုသည်။

"အစိုးရအမှုထမ်းများသို့ စစ်ဌာနချုပ်မှူး ဗိုလ်ချုပ်နေဝင်း၏ မေတ္တာရပ်ခံချက်ကို အသံလွှင့်လို့ ပြီးပါပြီရှင်"

သက်ခိုင်တို့အားလုံးသည် ခေတ္တမျှ ကြောင်နေကြ၏။ ခဏ၌မူ မတိုင်ပင်ဘဲ ဖြိုင်ဖြိုင်ညီညီ ထကြ၏။

ရရာလက်နက်များကို မိုးပေါ်သို့ ပစ်မြှောက်ကြ၏။ ခုန်သူက ခုန်ကြ၏။ ကသူက ကကြသည်။ အော်သူက အော်ကြသည်။

"ဗိုလ်ချုပ် တက်ပြီဟေ့ . . ဗိုလ်ချုပ် တက်ပြီ၊ တို့ ကျွန်မဖြစ်တော့ဘူး၊ တို့ ကျွန်မဖြစ်တော့ဘူး၊ အောင်ပွဲက စောင့်နေပြီပေါ့ . . တပ်မတော်၊ တို့တပ်မတော်ဟေ့. . . "

တပ်ဝင်းကြီးတစ်ခုလုံး သိမ့်သိမ့်တုန်သွားသည်။ အုတ်အုတ်ညံသွားသည်။

ဆူညံပျော်ရွှင်နေသူများထံမှ ခွဲကာ သက်ခိုင်သည် တပ်ဝင်း၏ ခြံစည်းရိုးသို့ ထွက်လာခဲ့သည်။

အင်းစိန်ဘက်မှ အမြောက်သံသည် ယနေ့ည ပိုမိုတုန်ဟည်းနေ၏။

လေကလည်း ပြင်းပြင်းတိုက်နေသည်။

တပ်ဝင်းအပြင်ဘက်ရှိ သစ်ပင်များမှ ရွက်ဝါတို့သည် သဲသဲရုတ်ရုတ်ကြွေကျနေ၏။ တရှဲရှဲ မြည်ကာကြွေကျနေ၏။

အဟောင်းမည်သည် ကြွေရမည်။ အသစ်မည်သည် ထွန်းရမည်။

မဟာနွေဦးကား . . . ပီပီသသ စခဲ့လေပြီတကား။

**အခန်း–၂၉**

**မုတ်သုံမိုးဦး**

ဖေဖော်ဝါရီလနှင့် မတ်လအတွင်း လေရူးသည် ပွေ၏။ ရွက်ဝါတို့ ကြွေပုံကလည်း သဲသည်။

ထိုလများအတွင်း မြို့များ ရွာများ ကျဆုံးရပုံက ရွက်ဝါတို့ ကြွေပုံနည်းအတိုင်း မြန်သည်။ သူပုန်ရောင်စုံတို့၏ တပ်များကလည်း လေရူးသို့ လေးဖက်လေးတန်မှ ဝှေ့သည်။

ပဲခူးဆီ ဆင်းမရသော တောင်ငူကရင်တို့သည် လာလမ်းအတိုင်း ပြန်ဆန်တက်ကာ ရန်ကုန်-မန္တလေး ကားလမ်းပေါ်ရှိ မြို့အသီးသီးကို သိမ်းကြ၏။

ဖေဖော်ဝါရီလ ၁၇ ရက်နေ့၌ ပျဉ်းမနားကို သိမ်းကြသည်။ ၁၈ ရက်နေ့၌ ရမည်းသင်းကို သိမ်းကြသည်။ ၂၀ ရက်နေ့၌ မိတ္ထီလာကို သိမ်းကြသည်။ မိတ္ထီလာ၌ လေယာဉ်ပျံနှစ်စီးကို သိမ်းပြီး မေမြို့သို့ ရုတ်တရက် ပျံကြသည်။ ရာဇဝင်ပြောင်မြောက်သော တိုက်ပွဲများ ဖြစ်ခဲ့ရလင့်ကစား အငိုက်မိသော မေမြို့သည် ကေအင်ဒီအိုလက်သို့ ကျရ၏။ မေမြို့ကို သိမ်းပြီးသောအခါ သူတို့သည် စစ်နှစ်ကြောင်းဖြန့်၍ မန္တလေးမြို့သို့ ချီတက်လုပ်ကြံကြသည်။

မတ်လ ၁၁ ရက်နေ့၌ မန္တလေး ကျလေသတည်း။

ဤရက်များအတွင်း သက်ခိုင်တို့သည် အင်းစိန် စစ်မျက်နှာငှက်ပျောခြံအနီး တပ်စခန်းတစ်ခုတွင် ဆရာထူး၏ ခြောက်လက်မ မော်တာနှင့်အတူ တာဝန်ကျနေ၏။

နေ့အခါဆိုလျှင် သေနတ်သံများကို ပြောက်ကျားပြောက်ကျား ပျင်းရိဖွယ်ကြားရသည်။ ဤပျင်းရိဖွယ် သေနတ်သံများအကြားတွင် သေမင်းတမန်စနိုက်ပါကျည်ဆန်များက ပျံပျံပါလာတတ်သည်။ သက်ခိုင်တို့နှင့် မနီးမဝေး၌ တာဝန်ယူ စခန်းချထားသော လက်မောင်းတွင် မိကျောင်းတံဆိပ်ရုပ်တပ်ဆင်ထားကြသည့် (ငမိုးရိပ်တပ်ခေါ်)ယူအပ်ပီနှင့် လဲဗျီးတပ်သားများ အများမှာ စနိုက်ပါ လက်ချက်ကြောင့် တစ်နေ့ တစ်လောင်းနီးပါး ကျဆုံးကြရရှာသည်။

ညအခါဆိုလျှင်မူ သူ့ဘက် ကိုယ့်ဘက် ပစ်ကြသော သေနတ်သံများကား တရုတ်နှစ်သစ်ကူးပွဲမှ ဗြောက်အိုးသံများအလား ဆူညံသည်။ ထရေဇာခေါ် ပစ်ကြောင်းလမ်းပြ ကျည်ဖူးတို့ ကူးကူးယှက်ယှက် ပျံသန်းနေနေကြပုံမှာ အရာအထောက်သော ပိုးစုန်းကြူးကြီးတို့ မြူးထူးနေကြပုံနှင့် တူ၏။ တစ်ခါ တစ်ရံ အားလုံး ငြိမ်သက်နေရာမှ အချက်ပြမီးစိမ်း မီးနီတို့သည် နက်မှောက်သော ကောင်းကင်ပြင်တွင် ကြယ်တံခွန်ပေါ်သည့်အလား ရုတ်တရက် လင်းထိန်၍ ပေါ်လာတတ်၏။ ထိုအခါ ပစ်ခတ်သံမျိုးစုံတို့ သောင်းသောင်းညံပြန်သတည်း။

ခြေလျင်တပ်များမှ အကူအညီတောင်းတိုင်း သက်ခိုင်တို့၏ မော်တာသည် တအုန်းအုန်း ထုပေးရ၏။ ထိုအခါ သက်ခိုင်တို့၏ စခန်းသည် စနိုက်ပါ(လက်ဖြောင့်တပ်သား)များ၏ ပစ်ကွင်းဖြစ်လာ၏။ စနိုက်ပါက ပစ်လျှင် သက်ခိုင်တို့က ပြန်မပစ်၊ တောရိပ်၊ တောင်ရိပ် အမှောင်ရိပ်ကို ခိုကာ တိတ်တဆိတ် တပ်ဖျောက် တပ်ဖြန့်ပြီး အမိဝိုင်းနှံကြသည်။

ဆရာထူးနှင့် စစ်တိုက်ရသည်မှာ ပျော်ဖို့ကောင်းသည်။

ဆရာထူးသည် မော်တာကို ခွေးနိုင် ဝက်နိုင် နိုင်၏။

တစ်ကြိမ်က စခန်းမှထွက်ကာ ပွိုင့် ၁၀၈ တောင်ကုန်းနေ၍ ဆရာထူးက မော်တာပစ်ပြသည်။

အင်းစိန်မြို့တွင်းမှ စက်ရုံခေါင်းတိုင်းကြီးတစ်ခုကို လှမ်းမြင်ကြရ၏။

ဆရာထူးက ခြောက်လက်မ မော်တာကြီးကို ဆင်လိုက်ပြီး ထိုခေါင်းတိုင်ကိုသုံးချက်ပစ်ပြမည်။ တတိယအကြိမ် ၌ ခေါင်းတိုင် ကျိုးကျရမည်ဟု ကတိပေးသည်။

ပထမအကြိမ် ပစ်ရာ သီသီလွဲသွား၏ ဒုတိယအကြိမ်၌ ခေါင်းတိုင်ကြီး ကျိုးကျသွားသည်။ ခေါင်းတိုင်ကြီး နားဆီမှ ပစ်သည်ဟု ခန့်မှန်းရသော သုံးလက်မ မော်တာသံတို့လည်း ဆိတ်ငြိမ်သွား၏။ တတိယအကြိမ် ပစ်ရန် မလိုတော့။ သို့ရာတွင် ဘေးပတ်ဝန်းကျင် လှိုမြောင်းများမှ ရိုင်ဖယ်ကျည်ဆန်များပလူပျံကာ ရောက်လာသဖြင့် စခန်းအရောက် ဆုတ်ပစ် ပစ်ရင်း ဒရောသောပါး ပျော်ပျော်ပါးပါး ပြန်ပြေးခဲ့ကြရသည်။

ကြားကာလ အားလပ်ချိန်ကလေးများတွင် ဆရာထူးသည် မယ်ဒလင် တီးတတ်၏။ မယ်ဒလင်တီးဆဲ သေနတ်သံများ မကြားလျှင် စည်းတီးပေးမည့်သူမရှိဟု သူကဝမ်းနည်းပမ်းနည်း ညည်းတတ်သည်။

ဆရာထူး၏ မယ်ဒလင်မှာ ကြိုးတစ်ခါညှိလျှင် နာရီဝက်ခန့်ကြာသော မယ်လင်အပျက်ကလေး ဖြစ်၏။ သူ့မယ်ဒလင်အပျက်ကို သက်ခိုင်တို့က နောက်လျှင် သူက ကြွားဝင့်စွာ ဖြေ၏။

"အစက အဲဒီမယ်ဒလင်မျိုးတောင် မကိုင်နိုင်ဘူး၊ ငါး သေတ္တာခွက်ကို ကိုင်းတပ်၊ ကြိုးတပ်ပြီး တီးခဲ့တာဟေ့"

ကိုလေးမောင်သည် သွားလေရာ သူမြတ်နိုးသည့် ပစ္စည်းတစ်ခုခုသယ်ရမှ ကျေနပ်သူဖြစ်၏။ ယခု သူက အီတလီပြည်လုပ် မယ်ဒလင်တစ်လုံးပါလာ၏။ စစ်စည်းကမ်းအရ ခွင့်ပြုမှန်း မပြုမှန်း မသိ၍ ဝှတ်ထားသည်။ ဆရာထူးနှင့်တွေ့ခါမှ သူ့မယ်ဒလင်ကို ထုတ်ဝံ့သည်။

ကိုလေးမောင်၏ လက်ကွက်သည် မဆန်း။ ရိုးသည်။ သို့ရာတွင် ပီသပြတ်သားသည်။ စည်းဝါးကို ဆံခြည်တစ်လုံးမျှ အမှားမခံ။

သက်ခိုင်၊ ကိုစောလွင်၊ ကိုမြင့်သောင်း၊ ဤသုံးဦးက တီးလည်းတီးတတ်၊ ဆိုလည်း ဆိုတတ်သည်။ ကိုလှဖေနှင့် ဝင်းမောင်တို့က စည်းပင် မလိုက်တတ်။

ကိုလေးမောင်က နတ်သျှင်နောင်၊ သစ္စာမဏ္ဍိုင်၊ ရွှေစံပယ်ရုံသီချင်းများကို တီးသောအခါ သူများ မဆိုရ။ ဆရာထူးသည် သူ့မျက်တောင်များကို ပုတ်ခတ် ပုတ်ခတ် လုပ်ရင်းလွမ်းလွမ်းဆွေးဆွေး သီဆိုတတ်သည်။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာ တက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


## ရွှေဘုန်းပြည့် ဗေဒင်ယာတွေရားဖူးအဖွဲ့

ဘုရားသို့မှန်းခြေတစ်လှမ်း သိန်းသန်းမကထိုက် လျှုသူ ဖူးသူ ပေးဝေသူ နတ်လူဘုံသို့ဆိုက်

ဗုဒ္ဓဂယာ (သာဝတ္ထိ+ဘာရာဏသီ) (၈ရက်)

သာဝတ္ထိ+ဘာရာဏသီ–နယူးဒေလီ (၇ ရက်)

မွန်ဂိုင်း–ဆန်ချီ–အဂျန္တာ–အယ်လိုရာ (၈ရက်)

အမှတ်(၇၄၈)ပထပ်၊ဗဒ္ဒိလလမ်း၊သဃ်န်းကျွန်းမြို့နယ်
၀၉–၇၃၀၆၀၀၄၈၊၀၉–၃၀၀၄၃၁၀၁။၀၉–၂၀၁၁၃၁၃



## အထက(စဉ့်ကိုင်)ကျောင်းသား၊ ကျောင်းသူဟောင်းများ သတ္တမအကြိမ် အာစရိယပူဇော်ပွဲဖိတ်ကြားခြင်း

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့၊ အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားပို့ချခဲ့သော အသက်(၆၀)နှစ်ပြည့်နှင့်အထက် ဆရာကြီး၊ ဆရာမကြီးများအား တပည့်ကျောင်းသား၊ ကျောင်းသူဟောင်းများက အာစရိယဂုဏ်ကိုရည်မှန်း၍ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပမည်ဖြစ်ပါသဖြင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအား အောက်ဖော် ပြပါ အစီအစဉ်အတိုင်း ကြွရောက်ကန်တော့ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

နေ့ရက် - (၁၃၇၇ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ရက်) ၂၆-၁၀-၂၀၁၅ရက်(တနင်္လာနေ့)
အချိန် - မွန်းတည့်၁၂း၀၀နာရီတွင် အခမ်းအနားစတင်မည်ဖြစ်ပါသည်။
(ကြွရောက်လာသူအားလုံးကို နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံပါမည်။)
နေရာ - အထက၊ စဉ့်ကိုင်၊ သဇင်ခန်းမ။

ဆက်သွယ်လှူဒါန်းရန်နေရာများ-

| | | |
|---|---|---|
| ရန်ကုန် | - ကိုဇော်မျိုးထက် | ၀၉-၅၁၁၃၁၀၅ |
| နေပြည်တော် | - ကိုရာဇာလင်း(နေပြည်တော်စည်ပင်) | ၀၉-၂၂၀၀၇၉၄ |
| မန္တလေး | - ဦးထွန်းထွန်း(စူပါတာယာ) | ၀၉-၂၀၀၀၉၄၆ |
| | ဦးကျော်ညွန့်(ရွှေနေ) | ၀၉-၂၀၀၉၄၁၈ |
| ကျောက်ဆည်- | ကိုမျိုးသက်(ရွှေရတီ) | ၀၉-၂၀၀၁၀၁၉ |
| စဉ့်ကိုင် | - ကိုကျော်ကျော်စိုး(ရွှေဝါလှိုင်) | ၀၉-၇၈၃၈၃၄၀၂၂ |
| | ကိုမျိုးထွေး(မဟာကဖေး) | ၀၉-၇၉၈၅၂၉၁၁၅ |

ဘဏ်အကောင့်နံပါတ်များ- မြန်မာ့စီးပွားရေးဘဏ်(စဉ့်ကိုင်)ကျောက်ဆည်(CB)ဘဏ်
SH-004190023600100029386

နီးစပ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများထံတွင်လည်း အလှူငွေများ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**
**အထက စဉ့်ကိုင်**



## အသိပေးကြေညာချက်

၁။ ဓမ္မစကူးလ်ဖောင်ဒေးရှင်းသည် ခေတ်မီဗုဒ္ဓဘာသာပညာရေးစနစ်ဖြင့် မျိုးဆက်သစ်ကလေးငယ်များကို လိမ္မာယဉ်ကျေးပြီး ပညာပြည့်ဝ နှလုံးလှသည့် နိုင်ငံ့သားကောင်းရတနာ၊ သမီးကောင်းရတနာများဖြစ်အောင် ပြုစုပျိုးထောင်ပေးနေသော အဖွဲ့အစည်းဖြစ်ပါသည်။

၂။ ဓမ္မစကူးလ်ဖောင်ဒေးရှင်း၏ သင်ရိုးညွှန်းတမ်း၊ သင်နည်းစနစ်မှုများနှင့်အညီ ဖွင့်လှစ်သင်ကြား နေသော ဓမ္မစကူးလ်ကျောင်းများအား ထေရဝါဒဗုဒ္ဓဘာသာ၏ အဆုံးအမတရားတော်များကိုသာ သင်ကြားသင်ယူကြရန် အကြံပြုညွှန်ကြားထားပါသည်။

၃။ သို့ပါသော်လည်း ယခုအခါ၌ အချို့သော ဓမ္မစကူးလ်ကျောင်းများတွင် ဓမ္မစကူးလ်သားငယ်၊ သမီးငယ်များကို ပါတီနိုင်ငံရေး လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်စေသည်ကို တွေ့မြင်သိရှိရ၍ ဓမ္မစကူးလ်ဖောင်ဒေးရှင်းအနေဖြင့် များစွာစိုးရိမ်ပူပန်မိပါသည်။

၄။ သို့ဖြစ်ပါ၍ ဓမ္မစကူးလ်ဖောင်ဒေးရှင်း၏ မူဝါဒလမ်းညွှန်ချက်များနှင့်အညီ ဖွင့်လှစ်သင်ကြားနေသော ဓမ္မစကူးလ်ကျောင်းများအနေဖြင့် ဓမ္မစကူးလ်အမည်ကို အသုံးပြု၍ ပါတီနိုင်ငံရေးလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုကြပါရန်နှင့် ဖောင်ဒေးရှင်း၏ အမှတ်တံဆိပ်(Logo)နှင့် အလံတို့ကိုလည်း ၎င်းလှုပ်ရှားမှုများတွင် အသုံးမပြုကြပါရန် အလေးအနက် မေတ္တာရပ်ခံအပ်ပါသည်။

**ဘဒ္ဒန္တသာသနဝရ**
**ဥက္ကဋ္ဌဆရာတော်**
**ဓမ္မစကူးလ်ဖောင်ဒေးရှင်း**



## MR.FRANZ KOLLER (C.E.O) Passport No.CFMPWKNYO
## ဦးမျိုးဝင်း(အုပ်ချုပ်မှုဒါရိုက်တာ)[၁၂/ကတတ(နိုင်)၀၁၆၉၇၈]
## EUROGATE SPORTSWEAR LTD တို့နှင့်အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁)ရပ်ကွက်၊ လမ်း(၅၀)၊ အမှတ်(၉၃)၊ (ပထမထပ်)နေ ဦးမြင့်ဝေ[၁၂/ကတတ(နိုင်)၀၁၁၅၇၁]၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။ MR.FRANZ KOLLER နှင့်ဦးမျိုးဝင်းတို့သည် ကျွန်ုပ်တို့၏မိတ်ဆွေဦးမြင့်ဝေနှင့်ဇနီး ဒေါ်မို့မို့ကျော်တို့ထံမှ ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၃၊ လူနေရပ်ကွက် အမှတ်-စက်မှုဇုန်၊ မြေကွက်အမှတ်-၄၇၃က၁နှင့် မြေကွက်အမှတ်-၄၇၃က၂ တို့ကို ငှားရမ်းပြီး အထည်ချုပ်လုပ်ငန်းကို လုပ်ကိုင်ခဲ့ပါသည်။ စာချုပ်သက်တမ်းကုန်ဆုံးပြီးနောက် စာချုပ်သစ်ထပ်မံချုပ်ဆိုရန်နှင့် ပေးရန်ငှားရမ်းခများကို ပေးချေရန်အကြိမ်ကြိမ်ညှိနှိုင်းခဲ့သော်လည်း လူကြီးမင်းတို့က လိုက်နာခြင်းမရှိဘဲ ပျက်ကွက်ခဲ့ပါသည်။ လူကြီးမင်းတို့က ကျွန်ုပ်တို့၏မိတ်ဆွေဦးမြင့်ဝေထံ ပေးရန်ရှိသည့် ငှားရမ်းခများကို ဤကြော်ငြာပါသည့်နေ့မှစ၍(၂)ပတ်အတွင်း ငှားရမ်းခနှင့် နစ်နာကြေးများကို ပေးချေပြီးနောက် လူကြီးမင်းတို့ပိုင်ပစ္စည်းများကို ပြန်လည်ရယူပါရန် ကြေညာအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လူကြီးမင်းတို့သည် လိုက်နာရန်ပျက်ကွက်ပါက လူကြီးမင်းတို့၏ ပစ္စည်းများနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏မိတ်ဆွေဦးမြင့်ဝေက တာဝန်ယူမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ညွှန်ကြားချက်အရ-

ဦးထင်အောင်(စဉ်-၃၀၇၈) ဒေါ်သန်းသန်းစိန်(စဉ်-၇၈၀၀) ဒေါ်ထူးထူးရင်(စဉ်-၈၀၂၄)

တရားလွှတ်တော်ရှေ့နေများ

ရုံးအမှတ်(၈၃)၊ အခန်း-၁၁(ဒုတိယထပ်)၊ ပန်းဆိုးတန်းလမ်း၊ (၄)ရပ်ကွက်၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်မြို့။

အိမ်အမှတ်-၂၆၁(ခ)၊ မြို့မ(၁၂)လမ်း၊ ၄/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။

**ဖုန်း-၀၉၅၄၀၆၄၀၆၊ ၀၉-၇၉၅၉၂၆၇၃၅**



## စာရင်းပေးသွင်းရန် ဖိတ်ကြားခြင်း

မြန်မာဒေါင်းဆင်ဒရုန်းအသင်း (ဖြစ်မြောက်ရေးကော်မတီ)နှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်)တို့ ပူးပေါင်း၍ Down Syndrome များအား သွားကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် သွားကျန်းမာရေး အသိပညာပေးဟောပြောပွဲကို ၂၅-၁၀-၂၀၁၅ရက်(တနင်္ဂနွေနေ့)၊ နံနက် ၉း၀၀ နာရီမှ ညနေ ၃း၀၀နာရီထိ "မေရီချက်(ပ်)မင်း နားမကြားသောကလေးများကျောင်း" အမှတ်(၂)၊ သံတမန်လမ်း၊ ဒဂုံမြို့နယ်တွင် ပြုလုပ်မည်ဖြစ်ပါသည်။ ပါဝင်လိုသော Down Syndrome တစ်ဦးလျှင် စောင့်ရှောက်မည့်သူ မိဘ(သို့မဟုတ်) အုပ်ထိန်းသူတစ်ဦး လိုက်ပါပေးပါရန်နှင့် ၁၅-၁၀-၂၀၁၅ရက် ညနေ ၅နာရီ နောက်ဆုံးထားပြီးဖော်ပြပါ ဖုန်းနံပါတ်များကို ရုံးချိန်အတွင်း ဆက်သွယ်စာရင်း ပေးကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဒေါ်မျိုးပပ (၀၉ ၅၀၄၀၀၉၆)၊ ဒေါ်အစ္စဘဲလ် (၀၉ ၄၂၀၇၂၃၀၉၉)၊ ဒေါ်စောကေရီထွန်း (၀၉-၄၂၀၁၈၇၁၂၂)၊ ဒေါ်မာလာဖြူ (၀၉ ၅၀၆၃၇၆၆)၊ ဒေါ်နွေးနွေးအိမ့် (၀၉ ၂၅၃၄၂၃၉၉၃)

မြန်မာဒေါင်းဆင်ဒရုန်းအသင်းဖြစ်မြောက်ရေးကော်မတီ



## အမျိုးသမီးအရောင်းဝန်ထမ်း အလိုရှိသည်

နယ်ဘက်သွားနိုင်သောသူများကို ရန်ကုန်နှင့် နယ်ဘက်များတွင် အဆောင်စီစဉ်ပေးမည်။

နယ်ဘက်မှ အလုပ်လာလုပ်လိုသူများလည်း ရန်ကုန်အပြင် နယ်ဘက်များပါ သွားနိုင်ပါက အဆောင်စီစဉ်ပေးမည်။

မှတ်ချက်။ ။ ဆိုင်ခန်းတွင်သာ ခန့်ထားရန်။

ဆက်သွယ်ရန် ဖုန်း-၀၉-၄၃၁၇၂၃၄၀၊ ၀၉-၅၁၉၅၇၂၁

(ရုံးချိန်အတွင်းသာ)



## BAO YUN PRODUCTION COMPANY LIMITED
## ဖျက်သိမ်းရန် ကြေညာချက်

၁။ BAO YUN PRODUCTION COMPANY LIMITED ကို အစုရှင်များ၏ ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် ၁၅-၁၀-၂၀၁၅ရက်က ကုမ္ပဏီရုံးတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ်-၅၀၊ ပထမထပ်၊ အခန်း(စီ-၁)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေ ဦးချန္ဒရာ (B.Sc,H.G.P, M.A(Business Law),PG Dip in Law(အထက်တန်းရှေ့နေ) [၁၂/သကတ(နိုင်)၁၁၈၄၉၃]အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို (၁)လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| ဦးချန္ဒရာ | ဦးမင်းမျိုးသန့် |
| အထက်တန်းရှေ့နေ | မန်နေဂျင်းဒါရိုက်တာ |
| စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ | BAO YUN PRODUCTION COMPANY LIMITED |

ဖတ်စရာ

# သုဓမ္မာစာပြန်ပွဲများကျင်းပရာ သုဓမ္မာဇရပ်တန်း ကျောက်တော်ကြီး ဘုရားပွဲလာသူများဖြင့် စည်ကား



**မန္တလေး အောက်တိုဘာ ၁၁**

မန္တလေးမြို့သို့ရောက်သည်နှင့် ရှေးခေတ်ရွှေမြို့တော်အကြောင်း ပြောပြသလိုဖြစ်နေသော ထင်ရှားသည့်အရာများစွာရှိသည်။ ထိုအထဲတွင် စိတ်ဝင်စားမှုအများဆုံးနှင့် အထင်ရှားဆုံးသော အလှမြင်ကွင်းများမှာ ကျုံး၊ မြို့ရိုး၊ နန်းတော်နှင့်တကွ လမ်းဘေးတွင်တည်ရှိနေသော သုဓမ္မဇရပ်များပင်ဖြစ်သည်။ သုဓမ္မာဇရပ်များမှာ လှပသောသစ်သားတိုင်လုံးများဖြင့် တည်ဆောက်ထားပြီး အမိုးနှစ်ထပ်လည်ပေါ် တစ်ဆင့်ခံ ထားဝယ်ဆောင်ပုံစံအဆောက်အအုံများဖြစ်သည်။ တည်ဆောက်သော နည်းစနစ်မှာ ရှေးခေတ်မြန်မာ့လက်သမားပညာစွမ်းဖြင့် တိကျစွာပြုလုပ်ရသည့် ထုပ်စွပ် လျှောက်စွပ်စနစ်ပင်ဖြစ်သည်။

စတင်တည်ဆောက်စဉ်က အမွှမ်းပန်းများ အမိုးအကာများပါရှိကြောင်း သိရသည်။ ဇရပ်များ၏ အဖြူထည်များမှာ မူလရှေးလက်ရာအတိုင်း တည်ရှိနေပြီး စိတ်ဝင်စားဖွယ်ရာ ကောင်းလှသည်။ နန်းမြို့ရိုးနှင့် မန္တလေးတောင်ကြား လှပသောသမိုင်းဝင်အဆောက်ဇရပ်များဖြင့် ထင်ရှားသည်။ သုဓမ္မာဇရပ်များ၏ ဒါယကာမှာ မင်းတုန်းမင်းတရားကြီးပင်ဖြစ်သည်။သုဓမ္မာဇရပ်များကို ၁၂၂၁ ခုနှစ်တွင် ပဉ္စာန်းဟောသိမ်များနှင့်အတူ ရတနာပုံရွှေမြို့တော်နှင့် တစ်ပြိုင်နက်တည်း ဆောက်လုပ်လှူဒါန်းခဲ့သည်။ ၁၂၂၆ တွင်လည်း မှူးမတ်များအား ငွေတော်ထုတ်ပေးခဲ့ပြီး သုဓမ္မာဇရပ်များကို ဆောက်လုပ်စေခဲ့သည်။

ထိုဇရပ်များအားလုံးကို သုဓမ္မာဇရပ်များအဖြစ် ထင်ရှားသည်။ မကြာသေးမီက ကျင်းပပြုလုပ်ပြီးစီးခဲ့သော သံဃာအပါးတစ်သောင်းဆွမ်းဆန်စိမ်းလောင်းလှူပွဲ မြင်ကွင်းကို ကြည့်ရှုသမျှ ရှေးခေတ်ကစည်ပင်ခဲ့ပုံကို တွေးဆမြင်နိုင်သည်။ ရှေးခေတ်မင်းတုန်းမင်းတရားကြီးလက်ထက်က တစ်နှစ်တစ်ကြိမ်သာသနာ့အာဇာနည်လောင်းများ ရွေးချယ်သည့်ပွဲဟု တင်စားနိုင်သည့် သုဓမ္မာစာပြန်ပွဲများကျင်းပရာ မြင့်မြတ်သောနေရာတစ်ခုပင်ဖြစ်သည်။ လက်ရှိကာလတွင် မန္တလေးရောက်ဧည့်သည်များ ဘုရားဖူးများမှာ သုဓမ္မဇရပ်တန်းတွင် ခေတ္တနားခိုကာ မိသားစုလိုက် ဝိုင်းဖွဲ့စားသောက်နေကြသည့်မြင်ကွင်းကို တွေ့မြင်နိုင်သည်။ လက်ရှိကာလတွင် မန္တလေးမြို့၏ အစည်ကားဆုံးဘုရားပွဲဖြစ်သည့် ကျောက်တော်ကြီးဘုရားပွဲသို့ လာရောက်ရောင်းချသော ဈေးသည်များဖြင့် စတင်စည်ကားနေပြီဖြစ်သည်။

**တိမ်တမန်**

## မော်တော်ဆိုင်ကယ်စက်ပြင်သင်တန်း ဖာပွန်တွင် ဖွင့်လှစ်သင်ကြားပေးမည်

**ဖာပွန် အောက်တိုဘာ ၁၁**

ကရင်ပြည်နယ် ဖာပွန်မြို့တွင် ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့်ကျေးလက်ဦးစီးဌာနမှဆောင်ရွက်ပေးသော ဒေသခံလူငယ်များအလုပ်အကိုင်အခွင့်အလမ်းရရှိစေရေး အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်စက်ပြင်သင်တန်းကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ အောက်တိုဘာ ၇ ရက် နံနက် ၈ နာရီတွင် ဖာပွန်မြို့ အမှတ်(၂)ရပ်ကွက် မိုးဟိန်းခန်းမတွင် သင်တန်းဖွင့်ပွဲအား ကျင်းပခဲ့ကြောင်းသိရသည်။

ယင်းနေ့တွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးဆန်းဦးက တက်ရောက်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဦးစီးမှူး ဦးသူရလွင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

ဖွင့်ပွဲသင်တန်းတွင် ဖာပွန်မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများမှ သင်တန်းသား ၃၂ ဦး တက်ရောက်သင်ကြားခဲ့ပြီး သင်တန်းကာလမှာ တစ်လဖြစ်ကာ သင်တန်းပြီးဆုံးသွားပါက မိမိတို့ကျေးရွာဒေသများတွင်ပင် ယင်းအသက်မွေးဝမ်းကျောင်း အတတ်ပညာများဖြင့် ဝင်ငွေရစေမည့် အလုပ်အကိုင်များ ရရှိမည်ဖြစ်သည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## ဂန့်ဂေါတွင် အထွေထွေရွေးကောက်ပွဲ လုံခြုံရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကျင်းပ

**ဂန့်ဂေါ အောက်တိုဘာ ၁၁**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်၌ဆောင်ရွက်လျက်ရှိရာ အထွေထွေရွေးကောက်ပွဲ လုံခြုံရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ မဲရုံအသီးသီးတွင် လုံခြုံရေးတာဝန်ထမ်းဆောင်ကြမည့် ဌာနအသီးသီးမှဝန်ထမ်းများ တက်ရောက်ကြပြီး ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဝင်းအောင်က အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်ရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးရာတင်၊ အတွင်းရေးမှူး ဦးထွန်းထွန်းလင်း၊ ဂန့်ဂေါမြို့ မြို့မရဲတပ်ဖွဲ့စခန်းမှူး ဒုတိယရဲမှူးကြည်ငွေတို့က လုပ်ငန်းကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြကာ တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြား ဆွေးနွေးခဲ့ကြောင်း သိရသည်။

**(၄၆၅)**

## သာစည်မြို့နယ်ဆည်ကြီး(တောင်)ကျေးရွာနေပြည်သူများအား မြေငှားဂရန်များပေးအပ်

**သာစည် အောက်တိုဘာ ၁၁**

မိတ္ထီလာခရိုင် သာစည်မြို့နယ် ဆည်ကြီးကျေးရွာအုပ်စု ဆည်ကြီး(တောင်)ကျေးရွာနေ ပြည်သူများနေထိုင်ပိုင်ဆိုင်သည့် အိမ်မြေကွက်များအား ပိုင်ဆိုင်မှုခိုင်မာသည့်တရားဝင်အထောက်အထား မြေငှားဂရန်များ ပေးအပ်ခြင်းအခမ်းအနားကို အောက်တိုဘာ ၉ ရက် ညနေ ၃ နာရီခွဲက အဆိုပါကျေးရွာ သီလသုခရွှာဦးဘုန်းတော်ကြီးကျောင်းတိုက် ဓမ္မာရုံတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံကကျေးရွာနေ ပြည်သူများ မြေငှားဂရန်များရရှိခြင်းဖြင့် ရရှိခံစားရမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မြေငှားဂရန်များကို ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်ငွေ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးသူရနှင့် တာဝန်ရှိသူများက ကျေးရွာပြည်သူများထံ ပေးအပ်ခဲ့သည်။

ယခုထုတ်ပေးသော မြေငှားဂရန်များမှာ ဆည်ကြီး(တောင်)ကျေးရွာရှိ အိမ်ထောင်စု ၁၁၀ မှ မူလကျေးရွာမြေတွင်ပါရှိသည့် အိမ်ထောင်စု ၄၈ စုအတွက် ပထမဆုံးထုတ်ပေးခြင်းဖြစ်ပြီး ကျန်အိမ်ထောင်စု ၆၂ စုအတွက်လည်း ဆောင်ရွက်ပေးမည်ဖြစ်သည်။

**ထွန်းထွန်း(သာစည်)**


### ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါ ပစ္စည်းများအား **DDP** (ကြီးအုံကြီးဝစက်ရုံ) အရောက် မြန်မာ(ကျပ်) ငွေဖြင့် ဝယ်ယူလိုပါသည်-

Tender No. 17/HPGE/15-16 [Thrust Bearing (၂)စုံ ဝယ်ယူခြင်း]

၂။ Tender No-17 ၏ တင်ဒါပိတ်ရက်မှာ ၂၂-၁၀-၂၀၁၅ ရက် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၉၆၊ ၄၁၀၅၃၈

### မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
### ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဂျပန်ချေးငွေ(JICA ODA Loan)ဖြင့် ဆောင်ရွက်မည့်မြို့ (၇)မြို့(ပဲခူးမြို့၊ ရွှာင်မြို့၊ ရပ်စောက်မြို့၊ ပင်းတယမြို့၊ ပင်လောင်းမြို့၊ နောင်တရားမြို့၊ ဖယ်ခုံမြို့)တို့တွင် တိုးချဲ့မြို့ရေရရှိရေး လုပ်ငန်းအတွက် လိုအပ်သော (Civil Construction Work) များအား ဆောင်ရွက်ရန် ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းနိုင်ပါသည်-

(က) မြို့(၇)မြို့ရေရရှိရေးလုပ်ငန်း (Lot-5) Civil Construction Work

၂။ ပဲခူးမြို့၊ ရွှာင်မြို့၊ ရပ်စောက်မြို့ ရေရရှိရေးလုပ်ငန်း(Lot-5) Civil Construction Work များ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal)များကို ၁၇-၁၁-၂၀၁၅ ရက် ၉း၃၀ နာရီနောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပြီး တင်ဒါဖွင့်ပွဲအား ၁၇-၁၁-၂၀၁၅ ရက် ၁၀း၀၀ နာရီတိတိတွင် ဆောင်ရွက်မည်ဖြစ်ပါသည်။

၃။ ပင်းတယမြို့၊ ပင်လောင်းမြို့၊ နောင်တရားမြို့၊ဖယ်ခုံမြို့ ရေရရှိရေးလုပ်ငန်း(Lot-5) Civil Construction Work များ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal)နှင့် ဈေးနှုန်းအဆိုပြုလွှာ(Financial Proposal)များကို ၁၈-၁၁-၂၀၁၅ ရက် ၉း၃၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပြီး တင်ဒါဖွင့်ပွဲအား ၁၈-၁၁-၂၀၁၅ ရက် ၁၀း၀၀ နာရီတိတိတွင် ဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးအမှတ်(၁၄)၊ နေပြည်တော် (တယ်လီဖုန်းအမှတ်-၀၆၇-၄၀၉၄၀၇၊ ၄၀၉၂၁၅)တွင် ဆက်သွယ်ရယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**

### ကျန်းမာရေးဝန်ကြီးဌာန
### ကုသရေးဦးစီးဌာန
### အောင်ဆန်းတီဘီရောဂါအထူးကုဆေးရုံကြီး
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ အောင်ဆန်းတီဘီရောဂါအထူးကုဆေးရုံကြီးအတွက် လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းအသေးစိတ်နှင့် တင်သွင်းရမည့် ဆေးဝါးစာရင်းကို သိရှိလိုပါက အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် - ၂၁-၉-၂၀၁၅ရက်(တနင်္လာနေ့)
တင်ဒါလျှောက်လွှာပိတ်မည့်ရက် -၂၀-၁၀-၂၀၁၅ရက်(အင်္ဂါနေ့) ညနေ၄း၀၀နာရီ

**(တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့)**
**အောင်ဆန်းတီဘီရောဂါအထူးကုဆေးရုံကြီး**
**စဥ့်ဒူးရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၄၅၇၅၆၊ ၀၁-၆၄၅၇၄၈**

### မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
### ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ပူးပေါင်းဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်း(National Community Driven Development Project) တွင် အသုံးပြုလျက်ရှိသည့် စီမံကိန်းလုပ်ငန်းသုံးမော်တော်ယာဉ်များအား အလုံးစုံအာမခံထားရှိဆောင်ရွက်လိုပါသဖြင့် အာမခံလုပ်ငန်းများဆောင်ရွက်လျက်ရှိသော တိုင်းရင်းသားလုပ်ငန်းရှင်များ၊ ကုမ္ပဏီများမှ အဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံများအား ၁၀-၁၁-၂၀၁၅ ရက် ၁၂း၀၀ နာရီနောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးအမှတ်(၁၄)၊ နေပြည်တော်(တယ်လီဖုန်းအမှတ်-၀၆၇-၄၀၉၄၁၃၊ ၄၀၉၀၇၁၊ ၄၀၉၂၁၅)တွင် ဆက်သွယ်ရယူနိုင်ပါသည်။

**ဝယ်ယူရေးကော်မတီ**
**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**

### လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
### မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၂-၁၀-၂၀၁၅ ရက်

၃။ တင်ဒါပိတ်မည့်ရက် - ၁၅-၁၀-၂၀၁၅ ရက်

၄။ တင်ဒါပိတ်မည့်အချိန် - ၁၂း၀၀ နာရီ

၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

### လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
### လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ အောက်ဖော်ပြပါ လုပ်ငန်းများအား ဆောင်ရွက်ရန်အတွက် မြန်မာကျပ်ငွေ(Kyat)ဖြင့် လုပ်ငန်းအပ်နှံခြင်းနှင့် ပစ္စည်းဝယ်ယူခြင်းများ ပြုလုပ်လိုပါသည်။

(က) ကရင်ပြည်နယ်၊ တနင်္သာရီနှင့် မန္တလေးတိုင်းဒေသကြီးများတွင် Japan ODA Loan ဖြင့်ဆောင်ရွက်ရမည့် ၆၆၊ ၃၃၊ ၁၁၊ ၀.၄ ကေဗွီဓာတ်အားလိုင်းနှင့် ၁၁/၀.၄ ကေဗွီဓာတ်အားခွဲရုံတည်ဆောက်ရေး Installation လုပ်ငန်းများကို Package တစ်ခုစီခွဲ၍ လုပ်ငန်းအပ်နှံရန်

(ခ) ကရင်ပြည်နယ်၊ တနင်္သာရီနှင့် မန္တလေးတိုင်းဒေသကြီးများတွင် Japan ODA Loan ဖြင့်ဆောင်ရွက်ရမည့် ၆၆၊ ၃၃၊ ၁၁၊ ၀.၄ ကေဗွီ ဓာတ်အားလိုင်းနှင့် ၁၁/၀.၄ ကေဗွီဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်းများအတွက် လိုင်းနှင့်ခွဲရုံပစ္စည်းများ အား Lot အလိုက် တိုင်း/ပြည်နယ်စတိုအရောက်ဝယ်ယူရန်

တင်ဒါစတင်ရောင်းချမည့်ရက် - ၁၂-၁၀-၂၀၁၅ ရက်
တင်ဒါပိတ်မည့်ရက် - ၃၀-၁၀-၂၀၁၅ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်။ ဖုန်း-၀၉-၂၆၅၅၂၉၉၅၀၊ ၀၉-၂၆၅၅၂၉၉၅၁**


MPT
ရွှေသို့လှမ်းချီ မြန်မာပြည်
ပရိုမိုးရှင်းအစီအစဉ်ကို
အောက်တိုဘာ ၃၁ ရက်
အထိတိုးမြှင့်လိုက်ပါပြီ။
ဆွေသဟာ
နာရီတိုင်းမှာ
၅ မိနစ်စာ
နာရီတိုင်းမှာ ငါးမိနစ်စာဆိုတဲ့
ဆွေသဟာ အစီအစဉ်က ဘယ်လိုမျိုးလဲ
MPT ဆွေသဟာသုံးစွဲသူ ကနေ
တခြား MPT ဖုန်းတွေကို တစ်နာရီအတွင်း
ကြိုက်သလောက်ဆက်တိုက်ဖုန်း ပြောနိုင်ပြီး
အများဆုံး ၅ မိနစ်ဖိုးပဲပေးရမှာလေ
၅ မိနစ် မပြည့်ဘူး ၃ မိနစ်ပဲပြောမိရင်ရော
၃ မိနစ် ဆိုတော့ ပုံမှန်နှုန်းအတိုင်း ၆၉ ကျပ်ပေါ့
တစ်နာရီလုံးမနားတမ်းဆက်တိုက်ပြောရမှာလား
၁၀ မိနစ်လောက်ပဲပြောရင်ရော
တစ်နာရီလုံး မနားတမ်း ဆက်တိုက်ပြောစရာ မလိုပါဘူး ၁၀ မိနစ်ဆက်တိုက်ပြောရင်
၅ မိနစ်စာ ၁၁၅ ကျပ်ပဲပေးရပါမယ် နောက်ထပ် ၅ မိနစ်က အခမဲ့ပါ
၁ နာရီနဲ့ ၁၀ မိနစ် (မိနစ်၇၀) ဆက်တိုက်ပြောရင်ရော
၁ နာရီအတွက်က ၁၁၅ ကျပ် နောက်ထပ် ၁၀ မိနစ်အတွက်ကတော့ ၂၃၀ ကျပ်
စုစုပေါင်း ၃၄၅ ကျပ် ကျသင့်ပါမယ်
ဒါဆို မိနစ် ၃၀ ဆက်တိုက် ပြောရင်ရော
၅ မိနစ်စာ ၁၁၅ ကျပ်ပဲ ကျသင့်ပါမယ် နောက်ထပ် ၂၅ မိနစ်က အခမဲ့ပါ
တစ်နေ့မှ တစ်နာရီပဲပြောလို့ရတာလား
ညနေ ၆ နာရီကနေ ည ၁၀ နာရီ အတွင်းကလွဲပြီး ကျန်တဲ့အချိန်တွေအားလုံးမှာ
အကြိမ်ရေ အကန့်အသတ်မရှိ ပြောလို့ရပါတယ်
အောက်တိုဘာလ (၃၁) ရက်နေ့ ထိ ဒီပရိုမိုးရှင်း က အကျုံးဝင်ပါတယ်
ဆွေသဟာကို အခမဲ့စာရင်း ပေးသွင်းဖို့ "SWE" ဟု 1332 သို့ SMS ပေးပို့လိုက်ပါ။
CALL CENTER 106
free hotline, 24 hours everyday
အသေးစိတ်သိရှိလိုပါက mptofficialpage www.mpt.com.mm

ကြော်ငြာ


၅၀%
ငွေဖြည့်အပိုလက်ဆောင်ရယူလိုက်ပါ
သီတင်းကျွတ်မှာ ချစ်ခင်ရသူတွေနဲ့ ဆက်သွယ်လိုက်ပါ
ooredoo
စည်းမျဉ်းစည်းကမ်း အသေးစိတ်ကို www.ooredoo.com.mm တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# AGD BANK

Asia Green Development Bank Limited.

အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ်လီမိတက် ၏

ဆွာဘဏ်ခွဲ ကို ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ် 'ဆွာမြို့ 'တွင်

၉.၁၀.၂၀၁၅ (သောကြာနေ့) ၌ ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါကြောင်းနှင့်

ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း

အများပြည်သူအား သတင်းကောင်းပါးအပ်ပါသည်။

" မြန်မာတစ်မျိုးသားလုံးအတူတကွ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေး "

ဆက်သွယ်ရန်လိပ်စာ

ဆွာဘဏ်ခွဲ

အမှတ်(၁၂)၊တာရှတ်တန်းရပ်၊ဆွာစက်ရုံရပ်ကွက်၊ရန်ကုန်–မန္တလေးလမ်းမကြီး၊
ရေတာရှည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။
ဖုန်း – (၀၅၄) ၇၀၃၄၈၊၇၀၃၄၉၊၇၀၃၅၀
ဖက်စ် – (၀၅၄) ၇၀၃၅၁၊၇၀၃၅၂

JCB

A Product of Hard Work

A great business decision

မိုးရာသီအထူးလျှော့ဈေး
(တစ်ကြိမ်သာရမည့်အခွင့်အရေး)



(၂၂)တန် Excavator JS 220 LC
USD 99,000/-
(၃)စီးသာ လက်ကျန်ရှိတော့သည်။

(၃၇)တန် Excavator JS 370 LC
USD 175,000/-
(၁)စီးသာ လက်ကျန်ရှိတော့သည်။

ရောင်းချပေးသွားမည်။
အောက်တိုဘာလကုန်အထိသာ

*Exclusively Distributed by*
Advantage Trade Company Ltd, - A Partner of RMA Group
Yangon Head Office - No.27(A),Kabaraye Pagoda Road ,Yankin Township, Yangon. Tel : (+95) 1 - 665 610
Mandalay Office - No. 517. Ah Yar Daw Block, Yangon-Mandalay Highway Road, Pyigyi Takthon Township, Mandalay. Tel :(+95) 2 - 515 4404
Hot Line: (+95) 9 448 040 440, (+95) 9 253 370 727

ကြော်ငြာ


**NEW MOTION** Travels & Tours

အနားယူ အပန်းဖြေခြင်းသည် အနာဂတ်အတွက် အင်အားဖြစ်စေပါသည်။

ခရီးသွားသစ်လွှင့် ခရီးစဉ်

- ဖောင်တော်ဦး ဘုရားပွဲခရီးစဉ် - Oct; 24, Oct; 27
- ပုဂံ - ပုပ္ပါး - ပခုက္ကူ ခရီးစဉ် - Oct; 27
- မန္တလေး - ပြင်ဦးလွင် ခရီးစဉ် - Oct; 27
- ချောင်းသာ • ငွေဆောင် • ငပလီ ကမ်းခြေခရီးစဉ်

အမှတ်-16၊ ကျွန်းတောလမ်း၊ စမ်းချောင်း။

Ph ; 527 922, 538 811, 09 492 529 11, 09 492 529 22, 09 731 489 22


v|ypppr; t m;0e|u;Xme
rEav;v|ypp"mw t m;ay;a&;aumya&;&i;
rEav;wi;a'o|u;| rEav;|r|
(twziwi'|ac;, |ci;)

၁။ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေ(Kyats)ဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်း/ပစ္စည်းအမျိုးအမည် | တင်ဒါပုံစံ ရောင်းမည့်ရက် | တင်ဒါ ပိတ်ရက်/အချိန် |
|---|---|---|---|---|
| (က) | 3-3(T)/MESC/2015-2016 | 66/33KVနှင့်33/11KV Transformer (8) Nos | ၁၂-၁၀-၂၀၁၅ | ၂၃-၁၀-၂၀၁၅ (၁၃း၀၀)နာရီ |
| (ခ) | 3-4(T)/MESC/2015-2016 | Cable & Accessories (1)Lot | ၁၂-၁၀-၂၀၁၅ | ၃၀-၁၀-၂၀၁၅ (၁၃း၀၀)နာရီ |
| (ဂ) | 3-5(T)/MESC/2015-2016 | Switch Gear & Sub-Station Equipment (1) Lot | ၁၂-၁၀-၂၀၁၅ | ၃၀-၁၀-၂၀၁၅ (၁၃း၀၀)နာရီ |

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)**
**၇၇လမ်း၊ ၂၆-၂၇လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၂-၇၃၈၀၁**


ပေမြင့်

ခြသေ့်၏ကြမ်းကြုတ်သောစိတ်နှင့်
မြေခွေး၏လှည့်ဖြားတတ်သောဉာဏ်
(တောသုံးထောင်မှ နိုင်ငံရေးဇာတ်လမ်းများ)

စာအုပ်သစ် ထွက်ပြီ

ဖြန့်ချိရေး – ၀၁ ၇၀၆၁၃၉၊ ၀၉ ၅၁ ၂၄၀၄၉



YOUTH® INTERNATIONAL COLLEGE
Alternate Education for Your Success

• The First Cisco Official Learning Partner in Myanmar
• Authorized Pearson VUE Test Center

edexcel Approved Centre No.95842

HND Diploma in Computing သင်တန်းသား သစ်များခေါ်ယူခြင်း

သင်တန်းပြီးဆုံးလျှင် ဘွဲ့ရနိုင်သော Edexcel (UK) အသိအမှတ်ပြု HND Diploma in Computing ရရှိမည်။

Winter Intake
Admission Open!

Learning Environment
YOUTH International College (MICT Campus)

MICT Campus - အခန်း (၆၀၅)၊ အဆောင် (၁၆)
Red Link Building MICT Park.
ဖုန်း ၀၁ ၂၅၄၇၉၃၊ ၀၉ ၅၀၀ ၃၅၉၆၊ ၀၉ ၇၈ ၅၀၀ ၃၅၉၆



မြင့်မြတ်
အမှတ်တံဆိပ်
အမူးပြေသောက်ဆေး

ခေါင်းမူးခြင်း၊ ခေါင်းကိုက်ခြင်း၊ ဦးခေါင်းတစ်ခုလုံးအုံခဲလေးလံပြီး နာကျင်ကိုက်ခဲခြင်း၊ နားထင်ကြောများကိုက်ခဲခြင်း၊ အာရုံကြောများအား နည်းခြင်းများအတွက် သုံးစွဲနိုင်ပါသည်။

တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် - TMR 011342 (0118)

ဝင်ရင်း – ကြောမင်းဆေးတိုက်နှင့် ဆေးကုဌာန – ဖုန်း – ၀၉ ၇၃၂၁၁၀၆၁၊ ၀၉ ၇၃၁၉၇၅၂၄၊ ၀၉ ၇၃၀၄၅၁၀၉။



ကိုသန့်ဇင်
CAR RENTAL
ကားမျိုးစုံကို ခရီးစဉ် လချုပ် အချိန်ပိုင်း ငှားသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။
Ph:09-43117680, 09-5059821



✓ တိုင်းရင်းဆေးအရည်အသွေး ကမ္ဘာ့ရွှေကြယ်ပွင့်ဆု (ဂျနီဗာ - ၂၀၁၀) ရွှေတံဆိပ်ဒိုင်းဆုရ
✓ နိုင်ငံတကာ ခေါင်းဆောင်မှုစွမ်းရည်ကြယ်ပွင့်ဆု (ပဲရစ် - ၂၀၁၁) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေးပြည့် ထိပ်သီးဆု (USA-2012) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး စိန်ပွင့်ဆု (ပြင်သစ် - ၂၀၁၃) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး သရဖူစိန်ပွင့်ဆု (လန်ဒန် - ၂၀၁၄) နှင့် Certificate ရ

ဖျံ့-၅-ကောင် အမှတ်တံဆိပ်
သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေးကို
တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။

ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ) Ph.D (Alternative Medicines)

ဖျံ့-၅-ကောင် တိုင်းရင်းဆေးခန်း၊ အမှတ်-၁၂၄၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၃၈၀၁၇၅၊ ၃၉၂၅၉၄


**ရိုးမဘဏ်လီမိတက် ဘဏ်ခွဲအသစ်များအတွက်**
**အလုပ်လျှောက်လွှာခေါ်ယူခြင်း**

ရိုးမဘဏ်လီမိတက်၊ ဘဏ်ခွဲအသစ်များ မကြာမီထပ်မံဖွင့်လှစ်မည် ဖြစ်ပါသဖြင့် အောက်ဖော်ပြပါ ရာထူးများအတွက် အရည်အချင်းပြည့်ဝသူများ လူကိုယ်တိုင်လာရောက်လျှောက်ထားရန် ဖိတ်ခေါ်အပ်ပါသည်။

(၁) **(Branch Manager)**
တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး MBA , DMA စီမံခန့်ခွဲမှုဆိုင်ရာ (သို့) Banking Diploma တစ်ခုခုရရှိထားသူ ဦးစားပေးမည်။ ဘဏ်လုပ်ငန်းအတွေ့အကြုံရှိသူ ဖြစ်ရမည်။ နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

(၂) **(Associate Branch Manager - BD / Operation / Cash)**
တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး DMA စီမံခန့်ခွဲမှုဆိုင်ရာ(သို့) Banking Diploma တစ်ခုခုရရှိရမည်။ ဘဏ်လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။ နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

(၃) **Manager / Senior Officer / Officer**
တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး ဘဏ်လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။ နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

(၄) **Senior Clerk / Clerk**
ဘွဲ့ရ၊ ကွန်ပျူတာ (MS Word, Excel, Powerpoint, Internet & E-mail) အသုံးပြုတတ်ရမည်။ စီးပွားရေးပညာရပ်နှင့် သက်ဆိုင်သောဘွဲ့၊ ဒီပလိုမာ ရရှိထားသူများ၊ English (4) Skills ကျွမ်းကျင်သူများအား ဦးစားပေး ခန့်ထားပါမည်။

(၅) **Assistant**
တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။ သင်ယူလိုစိတ်ရှိပြီး တက်ကြွစွာ တာဝန်ထမ်းဆောင်နိုင်ရမည်။

(၆) **Bank Guard**
ပညာအရည်အချင်း အလယ်တန်းအဆင့်ဖြစ်ရမည်။ ကျန်းမာရေး နှင့် အကျင့်စာရိတ္တကောင်းမွန်သူ ဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

လျှောက်ထားလိုသူများအနေဖြင့် ပတ်စပို့ဓာတ်ပုံ၊ နိုင်ငံသားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်း ထောက်ခံစာမိတ္တူ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူများနှင့်အတူ အမှတ်(၁၁-၁၇)၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရိုးမဘဏ်(ရုံးချုပ်)၊ **Human Resources Department** သို့ ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။




ရွှေဥရာခုသစ် ၏ ဝါကျွတ်ကြည်နူးဖွယ် သီတင်းကျွတ်၏ ပျော်ရွှင်စေသော ထူးကဲအစီအစဉ်
၁၂-၁၀-၂၀၁၅မှ ၁၂-၁၂-၂၀၁၅ အထိ
ဒီဇင်ဘာကျောင်းပိတ်ရက်မှာ ဘုရားဖူးခရီးစဉ်များနဲ့ အထူးကံစမ်းမဲများစွာ ပါဝင်သော ပျော်ရွှင်ဖွယ် ဝါကျွတ်အစီအစဉ်ဖြစ်ပါသည်။
ရွှေထည်၊ စိန်ထည်များအား အလျော့တွက် အထူးလျော့ရောင်းပေးပါမည်။
ကံစမ်းမဲ ပေးခြင်းကြောင့် အလျော့တွက် ရွှေဈေး မိုမယူပါ။
ရတနာဝယ်ယူ၍ ကံစမ်းမဲများရယူပြီး ပျော်ရွှင်ကြည်နူးနိုင်ရန် ရွှေဥရာခုသစ် မိသားစုမှ ကုသိုလ်ပြု၍ ပျော်ရွှင်စွာ ဖိတ်ခေါ်ပါသည်။
ဗုဒ္ဓဂယာဘုရားဖူးကံစမ်းမဲ ကုသိုလ်ပြုနေပါသည်။
ရတနာသည်သင့်အတွက်ထာဝရ
ရွှေဥရာခုသစ်
သို့ကြွခဲ့ပါ
အစဉ်အမြဲမိဘပြည်သူတို့အားလေးစားလျက်


SAMSUNG
Galaxy J
Selfie နေ့လေးတွေ ဖန်တီးကြမယ်။
SAMSUNG Galaxy J5
SAMSUNG Galaxy J7
5.0"
5.5"
• ဖလက်ရှ်မီးပါဝင်သော ရှေ့ဘက်ကင်မရာ
• 13 MP ကျောဘက်ကင်မရာ ( f 1.9 )
• Super AMOLED ဖန်သားမျက်နှာပြင်
• စွမ်းဆောင်ရည်မြင့် Processor
www.facebook.com/samsungmobilemyanmar
အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shops များနှင့် ကိုယ်စားလှယ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ပါသည်။
Samsung Customer Contact Center - 01 2399 888 Mon-Sun : 8AM to 6PM (အစိုးရရုံးပိတ်ရက်များအပါအဝင်)
SAMSUNG


SMILE
ABC Dry Chemical Powder Type
Fire Extinguisher
မီးသတ်ဆေးဗူး
ဆက်သွယ်ရန်
ဖုန်း - ၀၁-၅၅၆၅၇၇
၀၉-၅၀၂၈၀၀၀
၀၉-၇၃၃၂၁၉၂၃
အရောင်းပြခန်း
အရောက်ပို့
တပ်ဆင်
ရှင်းပြ
1kg - 10000ks
2kg - 13000ks
3kg - 16000ks
25kg - 180000ks

အမွန်မြတ်ဆုံးစရီးသို့ ယုံကြည်မှုနှင့်အတူကြွလှမ်းနိုင်ဖို့

# ကုသိုလ်တော်

ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့

**ဘုရားဖူးလိုသူ ရဟန်း၊ ရှင်၊ လူ အပေါင်းတို့အတွက်**

**နိုဝင်ဘာ၊ ဒီဇင်ဘာ ခရီးစဉ်များအတွက် အထူးအခွင့်အရေး (၁၊၁၀၊၂၀၁၅)မှ(၃၀၊၁၀၊၂၀၁၅) အတွင်းစာရင်းပေးသွင်းလျှင်**

သံဝေဇနိယ၊ အဝိဇဟိတ နယူးဒေလီတပ်ရှိမဟာ (၁၅)ရက်ခရီး (၉၃၀၀၀၀ိ/–)(6.11.2015) (23.11.2015) (9.12.2015)

**ပြည်တွင်း၊ ပြည်ပ အထူးဝန်ဆောင်မှုများ**

(၁) ပတ်စ်ပို့ မရှိသူများဆောင်ရွက်ပေးခြင်း
(၂) အိန္ဒိယ၊ နီပေါ ဗီဇာ ပြုလုပ်ပေးခြင်း။
(၃) နယ်မှစရီးသည်များတည်းခိုရန်စီစဉ်ပေးခြင်း
(၄) လေယာဉ်၊ ကား၊ ရထားလက်မှတ် စီစဉ်ပေးခြင်း
(၅) ခရီးစဉ်တိုင်း ကိုယ်တိုင်လိုက်ပါ၍ ဝန်ဆောင်မှုပေးခြင်း
(၆) ကျန်းမာရေးဝန်ဆောင်မှုနှင့် ကျွမ်းကျင်သော်လမ်းညွှန်များပါရှိခြင်း။

( ခရီးစဉ် အစ/အဆုံး မည်သည့်အကြောင်းနှင့်မျှ ငွေကြေးထပ်မံကောက်ခံခြင်း မရှိပါ။)

**ဘုရားဖူးလိုက်ပါရန် တစ်လ ကြိုတင် စာရင်းပေးသွင်းရပါမည်။**

**ရန်ကုန်** အမှတ် (၄၀၈)၊ ရာဇာဓိရာဇ်လမ်း (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၅၆၃၄၇၆၊ ၀၉-၄၂၁၀၅၂၄၂ ၊ ၀၉-၂၅၀၁၅၀၅၅၂ ၊ ၀၉-၄၂၀၀၅၆၉၇၅
**မန္တလေး** ၈၆-လမ်း၊ ၄၅-ထောင့်၊ စစ်ကိုင်း-မန္တလေးကားလမ်း၊ ဘုရားကြီးအနောက်မုခ်ကားမှတ်တိုင်အနောက်၊ မန္တလေးမြို့။
ဖုန်း ၀၉၄၇၁၉၆၄၇၂၊ ၀၉-၄၀၂၆၉၅၀၇၇

AYARWADDY LEGEND
Travels & Tours Co.,Ltd

ကမ္ဘောဒီးယား- ဗန်ကောက်ခရီးစဉ် 27 Oct - 31 Oct (၄ ည ၊ ၅ ရက်)
ဗီယက်နမ် ခရီးစဉ် 25 Oct - 31 Oct (၆ ည ၊ ၇ ရက်)
ဗီယက်နမ် ခရီးစဉ် 27 Oct - 31 Oct (၄ ည ၊ ၅ ရက်)
ဗန်ကောက် - ဖူးခက် ခရီးစဉ် 27 Oct - 1 Nov (၅ ည ၊ ၆ ရက်)
စင်ကာပူ ခရီးစဉ် 26 Nov - 30 Nov (၄ ည ၊ ၅ ရက်)
ဗန်ကောက် (ကြီးကိုးကြီး) ခရီးစဉ် 26 Nov - 28 Nov (၂ ည ၊ ၃ ရက်)
ဗန်ကောက် - ပတ္တရား ခရီးစဉ် 28 Oct - 31 Oct (၃ ည ၊ ၄ ရက်)
ဗန်ကောက်-ပတ္တရား-အယုဒ္ဓယ ခရီးစဉ် 27 Oct - 31 Oct (၄ ည ၊ ၅ ရက်)
ကမ္ဘောဒီးယား-ဗီယက်နမ်-လာအို ခရီးစဉ် 24 Oct - 1 Nov (၈ ည ၊ ၉ ရက်)
ချင်းမိုင် - ချင်းရိုင် ခရီးစဉ် 28 Oct - 31 Oct (၃ ည ၊ ၄ ရက်)

aymuq; alumi;
GALAXY TRADING CO., LTD.၏ သွင်းကုန်လိုင်စင်အမှတ် (IL6 15-16, 3853, 8-10-2015)နှင့် (IL6 15-16, 3871, 8-10-2015) လိုင်စင်နှစ်စောင်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။
**ဖုန်း -၀၁-၆၈၅၃၆၁၊ ၀၁-၅၂၄၅၅၉**

Global Asia Myanmar Travels & Tours Co.,Ltd.
ဂလိုဘယ် အာရှမြန်မာ ခရီးသွားလုပ်ငန်း
Let's go around the World !

**အားလပ်ရက် နိုင်ငံခြား အပန်းဖြေခရီးစဉ်များ**

(၁) အမေရိကား (Oct / Nov)
(၂) ဥရောပခရီးစဉ် (Oct / Nov)
အင်္ဂလန်၊ အီတလီ၊ ဆွစ်ဇာလန်၊ ပြင်သစ်၊ ဂျာမနီ၊ နယ်သာလန်
(၃) ဂျပန် (Oct / Nov)
(၄) စင်္ကာပူ၊ မလေးရှား၊ ဘန်ကောက် (လစဉ်)
သင့်ရဲ့ Global Asia Myanmar

နိုင်ငံတကာဗီဇာနှင့် လေယာဉ်လက်မှတ်များလည်း အထူးသီးသန့်စီစဉ်ပေးပါသည်။
အမှတ် (၁၈၀)၊ ဓမ္မစေတီရိပ်သာ၊ ဓမ္မစေတီလမ်း။ Market Place အနီး၊ အရှေ့ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
01 536400, 501202, 382988, 388911, 391619,
09 440009127, 09 250032489, 09 440009128

GO & GO TRAVELS AND TOURS
Oct 16, 23, 29 ရက်များ၌ထွက်မည်
သြစတြေးလျ Oct-27 / Nov-18
ဥရောပ Oct-23 / Dec-20
အမေရိက Oct-23 / Dec-18
အင်္ဂလန် Nov-27 / Dec-21
ဂျပန် Oct-27 / Nov-19
ကိုရီးယား Oct-23 / Dec-23
ဒူဘိုင်း Oct-29 / Nov-29
ကက်ရှ်မီးလ် Oct-20 / Nov-20
ဗန်ကောက် / ပတ္တယား / အယုဒ္ဓယ
ဆီရမ်ရိ / အန်ကောဝပ် / ဖနွမ်ပင်
ဟိုချီမင် / ဟနွိုင်း / ဟာလောင်းဘေး
စင်ကာပူ / မလေးရှား / ဗန်ကောက်
ဟောင်ကောင် / မကာအို / ဗန်ကောက်
ကမ္ဘောဒီးယား / ဗီယက်နမ် / ဗန်ကောက်
Honeymoon and Leisure Trips
ဖော်ခိုက်.. ဘာလီ .. ဖူးခက်
Contact

ynmoi0exr;t v&on
(&eue)
ရှီးရာအနှိပ်ပညာသင်ယူလုပ်ကိုင်ရမည်။
ကျား (၂) ဦး
လူပျို/ ၂၆ နှစ်အောက်။
လစာ+ဆုကြေး+ဝန်ဆောင်မှု
နယ်မှလာသူ- နေစားငြိမ်း
ရန်ကုန်လူ-အချိန်ပိုင်းလုပ်နိုင်သည်
ဖုန်း- 09-263336754
Viber : 959798412531


ueuuEialumi;alumjim

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၅)၊ မြေကွက်အမှတ်(၁၃၇)၊ မြေကွက်တည်နေရာ-၁၃၇၊ မြနန္ဒာလမ်း၊ (၁၅)ရပ်ကွက်၊ ရွှေပြည်သာ၊ ဒေါ်ခင်သိန်းဝင်း[၁၂/အလန(နိုင်)၀၂၈၉၆၉] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် မိခင်ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဒေါ်နိုင်နိုင်ဦး[၁၂/အလန(နိုင်)၀၂၈၉၇၉]၊ ဦးကျော်စွာဝင်း[၁၂/အလန(နိုင်)၀၂၈၉၇၀]၊ ဦးအောင်မျိုးမင်း[၁၂/အလန(နိုင်)၀၀၂၂၅၅]တို့က အမည်ပေါက်မိခင်သေစာရင်း၊ သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်၊ ထောက်ခံကျမ်းကျိန်တို့တင်ပြ၍ "ပိုင်ဆိုင်ကြောင်းနှင့်အရောင်းစာချုပ်" မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**




ကြော်ငြာ

**ရွှေလမ်းခရီး ... သီတင်းကျွတ်လ ဘုရားစုံဖူး**
*အင်းလေးဖောင်တော်ဦးဘုရားပွဲတော်၊ တောင်ကြီး၊ (ထမ်းစမ်းလိုဏ်ဂူ)ပင်းတယ၊ ကလော
*ကျိုက္ခမီဆွမ်းအိုးမှောပွဲတော်၊ ကျိုက်မရော၊ နွားလဘိုတောင်၊ စက်စဲ၊ မော်လမြိုင်ဘုရားစုံ
*ပုဂံ(စွယ်တော်လေးဆူ)၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ၊ * မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ
*ကယားပြည်နယ် ကျိုက်ထီးရိုး၊ တောင်ကွဲစေတီ၊ ငွေတောင်ဆည်၊ ကလော၊ မြင်းမလိုဏ်ဂူ
*ထားဝယ်(ရှင်ကိုးရှင်)၊ မောင်းမကန်ကမ်းခြေ၊ မော်လမြိုင်။ **သောကြာနေ့တိုင်း**
(ထမင်းကျွေး၊ ကားခ၊ ကစ်ဆင့်သွားကား/ဝတ်လှေခ၊ တည်းခိုခန်းခ စရိတ်ငြိမ်း)
(ခရီးစဉ်တိုင်း Hotel တည်း စီစဉ်ပေးပါသည်။) **Oct 26,27,28 ထွက်မည်**
* ကျိုက်ထီးရိုး * ဇလွန်ပြည်တော်ပြန် * ပြည် အကောက်တောင် * ချောင်းသာ
အမှတ်(၃၁၇)၊ပန်းဆိုးတန်းလမ်း 095124678, 098627170, 09401589907

**သုခဆည်းဆာ**
**(သက်ကြီးကျန်းမာရေးစောင့်ရှောက်ခြင်းဝန်ဆောင်မှု)**
လူကြီးမင်းတို့၏မိဘဘိုးဘွားများအား အကြောင်းအမျိုးမျိုးတို့ကြောင့် လူကြီးမင်းတို့ကိုယ်စား ပြုစုစောင့်ရှောက်ပေးရန်လိုအပ်ပါက "သုခဆည်းဆာ"မှ ဘိုးဘွားများအတွက် ကျန်းမာရေး၊ နေထိုင်ရေးနှင့် အခြားလိုအပ်သည်များအား တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပါသည်။
အမှတ်(၁၂၆)၊ အောင်ဆုပန်လမ်း၊ (၄၀)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
၀၉- ၅၅၀၂၉၄၅၊ ၀၉-၇၉၅၉၈၀၉၈၈၊ ၀၉- ၂၆၀၆၂၇၀၆၂
မှတ်ချက်။ ။အလှူငွေလက်မခံပါ။

**GOLDEN STAR** Travels & Tours
* မန္တလေး-ပြင်ဦးလွင်ခရီးစဉ် Oct-23,27
* ပုဂံ(စွယ်တော်လေးဆူ)-ပုပ္ပါး-ပခုက္ကူ Oct-23,27
* တောင်ကြီး-အင်းလေး(ဖောင်တော်ဦးဘုရားပွဲ) Oct-23,25
ကုမ္ပဏီ၊ အသင်းအဖွဲ့များအတွက် စိတ်ကြိုက်ခရီးစဉ်များကို အထူးနှုန်းဖြင့် စီစဉ်ပေးသည်။
Ph:01-703448, 09-5081580, 09-5064141, 09-5046000

**Yee Fashion Designer Group**
**အခြေခံစက်ချုပ်နှင့်ဒီဇိုင်းပညာဖါနထဝ်တန်း**
ခေတ်မီဝါရင့်စက်ချုပ်နှင့် ဒီဇိုင်းပညာရှင်ကြီးများမှ ဒီဇိုင်းအမြင် ဒီဇိုင်းအသိ ဒီဇိုင်းသိအိုရီတို့ဖြင့် ခေတ်မီသပ်ရပ်လှပသော စတိုင်ကျသည့် အဝတ်အစားများကို ဖန်တီးနိုင်သည့် ပညာရှင် ဒီဇိုင်းနာကောင်းတစ်ယောက်ဖြစ်စေရန် ရည်ရွယ်၍ စာတွေ့လက်တွေ့ အခြေခံစက်နင်းမှစ၍ သင်ကြားပေးမည့် အခြေခံစက်ချုပ်နှင့် ဒီဇိုင်းပညာဖါန သင်တန်းအမှတ်စဉ် (၇)ကို ဖွင့်လှစ်မည်ဖြစ်ပါ၍ တက်ရောက်လိုသူများ (၂၀-၁၀-၂၀၁၅)ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းရမည်ဖြစ်သည်။
လူဦးရေ ကန့်သတ်ထားသည်
ဆက်သွယ်ရန် - Center(1) - အမှတ်(၄၂/B)၊ မြေညီထပ်၊ (၁၁)လမ်း၊ လမ်းမတော်မြို့နယ်။
Center(2) - အမှတ်(၁၀၆) တတိယထပ်၊ လှည်းတန်းလမ်းထိပ်၊ လမ်းမတော်မြို့နယ်။
Ph: 01-228692, 09-73048822, 09-31788338, 09-5193056, 09-799298245






**YWAMA Education Centre**

English Classes(4 Skills)

Native Speakers as teachers
Registration : Oct 14-15
Class begins : Oct 19
Address : Mudita Housing C 127
Phone : 0973145224, 098613748

zci t rnre မြစ်ကြီးနားမြို့၊ အထက(၂)၊ အဋ္ဌမတန်း(B)မှ မောင်ထွယ်လတ်၏ ဖခင်အမည်မှန်မှာ ဦးမလိနော်[၁/ဝမန(နိုင်)ဝ၄၈၃၁၈] ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-မြို့သစ်(က)၊မြေတိုင်းအမှတ်-၂၆၆၊၄၀'×၆၀'၊ မြေကွက်တည်နေရာအမှတ်(၁၉၇)၊က-၃လမ်း၊ မြို့သစ်(က+ခ)ရပ်ကွက်၊အင်းစိန်မြို့နယ်၊ဦးအောင်ကြီးအမည်ပေါက်ပါမစ်ပေးရန်ကျန်မြေအားအမည်ပေါက်ဦးအောင်ကြီး(၁၂/အစန(နိုင်)၁၆၁၃၈၄)ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့်ဝယ်ယူထားသူဒေါ်ယဉ်ယဉ်မေ(၁၂/အစန(နိုင်)၁၆၁၃၈၅)မှ မြေချပါမစ်မူရင်းပျောက်ဆုံးကြောင်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ရဲစခန်းထောက်ခံချက်၊တရားရုံးကျမ်းကျိန်လွှာတင်ပြ၍နှစ်(၆၀) မြေငှားစာချုပ်ဂရန်လျှောက်ထားလာရာဌာနမှ မြေချပါမစ်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**အမြန်ငှားမည်**

ကျောက်မြောင်း၊ နတ်စင်လမ်း၊
အကျယ်၁၂½×၅၀(၃လွှာ)
Hall Type(တိုက်သစ်)
Ph-၀၉-၅၁၂၀၇၄၇၊၀၉-၂၅၄၁၉၁၃၀၄
(ရုံးချိန်အတွင်းသာ)

Hot Line No-0930500100

# မြန်မာ၊ နယူးဇီလန်နှင့် ထိုင်း နိုင်ငံတကာရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၁

မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူး၍ ဦးစိုင်းဇော်ဇော်၊ ဦးဌေးဝင်း H&S Group က စီစဉ်ကျင်းပသည့် မြန်မာ၊ နယူးဇီလန်နှင့် ထိုင်း နိုင်ငံတကာရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာ့ရိုးရာလက်ဝှေ့အားကစားရုံ(သိမ်ဖြူ)၌ ယနေ့မွန်းလွဲ ၂ နာရီက ကျင်းပသည်။

အဆိုပါ နိုင်ငံတကာရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် ပွဲစဉ် ၁၁ ပွဲယှဉ်ပြိုင်ထိုးသတ်ရာ သုံးချီပွဲတစ်ပွဲ၊ လေးချီပွဲ ငါးပွဲနှင့် ငါးချီပွဲငါးပွဲကျင်းပခဲ့သည်။

ပွဲစဉ်နောက်ဆုံးပွဲ၏ ဒုတိယပွဲစဉ်ဖြစ်သော စိုးလင်းဦး(တောင်ကလေး)နှင့် နီဝီဆိုရမ်(ထိုင်း)တို့ ပွဲစဉ်တွင် စိုးလင်းဦးက ပွဲစကတည်းက ညာဝိုက်လက်သီးနှင့် အကဲစမ်းကန်ချက်တို့ကို အဓိကအသုံးပြုခဲ့ပြီး နီဝီဆိုရမ်က ညာခြေကန်လုံးကို အဓိကအားပြုယှဉ်ပြိုင်ခဲ့သည်။ ပထမအချီတွင် စိုးလင်းဦး၏အားပါပြင်းထန်သော ညာဝိုက်လက်သီးကြောင့် နီဝီဆိုရမ်မျက်နှာကိုထိမှန်၍ ပထမအချီ ၂ မိနစ် ၂၆ စက္ကန့်တွင် အနားတောင်းခဲ့ရသည်။ အနားတောင်းပြီး ဆက်လက်ယှဉ်ပြိုင်ထိုးသတ်စဉ် စိုးလင်းဦး၏ ကန်လုံးထိုးလုံး ခေါင်းတိုက်ချက်တွေကို **စာမျက်နှာ ၉ ကော်လံ ၅ သို့**



**ထွန်းထွန်းမင်း(မြန်မာ/မုဒုံ)နှင့် ဒယ်နီရယ်(နယူးဇီလန်)တို့ အကြိတ်အနယ် ယှဉ်ပြိုင်ထိုးသတ်စဉ်။**

## မာတိကာ

**တရုတ်နိုင်ငံ ဟယ်ဖေးမြို့ရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် ဂက်စ်အိုးပေါက်ကွဲ၊ စားသုံးသူ ၁၇ ဦး သေဆုံး**
စာမျက်နှာ - ၄

**မြင်းခြံမြို့ရှိ နည်းပညာကောလိပ် အမိုးမျက်နှာကြက် ပြိုကျပျက်စီးမှုကို အမြန်ပြုပြင်ဆောင်ရွက်သွားမည်**
စာမျက်နှာ - ၉

# ရေထဲမိုးထဲက ကျောက်စရစ်ခဲလေးတွေ

သတင်းဆောင်းပါး
ဇေယျာတု(မကွေး)

ဧရာဝတီမြစ်ကူးတံတား(မလွန်)ပေါ်မှ မြစ်ပြင်သို့ကြည့်လိုက်လျှင် ကုန်တင်သင်္ဘောတွဲကြီးများနှင့် ပူးကပ်ကာ စက်လှေကလေးများမြင်ရလျှင်၊ မြစ်ထဲမှ ကျောက်များကိုစုပ်တင်နေသော အင်ဂျင်စက် ခုတ်မောင်းသံများကို ကြားရလျှင် ဒေသခံများထမင်းဝဝစားနေရသည်ဟု မှတ်ယူ၍ရပေလိမ့်မည်။

နံနက် ၇ နာရီခန့်မှ ညနေ ၅ နာရီထိ ရေထဲမိုးထဲ ကျောက်ပုံးများရွက်ကာ သင်္ဘောကြီးပေါ် တင်နေကြသည့် ထောင်နှင့်ချီသောဘဝများ မြစ်ပြင်ထက်တွင် ရှိနေကြသည်။ တံတားကြီးများ၊ အထပ်များစွာ မြင့်မားသော တိုက်ကြီးများ၊ လှပခိုင်ခံ့သောကွန်ဒိုတိုက်ခန်းများအတွက် အရေးကြီးသော ကျောက်စရစ်ခဲသေးသေးလေးများလည်း သူတို့နှင့်အတူရှိနေကြသည်။

"စက်လှေလုပ်သားက တစ်ရက်ပုံမှန်ငွေ ၈၀၀၀ ရတယ်။ စက်လှေတစ်စင်းမှာ လှေလုပ်သားသုံးယောက်ပါတယ်။ စက်လှေကတော့ နယ်ခံစက်လှေတွေအပြင် အခြားနယ်ပေါင်းစုံကပဲ။ မြင်းခြံ၊ မန္တလေး၊ မုံရွာ၊ ချင်းတွင်းဝ၊ အောက်ဘက်မှာ ဆင်ပေါင်ဝဲမြို့၊ ပြည်၊ သရက်၊ မင်းတုန်း(ကံမ)၊ နယ်အကုန်ပေါင်းလိုက်တော့ စက်လှေအစင်းရေ ၁၇၀ လောက်ရှိတယ်။ ကျောက်လုပ်ငန်းကို မှီခိုနေရတာ လုပ်သား ၁၀၀၀ လောက်ရှိတယ်။ ရာသီဥတုကမကောင်းတော့ လယ်ယာလုပ်ငန်းအပြင် အလုပ်အကိုင်အခွင့်အလမ်းတစ်ခု အနေနဲ့ ကျောက်စရစ်လုပ်ငန်းကို အားထားနေရတာ။ လောလောဆယ်တော့ ဒါလေးတွေနဲ့ စားရတာပဲပြောပါတော့။ ကျောက်ပုံးရွက်၊ ကျောက်သယ်သမားတွေက တစ်နေ့ ကျပ် ၈၀၀၀ နဲ့ ကျပ် ၁၀၀၀၀ ကြားရတယ်။ လုပ်ရတာကတော့ သင်္ဘောတွဲနဲ့စက်လှေနဲ့ ကပ်ထား၊ စုပ်စက်ကထွက်လာတဲ့ ကျောက်ကို ပုံးနဲ့ခံတယ်။ စက်လှေတစ်စင်းကို လူ ၁၂ ဦးလောက်နဲ့ ဆူလည်လေးဖြစ်အောင် မှန်မှန်ချပေးရတယ်။ အလုပ်သမားဘက်ကတစ်ယောက်၊ မော်တော်ဘက်က တစ်ယောက် တာလီတုတ်ချောင်းလေးတွေနဲ့မှတ်ပြီး ငါးဂါလန်ကော်ပုံးနဲ့ တစ်နေ့ပုံးထောင်နဲ့ ချီပြီးတင်ရတယ်။ ဒီလုပ်ငန်းကို မှီခိုစားသောက်နေတာ ရွာ ၁၀ ရွာလောက်ရှိတယ်။ ကိုင်းရွာ၊ ပေတော၊ မကျီးရင်း၊ သပြုတော၊ မင်းရွာ၊ မကျီးကန်၊ ဆိပ်သာ၊ တောင်ဝင်၊ မိကျောင်းရဲ၊ စစ်ကိုးပင် စတဲ့ရွာတွေက တစ်ရွာကိုလူပေါင်း အနည်းဆုံး ၅၀ နဲ့ ၁၀၀ ကြား လုပ်နေကြတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။



မြစ်ကျောက်စရစ်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရခြင်းဖြစ်ပြီး သီလဝါဆိပ်ကမ်းမှ ဘိလပ်မြေ၊ ဆီအစရှိသည့် ကုန်များဖြင့် ဗန်းမော်၊ ကသာ၊ မန္တလေး အစရှိသည့်မြို့များသို့ ကုန်များတင်ပို့ကြသော သင်္ဘောတွဲကြီးများကအပြန်တွင် မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် မလွန်ဒေသကိုင်းရွာအနီး မြစ်ပြင်မှ မြစ်ကျောက်များ တင်ဆောင်ကာ ရန်ကုန်မြို့ ကျောက်ဒိုင်ကြီးများမှ တစ်ဆင့် ဈေးကွက်အတွက် ဖြန့်ချိနေကြသည်။

"ဒီဒေသမှာ ပုံး ၁၈၀ ကို တစ်ကျင်းသတ်မှတ်ပြီးတော့ သင်္ဘောကိုသွင်းဈေး တစ်ကျင်းကျပ် ၁၁၀၀၀ ရတယ်။ သူဌေးတွေက လွှတ်လိုက်တဲ့သူတွေ သင်္ဘောတွေနဲ့လာဝယ်တယ်။ ငွေကတော့ ကျောက်ချပြီးမှပြန်ရှင်းတာ။

ကျောက်ဈေးကတော့သိပ်မကောင်းဘူး။ ၁၅၀၀၀ လောက်တော့ ရသင့်တယ်။ လုပ်ရကိုင်ရတာလည်း **စာမျက်နှာ ၈ ကော်လံ ၂ သို့**




Email themirror.npt@gmail.com
www.facebook.com/themirrordaily